www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်ခြင်းရှင်

ရိုစီ ဂျင်း



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၉၈၀၁၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၄၈၀၁၁၀

ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ရွှန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ● ဦးစော်မင်းအေး (မြ-၀၇၁၂၅)
စော်ပုံနှိပ်တိုက်၊ (၁၃၆)၊ အင်းကြင်းမြိုင်လမ်း၊
(၂၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်။

အဖုံးပုံနှိပ်သူ ● ဦးကျော်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၅၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ -095162031

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅-၈၃

ချစ်မျှားရှင်
ရိုစီကျွင်း/ ချစ်မျှားရှင်။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၀။
(၁၈၀) စာ၊ ၁၃ x ၂၀.၇ စင်တီ။
(၁) ရိုစီကျွင်း


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ရိုစီဂျင်း။ မေဂျာဌာနတစ်ခုတိုင်းတွင် အလှဘုရင်မဟုခေါ်သော Queen တစ်ယောက်စီရှိကြသည်။ တက္ကသိုလ်ကြီးတစ်ခုလုံးတွင် ကွင်းအားလုံးစားရင်းချုပ်သော အနီဖော်ပြရန်ရှိသော ရိုစီဂျင်းကို ာများမှ ခြေတစ်ဖျားမှ ဆံခြည်မျှင်တစ်မျှင်မှ မှီသော ကွင်းမရှိ

ရိုစီဂျင်း။ သာမာန်မိန်းကလေးတစ်ယောက်ပါ။ သို့ပေသော် း သူမ၏ အလှအပသည် တစ်ထောင့်တစ်ညစာပွဲ့ကုန်မည်မဟုတ် သူမ၏ လှပမှုသင်္ကေတက ပုရိသယောက်ျားလေးတိုင်းအား ည်ဝင်းကို ဆုံလည်တပ်ထားလောက်အောင် ဖြစ်ပေါ်စေသည်။ တစ် တစ်ခါ မြင်တွေ့ဖူးသော သူတိုင်းသည် ထပ်မံတွေ့မြင်လိုစိတ် ပွားပေါ်လောက်အောင် ဆွဲဆောင်မှုရှိသူပင်။ မိန်းမသားအချင်း တောင် သူမကို တစ်ကိုယ်လုံးစေ့ရေပတ်လည်ကြည့်ရှုပြီး မိစ္ဆာရိယ တွေ ပွားများမိစေနိုင်သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ပပဝတီကို ချောမောလှပသော်ငြားလည်း ခေတ်မီဖုရားလို အလှမာန်တက် ဂုဏ်ဝင့်သူဖြစ်သည်။ ထို့အပြင် သူမသည် အလှအပတစ်မျိုးတည်း ပြည့်စုံသူမဟုတ်။ အခြားသော ဗဟုသုတ ရှာမှီးမှုနှင့် ခေတ်အမြင်အတွေးအခေါ်လည်း ပြည့်စုံကြွယ်ဝလေသည်။ သူမသည် ကွန်ပျူတာ၊ အင်တာနက်နှင့် လက်နှိပ်စက်အတူးကျွမ်းကျင်သည်။ ဂျူဒိုကရာတေးခါးပတ်အဆင့်တစ်ခုထိ ရထားသည်။ စောင်းနှင့်ပတ္တလား တီးတတ်သည်။ အင်္ဂလိပ်စကားပြော သေသပ်သည်။ စာပေနှင့် ရုပ်ရှင်ဂီတကို ခုံမင်သည်။ အိမ်မှုကိစ္စနိုင်နင်းသည်။ စကားပရိယာယ် ကြွယ်ဝသည်။ အခြားသော ထွေလီကာလီဝါသနာတွေလည်း အသေးအဖွဲမျှ တတ်မြောက်သေးသည်။

သူမ၏ အတူးပြုဘာသာရပ်က ယောကျ်ားထုကကို သူမမာနဖြင့် ကျူံ့းစေတတ်ပြီး ယောကျ်ားတိုင်းကို မယုံကြည်သော အချက်ဖြင့် အနိုင်ပိုင်းတတ်သည်။ သူမကို ချဉ်းကပ်သော သူတို့အား လှလှပပ မှတ်မှတ်ရရ ပညာပေးတတ်သည်။

သူမ၏အဆိပ်သည် ပြင်းပြင်းမဟုတ်ဘဲ ပျော့ပျော့လေးနှင့် ခံရခက်သည်။ သူမတွင် မိန်းကလေးမိတ်ဆွေမရှိသလို ယောကျ်ားလေး အပေါင်းအသင်းလည်းမရှိ။ သိုင်းလောကစကားနဲ့ပြောရမည်ဆိုလျှင် တစ်ကိုယ်တော်သိုင်းသမားဖြစ်မည်။

ကျောင်းတော်ထဲတွင် သူမအား အကြောင်းပြချက် နိုင်လုံစွာဖြင့် အချစ်ကြီးချစ်ခဲ့ကြသော ယောကျ်ားဘသားများ နှလုံးသားချင်းလိမ်ယှက်နေကြသည်။ ကျောင်းထဲတွင် မတော်တဆ ပခုံးချင်းထိတိုက်မိသော ကျောင်းသားနှစ်ဦးသည် ရှိစီဂျင်း၏ ချစ်သူအဖြစ် တစ်ချိန်တစ်ခါက အရူးအမူး စိတ်ကူးယဉ်ခဲ့သူများသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ယောကျ်ားလေးတစ်ယောက်ကို ပညာပေးတဲ့ပြန် ရာတွင် အင်မတန်လက်ယဉ်သည်။ ပိရိသည်။ ကျစ်လျစ်သည်။ သိမ်မွေ့သည်။ လှပနူးညံ့သည်။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ဆိုသကဲ့သို့ ကောင်းပြန်လွင့်လန်သွားသော စွန်ကြိုးပြတ်တွေလို ဖြစ်သွားသော ယောကျ်ားသားတွေ မနည်းတော့ပေ။ ရိုစီကျင်းကို ချစ်ခဲ့ကြသော ယောကျ်ားတွေ သစ်ပင်တစ်ပင်စုပေါင်းပြီး စိုက်ပျိုးခဲ့လျှင် နောက်နှစ်များစွာကြာသောအခါ အမေဇုန်သစ်တောကြီးကဲ့သို့ ဖြစ်လာနိုင်ဖွယ်ရှိသည်ဟု ရက္ခဗေဒမဂ္ဂဇင်းမှ ဆရာတစ်ယောက်က ရွတ်နောက်နောက်ပြောဖူးသည်။

ရိုစီကျင်းသည် မိန်းမပီသသော အင်္ဂါရပ်တို့ စုံလင်စွာရှိသည်။ မိန်းမလေးတစ်ဦးသည် ရုပ်ချောလျှင် ချောရမည်။ မချောလျှင် ယဉ်ယဉ်လေးနဲ့ ချစ်စဖွယ်ကောင်းရမည်။ အဲဒီလိုမဟုတ်လျှင် ဆွဲဆောင်နိုင်သည့် ညှို့ဓာတ်သက်ရောက်မှု ရှိရမည်။ ရိုစီကျင်းတွင် အထက်ပါ အရည်အချင်းများ အကုန်ရှိနေသည်။

ရိုစီကျင်း၏ မျက်ဝန်းတစ်စုံသည် မျက်တောင်ကော့ကော့ကြား တွင် ထူးကဲစွာ လှပပိုင်းစက်နေသည်။ နှာတံလေးသည် သိမ်းငှက် ဖျံမနှုတ်သီးလေးကဲ့သို့ ပျော့ပြောင်းနူးညံ့ချွန်စင်းနေ၏။ နှုတ်ခမ်းလွှာ အစုံကလည်း သေးသေးစုစုလေးနှင့် ပါးပါးလျလျလေး ရှိသည်။ ကျန်ရှိသော အစိတ်အပိုင်းများကို ပြောချေသော် ဝတ္ထုဆုံးသည်အထိ ရောက်သွားချေမည်။

ရိုစီကျင်းသည် လွန်စွာမှ အရောင်ထွက်လှသော ပတ္တမြားခဲ လေးဖြစ်သည်။ ကျောင်းသားကျောင်းသူတိုင်းတင်မက ဆရာ ဆရာမ များပါးစပ်ဖျားတွင် အထူးတလည် ရေပန်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် လူတကာ၏ အိပ်မက်ထဲတွင် အမြဲတမ်းစိုးမိုးထား၏။ လူတကာ၏ နှုတ်ထွက်စကားတိုင်းတွင် အမြဲတမ်းချီးကျူးခံရသူလည်းဖြစ်၏။

သူမအား အကောင်းဘက်တွင် အမြင်ခံရသလိုရှိသော်လည်း အဆိုးဘက်မှ မြင်သူများလည်း ရှိတတ်သည်။

သူမသည် အသည်းစားဘီလူးမ။ သူမသည် ဘဝင်မြင့်နေသော မိန်းမ။ အတ္တဝါဒီ မိန်းမသား။ မာနကြီးမင်းသမီး။

သူမသည် မည်သူ့ကိုမျှ မကောင်းမပြောတတ်။ အဆိုးမမြင်တတ်။ လောကသဘာဝသဘောတရားကို ရှုမြင်သုံးသပ်နိုင်သူတစ်ဦးလည်း ဖြစ်သည်။

ကောင်းကွက်နှင့် ဆိုးကွက်ယှဉ်ကြည့်လျှင် သူမ၏ ကောင်းကွက်သည် အမြဲတမ်း မဲအသာစီးရထားသည်။

သူမနှင့်စကားလေးသုံးခွန်းမျှပြောဖူးသူသည် ကိုယ့်ကိုယ်ကိုယ် နှစ်ပြည်ထောင်အရေး ဆွေးနွေးရမည့်သံတမန်တော်ကဲ့သို့ ပုံကြွားနိုင်သည်။

သူမနှင့်တစ်ပိုင်းတည်းထိုင်၍ ရေနွေးသောက်ခွင့်ကြုံသောသူသည် ကုလသမဂ္ဂညီလာခံကို တက်ရောက်ခွင့်ရသော သူကဲ့သို့ ဂုဏ်ယူနိုင်သည်။

သူမနှင့်အတူတူသွားလာနေရသော အခွင့်ရသူသည် ကမ္ဘာကနေ လကမ္ဘာသို့ စရိတ်ငြိမ်းရေစီးအစုံပို့ပေးပါမည်ဆိုတာတောင် သွားတော့မည် မဟုတ်ပေ။

သို့သော် အဲဒီလောက်ထိ မည်သည့် ယောကျ်ားသားမှ အခွင့်ထူးအခွင့်လမ်းတွေ မရခဲ့ကြပေ။ ပဲရစ်မြှော်စင်ကို စိတ်ကူးယဉ်သော

www.burmeseclassic.com

www.burmeseclassic.com



ဒီးကောင်းစေခွင့်သမားလို ကျည်ဆံရထားကို စိတ်ကူးယဉ်သော ခိုက်ထားဆရာလို ချူကာလီယားတီထွင်ဖို့ စိတ်ကူးယဉ်သော အင်္ဂါရစ်သမားတို့ ပေးလွှန်းလှပေသည်။

သူမ၏ ပရိယာယ်တိုက်ကွက်နှင့် မာယာထိုးစစ်အောက်မှာ ပြားပြားမှောက် မရှုမလှ အတုန်းအရုန်း ကိစ္စတုန်းခဲ့သော သူတွေချည်းသင်။

သူမသည် သူမလက်ချက်နှင့် ကျဆုံးသွားသော ယောက်ျားတစ်ယောက်ကို ကွန်ပျူတာစာစီ၍ ပြန်တမ်းထုတ်တတ်သည်။ ဥပမာ ကျဆုံးသွားသောသူသည် သမိုင်းမေဂျာကဖြစ်လျှင် သမိုင်းတစ်ဆောင်လုံး ကြေငြာပြီးသားဖြစ်သွားသည်။ အဆိုပါကျောင်းသားအား နစ်နာကြေကွဲအောင် သူမ မလုပ်။ ပေါ့ပေါ့ပါးပါးနှင့် ထင်ကျန်ရစ်အောင်သာ လုပ်တတ်သည်။

တစ်ကျောင်းလုံးတွင် ရှိစီဂျင်းနှင့်ပတ်သက်ပြီး သိုင်းလောကဝိုဏ်းချုပ်ရွေးပွဲလို အဆင့်ဆင့်တက်လှမ်းရသည်။

ရှိစီဂျင်း ဘယ်ခြေလှမ်းနဲ့ ဘယ်သူကို တုံ့ပြန်လိုက်သလဲဆိုသည်ကို မှတ်တမ်းတင်ထားသူတွေရှိသလို ရှိစီဂျင်း ဘိုင်အိုဂရပ်ဖီတို့ သုတေသနပြုနေသူတွေလည်းရှိသည်။ အားလုံးသည် ရှိစီဂျင်းတို့ နေ့စဉ်ဖြစ်ပေါ်နေသော ကမ္ဘာ့အရေးတွေထက် စိတ်ဝင်စားကြသည်။

ပြောင်ချော်ချော်ကျောင်းသားတွေကလည်း ရှိစီဂျင်းနှင့်ပတ်သက်ပြီး မှတ်မှတ်ရရလေးတွေ လုပ်ခဲ့ကြသေးသည်။

၁။ ရှိစီဂျင်းနှင့် စကားပြောခွင့်ရသော သူ (သို့) မေးလျှောက်ခွင့်ရသောသူသည် Level 1 ကိုအောင်သည်။

www.burmeseclassic.com



၂။ ရှိစိဂျင်းနှင့်တစ်ပိုင်းတည်း သီးသန့်ထိုင်၍ လက်ဖက်ရည်သောက်ခွင့်ရသူသည် Level 2 ကိုအောင်သည်။

၃။ ရှိစိဂျင်းနှင့်တစ်ပတ်လျှင် ငါးရက်ခန့် တပူးပူးတတွဲတွဲ တွေ့ရသောသူသည် Level 3 ကိုအောင်သည်။

၄။ ရှိစိဂျင်းဆီမှ ပြန်တမ်းမထုတ်မချင်း သေဖို့စောင့်နေသောသူသည် Level 4 ကိုအောင်သည်။

၅။ အကယ်၍ သင်သည် ဂံကောင်းထောက်မစွာ ရှိစိဂျင်း၏ အချစ်ကို ရရှိသွားသောသူဖြစ်ပါက ကျန်ရှိသော Level များကိုကျော်လွန်သွားရုံသာမက ကမ္ဘာ့ရင်းနှစ်ရှိ မှတ်တမ်းဝင်ဖြစ်သွားကြောင်း သင့်ကိုယ်သင် အသိအမှတ်ပြုပါလေ။

ကျောင်းနံရံမှာကပ်ထားသော အနီပြောင်ချော်ချော်စာ ရှိစိဂျင်း ကိုယ်တိုင်သဘောကျ၍ အဆိုပါဒဿနိကဗေဒမှ ကျောင်းသားတစ်စုအား အင်းလျားကန်စောင်းဆိုင်တွင် ရှမ်းခေါက်ဆွဲဝယ်ကျွေးလေသည်။

တကယ်အမှန်သည် ရှိစိဂျင်းက သူတို့အား စိတ်ဆိုးရမည် ဖြစ်သော်လည်း စိတ်မဆိုးသည့်အပြင် မုန့်တွေပါ ဝယ်ကျွေးသဖြင့် ကျန်သော ကျောင်းသားကျောင်းသူအပေါင်းတို့ အံ့ဩဘနန်း အထွေ အဆန်းတွေ ဖြစ်ကုန်ကြလေသည်။

ရှိစိဂျင်း။ သူမ၏စိတ်ဓာတ်ကို နားလည်ရခက်ချေသည်ဟု ရူပဗေဒဆရာတစ်ဦးက ပြောဖူးသည်။

"ရှိစိဂျင်းက သူ့ဆီအလင်းယိုင်လာရင် အလင်းပြန်တယ်။ အဲဒီအလင်းက မထင်မှတ်ရင် မျက်စိကိုစူးတတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမျိုးရှိတတ်သော ရှိစီဂျင်း။

သူ့မနာမည် ဖြစ်တည်ပုံကလည်း မထူးဆန်းပါ။

နာမည်အရင်းသည် ဘိုဆန်ဆန်ရှိစီ ဖြစ်ပေသည်။ နှင်းဆီတွေ များစွာသော စာတ်လမ်းတွေထဲတွင် ထူထပ်နေအောင် ရှိသည်။ ဆူး တွေကာရန်ထားတဲ့ နှင်းဆီပန်းကို စာထဲတွင် တစ်မျိုး၊ ကဗျာထဲတွင် တစ်ဘာသာ၊ သီချင်းထဲတွင် တစ်ဖုံ စသဖြင့် အမျိုးမျိုးတင်စားခေါ်ဝေါ် ဖွဲ့နွဲ့ခဲ့ကြသည်။ နှင်းဆီနှင့်ပတ်သက်ပြီး ဂန္တဝင်မြောက် အချစ်စာတ် လမ်းတွေ သံယောဇဉ်မေတ္တာတွဲ့တွေ ဖြစ်ပေါ်ခဲ့သည်မှာ အထောက် အထား နိုင်လုံစွာဖြင့် တွေ့ရှိရခဲ့သည်။

(အကျယ်ချဲ့ရင် နှင်းဆီဒိုကာ ဖြစ်သွားနိုင်သည်။)

သို့သော် ရှိစီကို နောက်မှ အဘယ်ကဲ့သို့ ရည်ရွယ်ချက်ဖြင့် ဂျင်းကို တတ်ရသလဲ။

ဂျင်းဆိုတာ ဆေးဖက်ဝင်အမြစ်တစ်မျိုး။ ဟင်းခတ်အမွေး အကြိုင်တစ်မျိုး။

ရှိစီဆိုတာနှင့် ဘယ်လိုမှ မလိုက်ဖက်သော ဂျင်း။

အဓိပ္ပာယ်ဖွင့်ဆိုပြပေအံ့။

ဟင်းတွင် ဂျင်းသည် သင့်တော်ရုံမျှ ထည့်လျှင် ဆေးဖက် လည်းဝင်၊ ခတွင်းလည် တွေ့စေသည်။ ဂျင်းများသွားသောအခါ ဟင်းအရသာသည် ပူထူထူဖြစ်သွားစေ၏။

ထို့အတူ ရှိစီသည်လည်း လိုတာထက်ပို၍ သွားချဉ်းကပ်သော အခါ သူ့မဘက်မှတုံ့ပြန်မှုသည် ပူထူထူဖြစ်စေ၏။

နောက်တစ်မျိုးအဓိပ္ပာယ်ဖွင့်သော် ဂျင်းစိမ်းနှင့်မိဿလင် သူ ကြင်မှုကိုယ်ကြင် စကားပုံအတိုင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ဂျင်းစိမ်းဟု တင်စားခံရသော ရှိစီကို ကြွင်ချင်တိုင်း ကြွင်ချင်လို့ ရပါ့မလား။

အခုခေတ်ပေါ် ဖန်းစကားက ရှိသေးသည်။

ဂျင်းထည့်တယ် ဆိုလား။ အဲဒါလည်း ရှိစီနောက်မှာ တွဲကပ်ထားသော ဂျင်း၏ အဓိပ္ပာယ်တစ်မျိုးပင်။

ထို့ကြောင့် သူမ၏ နာမည်က တစ်ကျောင်းလုံးတွင် ရှိစီဂျင်းဟု အမည်တွင်ခဲ့လေသည်။ မြန်မာစာကျောင်းသားတွေက စာစပ်ထားသေးသည်။

*ကျောင်းတော်ထဲမှာ ကွင်းစုံ*
*မယွင်းပုံသင့်တော်ရာတန်းမှာ*
*မောင်ရင်ရာမှန်းပါဘိ*
*နောက်သလိုလို ခြေချော်တိုး*
*ဝိုးမယ်လျှို့ကြဲ*
*ကြိုက်မည်မှန် ဒီရှယ်ကွင်းကိုလ*
*နွယ်ရင်းနဲ့တွေ့မကြောင်းနဲ့*
*မေမောင်တို့သတိကိုချုပ်ပါတော့*
*အသိမှတ် အဆိုတွေကွင်းရအောင်*
*ရှိစီဂျင်းအလှပကေးလေးကိုလ*
*ဘဝမတွေးဘဲ ခဏသာဝေးကြပါလို့*
*အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါ၏။*

□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ကင်တင်းရောက်တော့ ရဲခေါင်လှိုင်နှင့်နေသူသာ ရှိသေးသည်။ ရဲခေါင်လှိုင်က လက်ဖက်ရည်ချိုပေါ့တစ်ခွက်ကို တစ်ငုံသာ သောက်ပြီး၍ နေသူက စမူဆာတစ်ခြမ်းစားပြီး ကျန်တစ်ခြမ်းကို အချဉ်ရည်တို့နေ၏။ ကျွန်တော်ရောက်တော့ ပလိန်းတစ်ခွက် မှာလိုက်သည်။

'ဟော့ကောင်တွေ ငါတို့အဆောင်မှာ ပြဿနာပေါ်နေတယ်ဟေ့'

'ဟော... ဘာဖြစ်လို့လဲ၊ အဆောင်မှာ နောက်မီးလင်းနေလို့လား၊ ပြန်ပိတ်ထားလိုက်ရင်ရပါတယ်'

နေသူက ပစိပစပ်များပြီး ဟောင်ဖွာဟောင်ဖွာနိုင်သူပီပီ ဝင်ပြောသည်။

'နေစမ်းပါဦး နေသူရာ၊ ဟိုကောင်ပြောတာကို နားထောင်ဦး'

ရဲခေါင်လှိုင်က သောက်လက်စလက်ဖက်ရည်ခွက်ကို ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်ရမှာလဲ၊ ငါတို့အဆောင်ကို ရိုစီဂျင်းဆီက ချိတ်ပိတ်စာတစ်စောင် ရောက်လာတယ်'

'ဟော…'

'ဟာ… ဘယ်သူ ဒိုင်လ္လျိုနဲ့ သွားလိုက်လဲမသိဘူး ဖွပြီ'

နေသူက မျက်ကလူးဆန်ပြာနှင့် ပြောသည်။

'တစ်ကောင်ကောင် သွားစပြီ ထင်တယ်၊ မရမဲ့အတူတူ သိက္ခာအကျခံပြီး ဒီရိုစီဂျင်းကိုမှ သွားကြိုက်ရတယ်လို့'

ရဲခေါင်လှိုင်က ဝေဖန်သည်။ ကျွန်တော်က…

'မင်းတို့က သတ္တိခဲသူရဲကောင်းကို ဘယ်သူထင်လို့လဲ'

'မင်းလား'

'ဖွဟဲ့ လွဲပါစေ၊ ရိုစီဂျင်းကို လန့်လွန်းလို့ ဂျင်းသုပ်တောင် မစားတာ ကြာပြီ'

'ဘာမှလည်း မဆိုင်ဘူး၊ မင်းလိုမှန်ကြောင်ကို ရိုစီဂျင်းက သဘောမကျဘူး'

နေသူက အရေးထဲ ကျွန်တော်ပြောတာကို တွက်ပြီး ဗေး ရောက်သွားသေးသည်။

'ဘယ်သူ ဗေးစာခံဖြစ်သွားလဲ'

'ဘယ်သူ ရှိရမှာလဲ၊ ငါတို့ဘော်ဒါကြီး ကိုဇော်လင်းအောင် ပေါ့'

'ဘာ… ဒီကောင်က ရိုစီဂျင်းကို၊ ထို့… အမဲရိုး ဟင်းအိုးမှ အားမရ၊ ဒီကောင့်ရုပ်ရည်နဲ့ ဥစ္စာစောင့်မကို သွားကြိုက်တဲ့ တာတေ ကြီးလို ဖြစ်နေမှာ'

ရဲခေါင်လှိုင်က ရွှေဘိုသားပီပီ ဥပမာတွေပေးသည်။ ဇော်

www.burmeseclassic.com

www.burmeseclassic.com



လင်းအောင်ဆိုတာက သူတို့အဖွဲ့ထဲတွင် အသက်အကြီးဆုံးကျောင်းသားဟောင်းကြီး။ မခုတ်တတ်တဲ့ကြောင်လိုနေသူ။ မ,ကိစ္စဆိုလျှင် စိတ်မဝင်စားသူ။ အခု ရိုစီကျင်းရဲ့ မာယာပရိယာယ်အောက်မှာ အကွက်ပျောက်ပြီး ချိတ်ပိတ်စာရောက်နေပါပေါ့။

"ဒီလူကြီးကွာ၊ ကြိုက်စရာရှားလို့၊ ဒီနာမည်ကြီးနေတဲ့ ရိုစီကျင်းကိုမှ သွားကြိုက်ရတယ်လို့၊ ဒီကောင့်အဖြစ်က သိုင်းကျမ်းစာရွက်လေးသုံးရွက်လောက်ကို လေ့ကျင့်ပြီး ရှောင်လင်ဂိုဏ်းကို သွား စိန်ခေါ်သလို ဖြစ်နေပြီ"

"အခု ရှက်လွန်းလို့ အင်းလျားကန်ထဲ ခုန်ချနေပြီလား မသိဘူး"

နေသူက စိုးရိမ်စွာ ပြောသည်။ တကယ်တော့ စိုးရိမ်တာလည်း မဟုတ်။

"ချိတ်ပိတ်စာရောက်တာဆိုတော့ အခြေအနေမကောင်းဘူးပေါ့"

"ကျိန်းသေတာပေါ့ကွ၊ အဆောင်မှူးကတော့ ဖွင့်ဖောက်မဖတ်ဘူး၊ ဖဲဒီလူကြီးက ပျောက်နေတာ"

ကျွန်တော်က အလောတကော ပြောလိုက်သည်။

နေသူက...

"ဒါဆိုရင် မဖြစ်ဘူး၊ ဒီလူကြီးကို လိုက်ရှာမှဖြစ်မယ်၊ တော်ကြာ တစ်ခုခုဖြစ်သွားရင် ငါတို့အဆောင် သိက္ခာကျတယ်"

ကျွန်တော်တို့လည်း လက်ဖက်ရည်ဖိုးရှင်းပြီး ကျောင်းတော်တစ်ပိုက်နှင့် အင်းလျားကန်စောင်းတွင် ကိုဇော်လင်းအောင်အား ရှာဖွေကြတော့သည်။ ပျောက်ခြင်းမလှ ပျောက်နေတာတော့ကျိန်းသေသည်။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းလန်းစိုပြည်ဥယျာဉ်ထဲ ဝင်ရှာတော့ ကန်စပ်တွင် ငူငူလေးထိုင်နေသော ကိုဇော်လင်းအောင်ကို တွေ့လိုက်ရသည်။

'ဟာ… ဟိုမှာ'

ကျွန်တော်တို့သုံးယောက် သူ့အနားကပ်သွားရာ ကိုဇော်လင်းအောင်မှာ ကျွန်တော်တို့ကို တစ်ချက်လှည့်ကြည့်ပြီး ဘာသိဘာသာနေပြန်သည်။

'ကိုဇော်… ကြားရတာ မကောင်းလှပါလား၊ ခင်ဗျားဆီကို ရှိစီဂျင်း ပို့လိုက်တဲ့ ချိတ်ပိတ်စာရောက်နေပြီ၊ ခင်ဗျား ဘာတွေသွားလုပ်ခဲ့လဲ'

'ချစ်လွန်းလို့ ဖြစ်သွားတာပါကွာ'

ကိုဇော်လင်းအောင်က တုံးတိတိပြန်ဖြေသည်။

'ရှိစီဂျင်းကို ခင်ဗျားအစကတည်းက ကြိုတင်ရင်ခုန်ချစ်နေတာပေါ့'

'ဟုတ်ပါတယ်၊ သူ့မှာ ချစ်ရသူတွေ ဝိုင်းဝိုင်းလည်နေတော့ ငါ့မှာ အဝေးကနေ မျှော်ခွေးရတဲ့ဒုက္ခနဲ့ပဲ တင်းတိမ်ရောင့်ရဲနေရတာ၊ ငါလည်း ကြာလာတော့ ချစ်စိတ်တွေ မထိန်းနိုင်တော့ဘဲ ရှိစီဂျင်းကို ရရှိဖို့ မင်းတို့ကို မတိုင်ပင်ဘဲ တစ်ယောက်တည်းကြိတ်လှုပ်ရှားခဲ့တာပေါ့၊ အဆင်ပြေခါနီးမှ မထင်မှတ်ဘဲ ဖြတ်ရိုက်ချခံလိုက်ရတယ်'

'ဘယ်လိုတွေဖြစ်ရတာလဲဗျာ'

ရဲခေါင်လှိုင်က ပါးစပ်အဟောင်းသားနဲ့ မေးသည်။ သုံးယောက်စလုံး သိချင်စိတ်တွေနဲ့။ ကိုဇော်လင်းအောင်က ဝမ်းနည်းစိတ်နဲ့ပဲ အစအဆုံးရှင်းပြလေသည်။

'ငါ ရှိစီဂျင်း အတန်းရှေ့ တစ်နေ့ကို နှစ်ခါလောက်သွားသွား

www.burmeseclassic.com

www.burmeseclassic.com



မိတယ်၊ ရှိစီဂျင်းကို တစ်ယောက်တည်းတွေ့ရတဲ့အချိန် မတွေ့ဘူး၊ သေးမှာ အနည်းဆုံး ကြောင်တွေရှိနေတယ်၊ ရှိစီဂျင်းကတော့ မြွေတွေအလယ်မှာ ရောက်နေတဲ့ ခြသေ့မလေးလို အေးဆေးပဲ၊ ဖြစ်ချင်တော့ ရှိစီဂျင်း ငါ့ဘက်ကို ကျွံထွက်လာတယ်'

'ဘယ်လို ကျွံထွက်လာတာလဲ'

'ကျောင်းစာအုပ်တွေများတော့ ရှိစီဂျင်း လက်ထဲက လွတ်ကျသွားတယ်၊ ငါလည်း ဘယ်ရမလဲ၊ ဆည်ဝကစောင့်နေတဲ့ ဖျိုင်းလိုပြေးကူညီတော့တာပဲ၊ အဲဒါနဲ့ပဲ မျက်မှန်းတန်းခင်မင်မှုရသွားတယ်၊ နောက်နေ့ ရှိစီဂျင်းက ငါ့ကိုတွေ့တော့ ပြုံးပြုံးပြတယ်၊ ငါလည်း အပိုင်တွက်လိုက်ပြီပေါ့'

'ခင်ဗျားက အခွင့်အရေးကို နင်းတက်မယ့်သူပဲ'

နေသူက ပေါ်ပေါ်တင်တင်ကြီး ဝေဖန်သည်။

'ရှိစီဂျင်းက ခင်ဗျားကို ဘယ်လိုကျွေးလိုက်သလဲ'

နေသူက လက်ဟန်ခြေဟန်နဲ့ ပြောသည်။

'ကံကြမ္မာကိုက မကောင်းတာကွာ'

'ဒါဆို ရှိစီဂျင်းက ကောင်းတာပေါ့'

'သူလည်း မကောင်းဘူး'

'ခင်ဗျားဟာကလည်း တစ်ခုမှမကောင်းဘူး'

'ငါ့ဇာတ်လမ်းကလည်း ကောင်းကို မကောင်းဘူး'

'မကောင်းတာတွေကို တန်းစီပြောပြပါဦး'

*

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်လင်းအောင်တစ်ယောက် ရီစီဂျင်းနှင့် မျက်မှန်းတန်းမိပြီး တွေ့တိုင်းသွားတိုက်ဆေးကြော်ငြာ ပြနေတာ ကြာပြီ။ ရီစီဂျင်းသူ့အပေါ် စိတ်လိုလက်ရ ဖြစ်ခြင်းကို နှုတ်လက်နက်ထုတ်မဲ့ ပရိုဂရမ်ကို စောင့်နေသော သမ္မတတစ်ယောက်လိုဖြစ်နေပြီ။ ကိုဇော်လင်းအောင်က ရီစီဂျင်းဆီက ခင်မင်မှုကိုလည်း အရမ်းတောင့်တသည်။

တစ်နေ့ အင်းလျားကန်ဘောင်တွင် ရီစီဂျင်းနှင့် သွားဆုံလေ၏။ ဖြစ်ချင်တော့ ရီစီဂျင်းဘေးတွင် အခြားသဏ္ဍာဝါများ မရှိ။ သူမလက်ထဲတွင် ဖရဲသီးကြီးနှစ်လုံးနှင့် မနိုင်မနင်းဖြစ်နေသည်။ ကိုဇော်လင်းအောင် ရေကန်အသင့်ကြာအသင့် ဖြစ်သွား၏။ အရင်မျက်မှန်းတန်းဖူးသော အရှိန်ဖြင့်…

'ရီစီ… ဘယ်သွားမလို့လဲ'

'ဩော်… ဟိုအစ်ကိုပါလား၊ အိမ်အတွက် ဖရဲသီးနှစ်လုံးဝယ်လာတာလေ'

'နေပူလိုက်တာ ရီစီရယ်၊ ဟိုလေ ကျွန်တော်နဲ့ တစ်ခုခုလိုက်သောက်ပါလား'

'ဘီယာသောက်ချင်တယ်၊ တိုက်မလား'

'ဟာ… ရီစီကလည်း ပေါက်ပေါက်ရှာရှာ'

'အလကားပြောတာပါ၊ ရီစီလည်း အအေးသောက်ချင်တာနဲ့အတော်ပဲ'

ကိုဇော်လင်းအောင် အထူးဝမ်းသာသွားသည်။ ဒီလိုအခွင့်အရေးမျိုးရရှိခြင်းသည် ကုလသမဂ္ဂညီလာခံတက်ရသည်ထက် တန်ဖိုးရှိပေရဲ့။

လွတ်တဲ့ငါးကြီးနေမှာမို့ ရရှိသောအခွင့်ကို ထိုက်တန်သလို

www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်ဆန်ဆန်အသုံးချခြင်းသည် အကျိုးအမြတ်ကောင်းကောင်း ရရှိပေလိမ့်မည်။

'ရိုစီ... ခုလို ရိုစီနဲ့ခင်မင်ခွင့်ရတာ ကျေးဇူးတင်ပါတယ်'

'ဟာ... တကယ်ဆို ရှင် ဒီစကားမျိုး ရိုစီကို မပြောသင့်ဘူး'

ကိုဇော်လင်းအောင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ဟုတ်တယ်လေ၊ ရှင်က ရိုစီနဲ့ ခင်မင်တာထက် ရိုစီရဲ့အချစ်ကို လိုချင်နေတဲ့သူ ဖြစ်နေတယ် မဟုတ်လား'

'ဟုတ်ပါတယ် ရိုစီ၊ ကိုယ် မင်းကို တကယ်ချစ်မိနေပါတယ်၊ ကိုယ့်ဘဝမှာ ဘယ်မိန်းကလေးနဲ့မှ ရင်မခုန်ခဲ့ပါဘူး'

'တော်တော်များများ ဒီစကားမျိုးပြောကြတာပဲ၊ ရိုစီကလည်း အရုပ်ကောင် ရုပ်ဆောင်နေတဲ့ခန္ဓာကိုယ်နဲ့လူသားပဲ၊ ဒီအရေပြားတွေကို ခွာထုတ်လိုက်ရင် ရှင်မပြောနဲ့ ရုပ်ဆိုးတဲ့သူတောင် သဘောတွေ့မှာ မဟုတ်ဘူး၊ တစ်ခါတလေကျရင် ရိုစီ စဉ်းစားတယ်၊ ကိုယ့်ကိုယ်ကိုယ် ရုပ်ဆိုးအောင် လုပ်ပစ်ချင်တယ်၊ ချောတော့ လှတော့ ရှင်တို့ကို လက်ခံပြီး စကားပြောနေရတယ်'

'အဲဒီလိုလည်း မထင်ပါနဲ့ ရိုစီရယ်၊ ကျွန်တော်ချစ်တာဟာ ရိုစီအလှအပထက် ရိုစီ စိတ်ဓာတ်ကို ပိုချစ်တာပါ'

'ဟွန်း... ရှင့်စကားကလည်း Foul လှချေလား၊ ရိုစီစိတ်ဓာတ်ကို ရှင် မြင်ဖူးလို့လား၊ ဒါဆို ရှင်က ရိုစီကို မလှဘူးပြောတာနဲ့ အတူတူပဲ၊ မိန်းကလေးတစ်ယောက်ကို ရှင်းရှင်းဘွင်းဘွင်းနဲ့ မလှဘူးလို့ သွားပြောကြည့်၊ ရှင့်ကို ဘယ်သူမှ စိတ်ဝင်စားမှာမဟုတ်ဘူး'

ကိုဇော်လင်းအောင် သူ့စကားနဲ့သူ ချောင်ပိတ်ခံရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရိစီကျွင်းရဲ့ စကားပရိယာယ်အတိမ်အနက်ကို ချိန်စက်၍ မရနိုင်ပေ။

'ထားပေါတော့ အပိုတွေ၊ ရှင် ရိစီကို တကယ်ချစ်တယ်ဆိုရင် ရိစီ စိတ်ကျေနပ်အောင် တစ်ခုခုတော့ စွမ်းဆောင်ပေးရမယ်'

ကိုဇော်လင်းအောင် သူ့ကိုယ်သူ ဂရိတ်မဟာအလက်ဇန်းဒြားမှတ်နေရှာသလား။

'လွယ်လွယ်လေးပဲ နိုင်းမှာပါ၊ ညောင်ဦးဖီးလို အင်းလျားကန် ဟိုဘက်ဒီဘက် ကူးပြနိုင်မလား'

'ခင်ဗျာ'

'မလန့်ပါနဲ့၊ ရှင့်လည်း ရိစီ မလုပ်ခိုင်းပါဘူး၊ ထရိတ်ဒါးအပေါ်ထပ်ကနေ ခုန်ချလည်းမပြခိုင်းဘူး၊ ရန်ကုန်မြို့ကိုလည်း တစ်ပတ်မပြေးခိုင်းဘူး၊ ရိစီ အခု ဇေဒင်ကိန်းခန်းအရ ယတြာချေရမယ်၊ ဒီဖရဲသီးနှစ်လုံးကို ကိုယ်ဝန်ဆောင်သည်တစ်ယောက်နဲ့ စိတ်ဝေဒနာရှင်တစ်ယောက်ကို ပေးရမယ်၊ အဲဒါ ရိစီ မပေးချင်လို့ အင်္ဂါသားတစ်ယောက်ကို အကူအညီတောင်းရမှာ၊ အတော်ပဲ၊ ရှင်က နေ့နံမသင့်ရင်တော့ မတတ်နိုင်ဘူး၊ နောက်တစ်ယောက် ရှာရမှာပဲ'

ဇော်လင်းအောင်က အင်္ဂါသားမဟုတ်ဘဲ ဗုဒ္ဓဟူးသား ဖြစ်နေသော်လည်း ရိစီကျွင်း တောင်းမယ့်အကူအညီ လွတ်မှာစိုး၍ ဖျာပျာသလဲ အင်္ဂါလိုက်ရသည်။

'ဟာ… အတော်ပဲ၊ ကျွန်တော် အင်္ဂါသားအစစ်ပါ'

'ကဲ… ကိုဇော်လင်းအောင် ဒီကန်စောင်းမှာ ကိုယ်ဝန်ဆောင်သည်တော့ ရှာတွေ့မှာမဟုတ်ဘူး၊ စိတ်ဝေဒနာရှင်ကလည်း ရှိမှာမဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ရိုစီဂျင်းက စိတ်ပျက်သော လေသံလေးနှင့်ပြောသည်။ ကြောင်လွှန်းသော ဇော်လင်းအောင်က သူ့ရဲကောင်းဟန်ပန်ဖြင့် စားပွဲထိုးကို တစ်ချက်ခေါ်ကာ…

'ညီလေး ဒီနားမှာ အရှုးတွေဘာတွေ ရှိလား'

'ဗျာ… အရှုး ဟုတ်လား'

စားပွဲထိုးလေးက အူတူတူနဲ့ ခေါင်းကုတ်သည်။

'အရှုး… တစ်ခါတလေတော့ အရှုးခေါ်ကြီး လာတတ်တယ်၊ ဟော… အတော်ပဲ၊ ပြောရင်းဆိုရင်း အရှုးခေါ်ကြီး ဟိုမှာလာနေပြီ'

ကိုဇော်လင်းအောင် လှမ်းကြည့်လိုက်ရာ အရှုးဖက်ရှင်အသွင်နဲ့ အရှုးတစ်ယောက်ကို တွေ့လိုက်ရသည်။ ကက်ဆက်အစုတ်ကြီးတစ်လုံးနှင့် ခါးကလေးလှုပ်ပြီး လမ်းလျှောက်နေသည်။ ကိုဇော်လင်းအောင်က ချက်ချင်းပင် အချစ်ဓာအဟုန်ဖြင့် ရိုစီဂျင်းဆီမှ ဖရဲသီးတစ်လုံးကိုယူကာ အရှုးခေါ်ကြီးဆီ ပြေးသွားသည်။

အရှုးနဲ့မဆက်ဆံဖူးတဲ့သူမို့ သွားရမှာ အိုးတိုးအန်းတမ်းဖြစ်နေရဲ့။ ဖရဲသီးကလည်း အတော်အသင့်ကြီးသဖြင့် လက်ထဲမှ မလွတ်ကျအောင် ပွေ့ပိုက်ထားရသည်။ အရှုးခေါ်ကြီးကတော့ စိတ်ငြိမ်သေးတဲ့ အချိန်မို့ အေးအေးလူလူရှိနေရဲ့။ ကိုဇော်လင်းအောင် မရဲတရဲဖြင့်…

'အစ်ကို… ဟိုလေ ဖရဲသီးလက်ဆောင်ပေးချင်လို့'

အရှုးခေါ်ကြီးက ဇော်လင်းအောင်ကို မသက်သာသလို ပုံစံနဲ့ တစ်ချက်လှည့်ကြည့်သည်။

'ဟဲ့အကောင်၊ နင့်ဘဲငနိုးက ရွှေဥတစ်နေ့တစ်လုံးဥပေးတာ အားမရလို့ ငနိုးကိုသတ် ရွှေဥကြီးကို ထုတ်လာတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါ၊ အာ··· ဟုတ်ပေါင်'

'မောင်မင်း ဆရာအာခံလို့ အာခေါင်လုံ့စူးချင်ပြီထင်တယ်၊ ဟင်း··· ဟင်း··· ဘူးသီးသီးမှ ကြက်သားလာမရောနဲ့၊ မောင်မင်းတို့က ခြေနှိမ့်ရာ ခေါ်လီပစ်ချင်တာကိုး၊ လက်ဖက်ကောင်းစားချင်ရင် ဗူးနှုန်ခြောက်နိုင်နိုင်ထည့်ရတယ်၊ ခုတော့ ကျွန်းတုံးကြောင်လျှောက်ချိန် လွှမ်းတုန်းမောင်ရောက်လာသပေါ့၊ ဟေ့··· ဘာတဲ့တုန်း လစဉ်ကြေးပိလို့သာ ခင့်မျက်နှာလေးပါ၊ နလောင်ဒဏ်လို မွဲပြာမောင့်မျက်နှာပါ၊ ဓဂ်လာဦးမှသာ ခုတင်တစ်ခုစင်တစ်ခုယိုင်အောင်သာ ဟဲ့'

အရွှေးပြောစကား ပရမ်းပတာမှန်လှချေလား။ အရွှေးက ခော်လင်းအောင်ပေးတဲ့ ဖရဲသီးကြီးကို ဘေးချကာ ကနေသည်။ ခော်လင်းအောင် စိတ်လက်ပေါ့ပါးစွာဖြင့် အရွှေးကို ကျောပေးကာ ပြန်အထွက် ထင်မှတ်သော အဖြစ်တစ်ခုဖြစ်သွားသည်။ အရွှေးဂေါ်ကြီးက ဘာမပြော ညာမပြောနှင့် ခော်လင်းအောင်ပုဆိုးအောက်နားကို ကိုင်ပြီး ဆွဲလှန်လိုက်ကာ ပုဆိုးကို ခေါင်းတွင်စွပ်ထားလိုက်သည်။ ခော်လင်းအောင်မှာ အောက်ခံဘောင်းဘီ သေးသေးကပ်ကပ်လေးသာရှိသဖြင့် မိမွေးတိုင်းဖမွေးတိုင်းနီးပါး ပြောင်ပြောင်ကြီးဖြစ်သွားတာပေါ့။

'ဟား···ဟား··· ဟား··· ဟား'

ကင်တင်းထဲက လူတွေက ဝိုင်းရယ်ကြသည်။ အရွှေးဂေါ်ကြီးက ဖရဲသီးကြီးကိုပိုက်ကာ အော်ပြေးသွားသည်။

'ယေး··· ယေး··· ကျေးစူးမတင် ဖင်လှန်ပြ၊ ယေး··· ယေး'

ခော်လင်းအောင်မှာ ပုဆိုးကို ခေါင်းကနေပြန်ချတော့ ပုဆိုးက ပုံလျက်သား ထပ်ကျွတ်ကျပြန်သည်။ တစ်ယောက်တည်း ပုဆိုးမနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပဝါမနိုင်ဘဲ အရှက်တော်ပုံ ဖြန့်ဖြန့်ကြွဲလေသည်။ ကျောင်းသားတွေ ရှေ့မှာဆိုတော့ ပိုဆိုးတာပေါ့။ ရယ်သံတွေ ပွက်ပွက်ကို ညံနေရဲ့။

'ဟား… ဟား… ဟား… အရူးကို သွားစတာကို ခံပေါ့'

'ကိုယ်ဘာသာကိုယ် အေးအေးမနေဘူး'

'အင်းလျားကန်ကလေကတော့ သူ့ကိုတော်တော်အေးစေမှာပဲ'

'ဒီလူကလည်း ထင်သလောက်လည်း မကြီးဘူး'

'ဘာလဲဟ'

'ဖရဲသီးကို ပြောတာပါ ဟား… ဟား… ဟား'

ဇော်လင်းအောင်မှာ ချွေးတွေပြန်ကာ ဆောက်တည်ရာမရဘဲ ဘာတွေလုပ်လို့ လုပ်ရမှန်းမသိတော့။ ရှိစီဂျင်းကို ကြည့်လိုက်တော့ ဘယ်အချိန်ကနေ ပျောက်သွားမှန်းမသိ။ ကိုယ်ပျောက်သိုင်းတတ်သော သိုင်းသမားတွေလို ပျောက်ထွက်သွားသည်။

*

'အဲဒါ ခင်ဗျားနှယ်၊ ရှိစီဂျင်းကြောင့်ဖြစ်တာမှ မဟုတ်ဘဲ၊ အရူးဝေါကြီးကြောင့်ဖြစ်တာပဲ၊ ရှိစီဂျင်းက ခင်ဗျားကို ရက်စက်တာမှ မဟုတ်ဘဲ'

နေသူက ရှုံ့မဲ့နေသော ဇော်လင်းအောင်ကို အပြစ်တင်သည်။

'ဘာပဲပြောပြောကွာ၊ ရှိစီဂျင်းရှေ့ ငါမျက်နှာဘယ်လိုပြမလဲ'

'ဟိ… ခင်ဗျားက မျက်နှာမပြဘဲ ဟိုဟာသွားပြမိသလို ဖြစ်သွားတာပေါ့'

ရဲခေါင်လှိုင်က ပြုံးစိစိနဲ့ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'အခုချိတ်ပိတ်စာကလည်း ရှိစီဂျင်းက သူခိုင်းတာ အခဆင် မပြေလို့ အရှက်ခွဲတဲ့သဘော သက်ရောက်နေတယ်၊ ရှိစီဂျင်း ဒီမိန်းမ အရမ်းရက်စက်တယ်'

နေသူက ဒေါသသံစွက်၍ ကြိမ်းဝါးသည်။

'အင်း… ရှိစီဂျင်းက အတော်ခန့်မှန်းရခက်တဲ့ မိန်းကလေးပဲ'

ကျွန်တော်ကလည်း ဝင်ရောက်ဖြည့်စွက်ပြောသည်။ ကိုဇော် လင်းအောင်ကတော့ တစ်ခါဆိုတစ်ခါ အီသွားပြီ။

'လူတိုင်းက သူ့ကိုစိတ်ဝင်စားလို့ မာန်တက်နေတာ'

'ဟုတ်တယ်၊ ယောကျ်ားလေးတွေကို အထင်သေးတာလည်း ပါတယ်'

နေသူနှင့်ရဲခေါင်လှိုင်က အတိုင်အဖောက်ညီစွာပြောကြသည်။ ကျွန်တော်ကတော့ ဘာမှဝင်မပြောမိ။ ရှိစီဂျင်းရဲ့ စိတ်နေစိတ်ထား သဘောတရားကို အနုလုံပဋိလုံ သိချင်နေသည်။ သူမရဲ့ ရည်ရွယ် ချက်က ဘာလဲ။

'မင်းတို့ ဘာပဲပြောပြောကွာ၊ ငါလည်း ဒီချိတ်ပိတ်စာကို မဖတ်ချင်တော့ဘူး၊ အဆောင်ကိုလည်း တစ်ပတ်လောက် မပြန်ဘူး၊ မင်းတို့ပဲ ငါ့စာကိုယူပြီး ဖဲပစ်လိုက်ပါတော့ကွာ၊ စိတ်ခတ်လည်း ကျပါတယ်'

ကိုဇော်လင်းအောင်က တိုက်ပွဲတွင် ကျရှုံးသွားသော စစ်သူ ကြီးတစ်ဦးနှယ်။ ကျွန်တော်က ဖေးဖေးမမ ဝင်ပြောပေးသည်။

'ကဲ… ခင်ဗျားဆီလာတဲ့ ချိတ်ပိတ်စာကို ကျွန်တော်ပဲ မီးရှို့ လိုက်ပါ့မယ်၊ ခင်ဗျားရုပ်ရည်နဲ့ ရှိစီဂျင်းထက်သာတဲ့ မိန်းမတစ်ယောက် ကို ရှာယူပြီး တွဲပြလိုက်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'မိန်းမတွေကို စိတ်ကုန်သွားပါပြီဗျာ'

'ကျွန်တော်ကတော့ ရိုစီကျင်းကို စိတ်ဝင်စားသွားပြီ'

ကျွန်တော့်အပြောကြောင့် နေသူနှင့် ရဲခေါင်လှိုင်တို့က မျက်လုံးပြူးသွားသည်။

'ဟောကောင်တွေ တလွဲဆံပင်မကောင်းကြနဲ့၊ ငါပြောတာက အဓိပ္ပာယ်တစ်မျိုးကွ၊ ဒီရိုစီကျင်းရဲ့ဘဝမှာ လျှို့ဝှက်နက်နဲတဲ့ နောက်ခံအကြောင်းတွေ ရှိလိမ့်မယ်၊ ဒါကို ငါ သိချင်တာ'

'အဲဒါတော့ မင်းဘာသာမင်းပဲ လိုက်ရှာ အူကြောင်ကြောင်နဲ့'

နေသူက သူထင်ထားတာနဲ့ လွဲချော်သဖြင့် ပြစ်ပြစ်နှစ်နှစ် ပြောသည်။ ကျွန်တော်ကတော့ ရိုစီကျင်းနဲ့ မိတ်ဆွေဖြစ်ချင်တဲ့စိတ် အချို့တော့ တဖွားဖွားပေါ်ပေါက်မိသည်။ လှပတဲ့သူနဲ့ မိတ်ဆွေဖြစ်ဖို့ကလည်း ကမ္ဘာ့တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းလို အလှမ်းဝေးလှပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ရိုစီဂျင်းကို မျက်မုန်းကျိုးနေသော ကောင်မလေးတွေထဲမှာ ခိုင်သဇင်နွယ်သည် ထိပ်ဆုံးကဖြစ်သည်။ သူမသည် ရိုစီဂျင်းလောက် နီးနီး ချောမောလှပသူဖြစ်သည့်အလျောက် အလှမာန်လည်းတက်နေသည်။ သူမသည်လည်း ပထဝီမေဂျာ၏ ကျွင်းဖြစ်သူ။ ခိုင်သဇင်နွယ်သည် ရိုစီဂျင်းကို အကြီးအကျယ် လိုက်ပြိုင်နေသူတစ်ဦးပင်။ (လူရွှင်တော်တွေပြက်သလို မတွေးရန်။)

ခိုင်သဇင်နွယ်သည် ရိုစီဂျင်းထက်စာလျှင် ကောင်းကောင်းဝတ်နိုင်စားနိုင်သူ ဖြစ်သည်။ သူမအလှအပသည် အထင်ကရဖြစ်သည်။ ခိုင်သဇင်နွယ်မိဘများက ကျောက်ကုန်သည်များဖြစ်ပြီး ကျိုကျိုတက်ချမ်းသာသည်။ ကိုယ်ပိုင်ကားဖြင့် ကျောင်းတက်နိုင်သူဖြစ်ပြီး ဟမ်းဖုန်းနှစ်လုံးလောက်ပိုင်သူဖြစ်သည်။ မိဘအရှိန်အဝါဖြင့် အရောင်ထွက်နေသူ။ သူမတွင် ယောကျ်ားလေး မိန်းကလေးအပေါင်းအသင်းလည်း အရမ်းများသည်။ အချိန်ရှိသရွေ့ ရိုစီဂျင်းကို အပြတ်အသတ် ဖြုတ်ချ

www.burmeseclassic.com

www.burmeseclassic.com



ပစ်ပြီး အရှက်ကွဲအောင် ကြံဆနေသူဖြစ်သည်။ ခုချိန်ထိ ပိုင်ပိုင်နိုင်နိုင် ဖြုတ်မယ့်အကွက်တော့ မတွေ့သေး။

တစ်ခါတော့ ကင်တင်းမှာ ရှိစီဂျင်းနဲ့ ပွဲကြီးပွဲကောင်းအဖြစ် ဆုံကြသေးသည်။ ခိုင်သဇင်နွယ်တို့ ပထဝီမေဂျာက သူငယ်ချင်း ကောင်လေးနှစ်ယောက်ကို ရှိစီဂျင်းက ချိတ်ပိတ်စာပို့၍ အပြင်းအထန် နှိပ်ကွပ်ခဲ့သည့် အခြေခံအကြောင်းအရင်းကြောင့်။ ဘုံဘေဘားမား ကုမ္ပဏီက သစ်ခိုးသည်ကို မြန်မာမင်းက ဒဏ်ရိုက်၍ တတိယကျူး ကျော်စစ်ဖြစ်ရသည်ထက်ဆိုးမည်။ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ သလို ခိုင်သဇင်နွယ်နှင့် ရှိစီဂျင်းတွေ့ဆုံပွဲသည် အင်းဝခေတ်က နန်း တွင်းအမျိုးသမီးစာဆို မိဖြူနှင့်မိညို တွေ့ဆုံသကဲ့သို့ပင်။

အဲဒီနေ့က မှတ်မှတ်ရရပင်။ မိုးကလေးက တဖွဲဖွဲနှင့်။ ရှိစီ ဂျင်းက ကင်တင်းတွင် တစ်ယောက်တည်းထိုင်ရင်း ကော်ဖီပူပူတစ် ခွက် သောက်နေချိန်။ အင်းလျားကန်ရေပြင်ပေါ် မိုးစက်ကလေးများ ခုန်ဆင်းသွားသည်ကို ကဗျာဆန်ဆန် တွေးခေါ်နေစဉ် ရှိစီဂျင်းအတွက် အနှောင့်အယှက်ဝင်လာသည်။ ခိုင်သဇင်နွယ်နှင့် သူမ၏အပေါင်း အသင်းများ ဒေါနဲ့မောနဲ့ ရှူးရှူးဒိုင်းဒိုင်း ရောက်လာခြင်းဖြစ်သည်။

'ရှိစီဂျင်း… တို့ကို ဒီမှာထိုင်ခွင့်ပြုပါလား'

'ထိုင်ပါ၊ ခုကိုဟော့ ရေနည်းနည်းသုတ်လိုက်ပါဦး'

ခိုင်သဇင်နွယ်က မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။ ရှိစီ ဂျင်းက ကော်ဖီသောက် မပျက်။ ကန်ရေပြင်ကို အငေးမပျက်။

'မင်းလုပ်ရပ်တွေ တရားလွန်နေပြီ ရှိစီဂျင်း'

'ဟာ… ပလိန်းကြီးပါလား၊ စားပွဲထိုးခေါ်ပြီး နို့စိမ်းနည်း နည်း ပေါက်ခိုင်းလိုက်ပါလား'

www.burmeseclassic.com

www.burmeseclassic.com



'မင်း ငါတို့ဧရာက ကောင်လေးတွေကို ဘာဖြစ်လို့ အရက်ထိုးတိုက်ခဲ့နေရတာလဲ'

ရှီစီကျွင်းက ပခုံးတစ်ချက်တွန့်ပြီး နှုတ်ခမ်းတစ်ချက် သဲ့သဲ့မဲ့လိုက်သည်။

'ဆော့... ခက်ပါပေါ့၊ မင်းကောင်တွေက တို့ကို သူများကြောင်လို့ လိုက်ကြောင်တဲ့ပုံစံ လာလုပ်တာကိုး၊ ဒါတော့ ဘယ်တတ်နိုင်မလဲ၊ ရှီစီကျွင်းရာဇဝင်မှာ သူများဇာချာလို့ ပြန်ကျော့တဲ့မှု ရှိတယ်ဆော့'

'အဲဒါတွေ ငါမသိဘူး၊ မင်းနောက်တစ်ခါ ဒါမျိုးတွေမလုပ်ဖို့ ငါ သတိလာပေးတာ'

'အဲဒီကောင်တွေက နင်နဲ့ တစ်ထောင့်တစ်ည ရင်းနှီးခဲ့တဲ့ ဂျင်တွေလား'

ရှီစီကျွင်းက ဝီဝီပြင်ပြင်ကို နှိပ်ထည့်လိုက်သည်။ ခိုင်သဇင်နှယ် အပေါ်အဝင် အပေါင်းအပါများ ဒေါသတွေထွက်၍ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

'ရှီစီကျွင်း နင် မိုက်ရိုင်းလှချည်လား'

'ဒီမှာ ကောင်မလေး၊ ဘယ်သတ္တဝါမဆို ကိုယ့်ကိုကိုက်ရင် ပြန်ကိုက်တတ်တယ်၊ ငါ့ဘာသာငါ ဒီမှာထိုင်နေတာ နင်တို့နဲ့လည်း ဘာမှမပတ်သက်ဘူး၊ နင်တို့က ငါ့ကို တမင်သက်သက် ပြဿနာလာရှာတယ်၊ ဒါ ငါ့ဘက်က လွန်သလား၊ နင့်ရပ်ကွက်လေးက ရပ်ရှင်မင်းသမီးလုပ်လို့ရတယ်၊ အသံကလည်း ကောင်းတယ်၊ ဘာဖြစ်လို့ သူများကို မနာလိုဖြစ်ပြီး ပြဿနာလိုက်ရှာနေရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'နင်ကအရင် ငါတို့မေရှာက ကောင်လေးတွေကို အရွက်ခွဲတာ'

'ဟာ... ငါမှ ဒီကောင်တွေကို စိတ်မဝင်စားတာ၊ သူတို့ကို ပြန်မကြိုက်တာနဲ့ပဲ ငါက အရွက်ခွဲတာဖြစ်ရောလား၊ မဆိုင်လိုက်တာ ဟာ၊ နင့်ပုံစံက ညောင်ဦးကမ်းပါးပြိုတာနဲ့ စမ္ဗာနဝိုရ်က နွားမပေါင် ကျိုးသလို ဖြစ်နေပြီ၊ ငါ့ကို တမင်သက်သက် ပြဿနာလာရှာတဲ့ သဘောလည်း သက်ရောက်တယ်'

'နင့်ကို ငါ မကျေနပ်ဘူး'

'ဒါဆိုလည်း ငါ အရွက်ခွဲခဲ့တဲ့ ကောင်တွေကို အိမ်ပေါ်တင် ထမင်းကျွေးထားလိုက်ပေါ့၊ ဒါမှမဟုတ်လည်း နင့်သူငယ်ချင်းတွေနဲ့ တစ်ယောက်စီ ဝေပုံကျစနစ်နဲ့ ခွဲဝေပြီး ယူလိုက်ကြပေါ့၊ ခက်ပါတယ်၊ ပထဝီမေရှာကလည်း ပြောသေးတယ်၊ လွှာတွန့်တောင်တန်းနဲ့ မီး တောင်ကို ခွဲခြားသိပုံမပေါ်ဘူး'

ခိုင်သဇင်နွယ် ဒေါသတွေအလိပ်လိုက်ထွက်သော်လည်း ဆိုင် ထဲမှာ ဘာမှမလုပ်ရဲ။ ကင်တင်းထဲကလူတွေကလည်း ဝိုင်းကြည့်နေ ကြသည်။

'ရှိစီဂျင်း နင် ငါနဲ့ တစ်နေ့တွေ့မယ်'

'ရတယ်၊ ရှက်ဆုတ်ပြက္ခဒိန်မှာ တစ်ရက်ချင်းမှတ်ထားလို့ ရတယ်'

ရှိစီဂျင်းက ကော်ဖီလက်ကျန်ကို ဟန်မပျက်သောက်နေ သည်။ ခိုင်သဇင်နွယ်က တောက်တစ်ချက်ခေါက်ပြီး လှည့်ထွက်သွား သည်။ ထိုစဉ် ထီလှည်းလေးတစ်စီး ဆိုင်ထဲတွန်းဝင်လာသည်။ ရှိစီ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းတာ ရှုတ်ခနဲ ထိသည်ဆီမှခွင့်တောင်းကာ ခိုင်သဇင်နှယ်တို့ ကြား နိုင်လောက်အောင် လှမ်းအော်သည်။

'ဟဲလို တက်စတင်··· အင်းလျားကန်စောင်းတွင် အနားယူ လျက်ရှိသော ကာလသားပေါင်းတို့ ခိုင်သဇင်နှယ်ဆိုတဲ့ ပထဝီမေဂျာ ကွင်းက ကျောင်းပြီးသောအခါ ကြင်ယာတော်ရွေးချယ်ပွဲရှိသဖြင့် စည်သူမဆို ပထဝီမေဂျာတွင် လျှောက်လွှာတင်စာရင်းပေးနိုင်ကြပါပြီ၊ လူတန်းစားမရွေး ဝင်ရောက်ကံစမ်းနိုင်ပါတယ်၊ ခိုင်သဇင်နှယ်ဟာ ရင်ခါးတင် အချိုးအစားကောင်းပါတယ်၊ မိဘက ချမ်းသာလို့ ရတဲ့ ယောကျ်ားဟာ တစ်သက်အလုပ်လုပ်စရာမလိုဘဲ အေးအေးဆေးဆေး ထိုင်စားလို့ရပါတယ်၊ အမြန်ဆုံး စာရင်းပေးကြပါ'

ရှိစီဂျင်းက မိုက်နဲ့ ဟန်ပါပါအော်တော့ ကင်တင်းမှာရှိတဲ့ ကျောင်းသားတွေ တဝါးဝါး တဟားဟားနဲ့ ရယ်ကြသည်။ ခိုင်သဇင် နှယ်နှင့်အဖွဲ့မှာ အဝေးကနေ ဒေါသတွေထွက်နေရုံမှတစ်ပါး ဘာမှ မတတ်နိုင်တော့။

ရှိစီဂျင်းကတော့ ပေါ့ပေါ့ပါးပါးနဲ့ လေချွန်၍ ကက်တ်ပေါ် လျှောက်သလို တစ်လှမ်းချင်း လျှောက်သွားသည်။

*

ရှိစီဂျင်းကို ကြိုက်နေသော ယောကျ်ားလေးတွေထဲတွင် သပ် သပ်ရပ်ရပ်နှင့် အထူးခြားဆုံးဖြစ်သူတစ်ယောက် ရှိသည်။ သူကတော့ ရူပဗေဒမေဂျာက ကိုဘုန်းမြတ်ခန့်ဆိုသောသူပင်။ ရှိစီဂျင်းကို ချဉ်းကပ် ပုံက ပညာသားမပါပေမဲ့ ရုပ်ရည်ရူပကာကတော့ ပြောင်သည်။ နှုတ်

www.burmeseclassic.com



ပေါ်လေးနဲ့ ခန့်ခန့်ညားညား ရှိသည်။ စကားပြော အေးသည်။ ရိုစီကျွင်း စိတ်တိုင်းကျ ယောကျ်ားလေးတစ်ယောက် မဟုတ်ပေမယ့် အသင့် အတင့် လိုက်လျောညီထွေစွာ နေတတ်ထိုင်တတ်သောသူတစ်ယောက် ဖြစ်သည်။ ရိုစီကျွင်းရဲ့ သတ်မှတ်စံနှုန်း Level 5 မှာ ရှိနေသောသူ ဆိုလျှင်လည်း မမှားပေ။

ရိုစီကျွင်းက သူနဲ့တွေ့လျှင်တော့ ခပ်ချာချာနေရသည်။ ကိုဘုန်း မြတ်ခန့်သည် ဂျိုင်းချွေးစော် အရမ်းနံပြီး တစ်ခါတလေကျရင် လေ မချုပ်ထိန်းနိုင်ဘဲ လေလည်တတ်သောညည့်လေး ရှိသည်။ ဒီအကျင့် လေးတွေကြောင့် ရိုစီကျွင်း ခပ်တန်းတန်းပဲ နေထိုင်ရသည်။

ခိုင်သစင်နွယ်တို့သည် ကင်တင်းကာကိစ္စနဲ့ပတ်သက်၍ ရိုစီ ကျွင်းကို ချောင်းမြောင်းတိုက်ခိုက်လာလေပြီ။ ရိုစီကျွင်းသည် အခွင့်အခါ ကို စောင့်ဆိုင်း၍ ပြန်လည်တုံ့ပြန်ရန် အသင့်ရှိနေသည်။ ခိုင်သစင်နွယ် က ရိုစီကျွင်းရဲ့ ပုံတူရုပ်ပြောင်တွေခွဲကာ အဆောင်နံရံတွင် လျှောက်ကပ် နိုင်းသည်။ နည်းမျိုးစုံနှင့် ရိုစီကျွင်း သိက္ခာကျအောင် လျှောက်ဖွနေ သည်။

ဉာဏ်နီဉာဏ်နက် ကောင်းလှသော ရိုစီကျွင်းသည် ခိုင်သစင် နွယ်ကို ပြန်လည်တိုက်စစ်ဆင်ရန် တည်ကြက်ကို ရွေးချယ်လိုက်သည်။ သူကတော့ ကိုဘုန်းမြတ်ခန့်ပင်။ သူ့ရုပ်ရည်နဲ့ ခိုင်သစင်နွယ် အချစ်ကို အေးအေးဆေးဆေး အရယူနိုင်မယ်။ ဒီအခွင့်ကို အသုံးချရန် ရိုစီကျွင်း တွေးမိသည်။ ဒါကြောင့် ကိုဘုန်းမြတ်ခန့်ကို တစ်နေရာတွင် ချိန်းပြီး သူလိုချင်သည့် ပုံစံကို အကွက်ချလိုက်ရဲ့။

'ကိုဘုန်း… ရိုစီ ကိုဘုန်းကို တစ်ခု အကူအညီတောင်းချင် လို့'

www.burmeseclassic.com

www.burmeseclassic.com



'ပြောပါ ရိုစီ၊ ကိုဘုန်း ရိုစီအတွက်ဆို ဆောင်ရွက်ပေးပါ့မယ်'

ဘုန်းမြတ်ခန့်က ဂျိုင်းကြားကို ယားရှိကုတ်နေသဖြင့် ရိုစီဂျင်း မသိမသာနှင့် နှာခေါင်းရှုံ့ထားရသည်။

'ကိုဘုန်း… ပထဝီမေဂျာကကွင်း ခိုင်သစင်နွယ်ကို သိသလား'

'သိပါတယ်၊ သူလည်း အချောအလှတစ်ယောက်ပဲ၊ ဒါပေမဲ့ ရိုစီလောက် မချောဘူး'

'ကိုဘုန်း သူ့ရဲ့ချစ်သူဖြစ်ခွင့်ရအောင် လုပ်ပေး၊ ခဏပဲ ဟန်ဆောင်ချစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခိုင်သစင်နွယ်က ကြွေးကြော်ထားတယ်၊ ယောကျ်ားတိုင်း သူ့မာယာအောက်မှာ ပျော့ဆင်းသွားတယ်တဲ့၊ ဒါကို ရိုစီဂျင်းလည်း မခံနိုင်ဘူး၊ ကိုဘုန်းက သူ့အချစ်ကို မှုသားဆန်ဆန် ဟန်ဆောင်လှည့်ဖျားပြီး ရအောင်ယူခဲ့ရင် ကိုဘုန်း တောင်းထားတဲ့အဖြေကို ရိုစီ ပေးမယ်'

ကိုဘုန်းမြတ်ခန့်မှာ မျက်လုံးအရောင်တောက်သွားသည်။

'စိတ်ချ ရိုစီ၊ ကိုဘုန်း ဒီခိုင်သစင်နွယ် အချစ်ကို တစ်ပတ်အတွင်း ရအောင်ယူခဲ့မယ်၊ ကိုဘုန်းကို စိတ်ချစမ်းပါ'

ဘုန်းမြတ်ခန့်သည် ရုပ်ပါလေးရှိတော့ တော်ရုံတန်ရုံ မိန်းကလေးတွေက ကြွေချင်ကြသည်။ ဒါကိုအခွင့်ကောင်းယူပြီး ရည်းစားတွေ ထည့်လဲတွဲနေတဲ့ ဘုန်းမြတ်ခန့်ကို ရိုစီဂျင်းက အလိမ္မာပါပါနဲ့ ခိုင်သစင်ဘက် မြားဦးတည်ခိုင်းတာ ဖြစ်သည်။

နှစ်ပေါက်တစ်ပေါက် ရိုက်ချင်နေသော နွားပြာကြီးအောက် သွားမရှိတဲ့ ဘုန်းမြတ်ခန့်အဖို့ မုန့်စားရင်း လှည်းစီးခွင့်ပို ရသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခိုင်သဇင်နှယ်ရဲ့ အချစ်ကိုရဖို့ကလည်း ငှက်ပျောသီးအခွံခွာစားတာလောက် မခဲယဉ်းပေ။

'ပြော်… ဒါနဲ့ကိုဘုန်း ခိုင်သဇင်ဆီက အချစ်ကိုရရင် သူ့အဖေနဲ့တော့ တွေ့ရမယ်၊ သူ့အဖေက ဇာတ်ပွဲထောင်ထားတဲ့လူနော်၊ အဲဒါ သွားမမေ့နဲ့ဦး၊ ခိုင်သဇင်က စိတ်ဆိုးတတ်တယ်၊ လျှို့ဝှက်ချက်တစ်ခုလို့ထား၊ သူ့အဖေက ကျိုကျိုတက်ချမ်းသာနေတာတောင် ဇာတ်ရူးဖြစ်နေသေးတာ'

'ဟာ… ဟုတ်လား၊ သိထားရတာပေါ့၊ ကြုံလာရင်လည်း ဖြေရှင်းလို့ရတယ်လေ၊ ဒါနဲ့ ခိုင်သဇင်ချစ်သူအဖြစ် ဘယ်နှစ်ရက်လောက် သရုပ်ဆောင်ရမှာလဲ'

'တစ်လနီးပါးလောက်ဆို တော်ပါပြီ၊ နောက်ပြီး သူ့ဆီက အဖြေကိုလည်း မတောင်းနဲ့ဦး၊ ချက်ချင်းကြီးလေ၊ အိစီကလီနဲ့ အပျော်ချွဲထားလိုက်ဦး၊ ခိုင်သဇင် ယုံကြည်လာမှ တစ်ခါတည်း ဘရိတ်အုပ်လိုက်တော့၊ ပွဲသိမ်းပဲ'

ရိုစီဂျင်းက သင်တန်းဆရာသင်ပြသလို ဩဝါဒတွေ ပို့ချနေသည်။

'နောက်ပြီး ရိုစီဂျင်းကလို့လည်း မပြောရဘူးနော်၊ သစ္စာရေသောက်ထားသလို သစ္စာရှိရမယ်၊ ဒါမှ ကိုဘုန်းလိုချင်တဲ့အဖြေကို ရိုစီ ပြုံးပြုံးလေးပေးမယ်'

'ဝမ်းသာလိုက်တာ ရိုစီရယ်'

ငါးစာကလေးချလိုက်တာ ကိုဘုန်းမြတ်ခန့်မှာ ပီတိအဟုန်နဲ့ အွန့်ထွန့်လူးသွားရဲ့။

ရိုစီဂျင်းသည် လှပသိမ်မွေ့စွာပြုံးလိုက်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



'ရှိစီဂျင်းဆိုတဲ့ ကောင်မလေးက အရာအားလုံးကို တာဝန် ယူမှ သဘောကျတယ်'

'စိတ်ချပါ၊ ကိုဘုန်းတာဝန်မလစ်ဟင်းစေရပါဘူး'

ကိုဘုန်းမြတ်ခန့်ကလည်း ရဲရဲကြီး အာမခံလေသည်။

ရှိစီဂျင်းတစ်ချက်တော့ ဝန်ပေါ့သွားပြီ။ ဘုန်းမြတ်ခန့်ကို စောင့်ကြည့်ဖို့နှင့် ခိုင်သစင်နွယ် ခြေလှမ်းတွေကို အကဲခတ်နိုင်ရဖို့ ရှိစီဂျင်း တစ်ကိုယ်တော် လှုပ်ရှားမှု စတင်ရတော့မည်။

နှစ်ယောက်စလုံးသည် မြွေမြွေချင်း ခြေမြင်သော ဖြိုင်ဘက် တွေပင်။ ရှိစီဂျင်းက ဘုန်းမြတ်ခန့်ကို အပိုင်ဖြတ်ချပြီးသား။ ခိုင်သစင် နွယ်ကိုလည်း အရှက်ကွဲစေပြီးသား။ တစ်ချက်ခုတ် နှစ်ချက်ပြတ် ရှည်လည်းလျှောက်သာ ပျားလည်းစွဲသာ လုပ်ဆောင်ခြင်းဖြစ်သည်။

စတက်ကွက်အလှည့်အပြောင်းသည် သူမအတွက် အလွန်အရေး ကြီးလှပေသည်။ ကျားကွက်ရွှေ့မှားလျှင် သူမဘက်ကိုသာ ပြန်လည် လာကိန်းလည်းရှိပေသည်။

လတ်တလော ရှိစီဂျင်းလုပ်ဆောင်ရမှာက ဘုန်းမြတ်ခန့်နှင့် ခိုင်သစင်နွယ် သမီးရည်းစားဖြစ်သွားတဲ့အချိန်ပဲ။

ပူပူနွေးနွေးအချိန်မှာ ပူပူစပ်စပ်လေး ပညာပေးရမှာ သွေးပူ လေ့ကျင့်ခန်းလေးတွေ ကြိုလုပ်ထားတာ ပိုသင့်တော်မည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

ဘုန်းမြတ်ခန့်သည် အရူးနှင့်လေ့လူး အစပ်အဟပ်တည့်သွား၍ လားမသိ။ များမကြာမီ ခိုင်သစင်နွယ်ဆီမှ အချစ်ကို လက်ဝယ်ရရှိသွားသည်။ မဆွတ်ခင်က ညွတ်ချင်သော ခိုင်သစင်နွယ်သည်း ဘုန်းမြတ်ခန့်ကို တွဲသွားတွဲလာ လုပ်ရသည်ကို နှစ်မြို့မိသည်။ ဘုန်းမြတ်ခန့်က ရိုစီဂျင်း သင်ထားသည့်အတိုင်း ချစ်သူအဆင့်ထိ မရောက်သေးအောင် ကွေ့ပတ်ရှောင်နေသေး။ ဒါကို အားမလိုအားမရဖြစ်သော ခိုင်သစင်နွယ်က ဘုန်းမြတ်ခန့်ကို မျက်စိအောက်က အပျောက်မခံချင်လောက်အောင် အရူးအမူးဖြစ်လာသည်။ ဘုန်းမြတ်ခန့်က ရိုစီဂျင်းကို ဖြစ်သမျှအကြောင်းတွေအား ဇီကာပတ်ကုံး အစီရင်ခံတင်ပြသည်။

ရိုစီဂျင်းအဖို့ လှပသေသပ်သော လှည့်ကွက်တစ်ခုကို ဖီဖီဖြင်ဖြင် ဖန်တီးဖို့ အချိန်ကျလာခဲ့လေပြီ။ ခိုင်သစင်နွယ် နားထင်ကို သေနတ်နဲ့တေ့ဖြုတ်ဖို့ အချိန်စည်းဝါးနရီ ကိုက်ချေတော့မည်။

ရိုစီဂျင်း ကွန်ပျူတာဖြင့် စာတစ်စောင် စီလိုက်သည်။ ၎င်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့
ကိုဘုန်း
သခင် စာရေးလိုက်တယ်။ အရေးကြီးတဲ့ အကူအညီ
တစ်ခု တောင်းချင်လို့။ ဘယ်သူမှလည်း မသိစေပါနဲ့။
ဟိုနေ့က သခင်စပ်ဆော့လိုက်လို့ အဖေ့ရဲ့တတ်ထဲသုံးတဲ့
ဘီလူးခေါင်းကြီး ပျက်ဆီးသွားတယ်။ အဲဒါ အဖေမသိ
ခင် ပြန်အစားထိုးထည့်ထားချင်လို့ ကိုဘုန်း သခင့်ကို
ဘီလူးခေါင်းဆောင်းတစ်ခုလောက် မနက်ဖြန် ရအောင်
ရှာပေးပါ။ နေ့လည် ၂ နာရီ ကင်တင်းမှာ တွေ့မယ်။
သခင့်ဆီကိုလည်း ဖုန်းဆက်မမေးပါနဲ့။ အဖေ သိမှာ
စိုးလို့။ စိတ်ချမယ်နော် ကိုဘုန်း။

ချစ်တတ်တဲ့သခင်

ရိုစီဂျင်းက ကျောင်းသားရေးရာမှာ ခိုင်သခင်နှင့်ယှဉ် လက်မှတ်ကို အတုထိုးတတ်အောင် လေ့ကျင့်ပြီးသားမို့ လက်မှတ်အတုပါ ထပ်မံတန်ဆာဆင်လိုက်သည်။ စာကို ရုပဗေဒမေကျာကို လူကြုံနှင့်အမြန်ပေးခိုင်းလိုက်သည်။ ထပ်သေချာအောင် ရိုစီဂျင်းက ကိုဘုန်းဆီ ဖုန်းထပ်ဆက်သည်။

'ကိုဘုန်းလား၊ ရိုစီပါ၊ ဘာထူးခြားသေးလဲ'

'ရိုစီပြောသလို ခိုင်သခင်ရဲ့အချစ်ကိုရတာ လွယ်တယ်၊ ကိုယ် ရိုစီဆီက အကြောင်းကြားမှု မရမချင်း ဘာမှ မလှုပ်ရှားသေးဘူး'

ကိုဘုန်းက ရိုကျိုးစွာပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုဘုန်း ချစ်ကျွမ်းဝင်တဲ့အဆောင်ရောက်မှ ရှိစီထပ်ညွှန်ကြားမယ်၊ အခု သစင်နဲ့ရော အဆင်ပြေပြေရှိတယ် မဟုတ်လား'

'ပြေပါတယ်၊ ဒါပေမဲ့ မနက်ဖြန် ...'

ကိုဘုန်းက သစင် သူ့ကိုဘီလူးခေါင်းရှာခိုင်းတဲ့ ကိစ္စကို ပြောပြလိုက်သည်။

'ကိုဘုန်း... သူတောင်းတဲ့အကူအညီကို ပေးလိုက်ပါ၊ ရှိစီလည်း ကိုဘုန်းနဲ့မတွေ့တာကြာလို့ အရမ်းသတိရပါတယ်'

ရှိစီကျင်းက ပျစ်ချွဲချွဲလေး ပြောလိုက်ရာ ကိုဘုန်းမြတ်ခန္ဓာရင်ထဲသို့ လျှပ်စီးလှိုင်းများ ဖြတ်စီးသွားသလို တသိမ့်သိမ့်တုန် ခံစားသွားရသည်။

ခိုင်သစင်နှယ်ရှိရာ အဆောင်သို့ ကိုဘုန်းပို့သော စာတစ်စောင် ရောက်လာသည်။ ခိုင်သစင်နှယ်စာရောက်ရောက်ချင်း အမြန်ဖွင့်ဖတ်ရာ...

*သစင်...*

*ကိုယ်ကိစ္စတစ်ခုအရေးကြီးနေလို့ ဟိုနေ့က ကိုယ့်ဦးလေး ရှေးဟောင်းဆိုင်မှာ ကိုယ်သဘက်သွားစောင့်ရင်း ဓား သုံးချောင်းပျောက်သွားတယ်။ အဲဒါ ကိုယ် ပြဿနာ တက်နေတယ်။ ကိုယ့်ကို ဂုဏ်ကြီးတောင်ဓားတစ်ချောင်း ရယ်၊ နန်းတွင်းရတနာ့ခုံစီထားတဲ့ ဓားတစ်ချောင်းရယ်၊ ကင်ဒိုဓားရှည်တစ်ချောင်းရယ် ဖြစ်နိုင်ရင် အမြန်ရှာ ပေးပါ။ သစင်အသိ ရှေးဟောင်းဆိုင်တွေမှာ ဘယ် လောက်စျေးကြီးကြီး ရှာခဲ့ပေးပါ။ ကိုယ် တန်ဖိုးဖြတ်ပါ့ မယ်။ အခုလည်း ကိုယ် ဓားတွေ အရှာထွက်မှာမို့လို့*

www.burmeseclassic.com

www.burmeseclassic.com



*ဖုန်းမဆက်နိုင်ဘဲ စာစီပြီး ပို့လိုက်ရတာ။ ဒီကိစ္စ ဘယ်သူမှလည်း မသိစေနဲ့။ မနက်ဖြန် (၂)နာရီ ကင်တင်း ဆုံနေကျနေရာမှာ တွေ့မယ်။ ဒီကြားထဲ ဖုန်းမဆက်တော့ဘူးနော်။*

*အရမ်းချစ်တဲ့ ကိုဘုန်း*

နိုင်သစင်နွယ် ခေါင်းကုတ်ချင်လောက်အောင် စိတ်ညစ်သွားသည်။ ကိုဘုန်း ရှာခိုင်းသောအားတွေ ဘယ်နေရာမှာ သွားရှာရမလဲ မသိ။ အသိ ရွေးဟောင်းဆိုင်တွေရှိတဲ့ ကုဏ္ဍိုင်းကို သွားရှာခဲ့။

'ကလင်… ကလင်… ကလင်…'

နိုင်သစင်နွယ် ဟာမ်းဖုန်းက အသံမြည်လာသည်။

'ဟဲလို… သစင်ပါ'

'သစင်က အခု အရိုက်ခံနေရပါလား'

'မင်း ဘယ်သူလဲ'

'မိတ်ဟောင်းဆွေဟောင်း နှင်းဆီပါ'

'ရှိစီဂျင်း'

'ဟုတ်ပါတယ်ရှင်'

'မင်း… မင်း… ငါ့ဖုန်းနံပါတ်ကို ဘယ်ကရသလဲ'

'လမ်းဘေးရေအိုးစင်တစ်ခုကို ရှာရတာထက် မင်းဖုန်းနံပါတ်ကို ရှာရတာ ပိုလွယ်ပါတယ်၊ မင်းအတွက် ထူးဆန်းတာလေးတစ်ခု ပြောချင်လို့'

'နင် ဘာမှလာပြောစရာမလိုဘူး'

'စကားကိုဆုံးအောင် နားထောင်ပါဦး၊ ဘုန်းနှင်းကံနှင့် ကြေး

www.burmeseclassic.com

www.burmeseclassic.com



သစင်ရယ် မင်း အခု သိပ်ချစ်ပါတယ်ဆိုတဲ့ ကိုဘုန်းက ဒသသဂီရိလို မျက်နှာမျိုးတဲ့သူပဲ၊ သူ့ရုပ်ကလေးနဲ့ ရည်းစားတွေထည်လဲတွဲပြီး တရား ဝင်တွေ တရားမဝင်တွေလုပ်နေတာ၊ သူ့ရဲ့ Without စာရင်းထဲမှာ လိုင်စင်မဲ့ရည်းစားအဖြစ် မင်းပါမှာစိုးလို့ ငါက စိုးရိမ်စိတ်နဲ့ သတိ လှမ်းပေးတာ'

'နင် မဟုတ်တာတွေ လာမပြောနဲ့ ရှိစီဂျင်း'

နိုင်သစင်နွယ် အသံနက်ကြီးနဲ့ အော်လိုက်မိသည်။

'မင်း မယုံလည်း မတတ်နိုင်ဘူး၊ ကာယကံရှင်ကိုယ်တိုင် တွေ့ရင် မေးကြည့်ပေါ့၊ တို့က လွန်လွန်ကျူးကျူးတွေမဖြစ်ခင် ကြို သ[illegible]ပေးထားရတာ၊ ဒီကောင့်မှာ လက်ရှိရည်းစားချည်းပဲ သုံးယောက် လောက်ရှိတယ်'

'နင် မဟုတ်တာတွေ မပြောရင် ကောင်းမယ်'

'ကဲ... ကဲ... ငါပြောတာလည်း နင် ယုံချင်မှယုံမှာပေါ့၊ နင်တို့တွေ့မှ စာရင်းရှင်းကြပေါ့၊ နင်လည်း အဲဒီလောက်မတုံးပါဘူး ဟာ၊ ဒါပဲနော်'

ရှိစီဂျင်းက ဖုန်းချသွားတော့ နိုင်သစင်နွယ်မှာ စိတ်တွေ တယောက်ကယက်နှင့် ပူးပူးဝါးဝါးတွေ ဖြစ်နေသည်။ သူငယ်ချင်း တွေက နိုင်သစင်နွယ်ကို ဝိုင်းထိန်းထားကြသည်။

'တောက်... ကိုဘုန်းက ရှိစီဂျင်းပြောသလို ဖြစ်နေရင်တော့ သူ့ရှာခိုင်းထားတဲ့ ဓားတွေနဲ့ ခုတ်သတ်ပစ်မယ်'

နိုင်သစင်နွယ်သည် တကယ်ပင် ကိုဘုန်းကို အရူးအမူးချစ် မိသွားခဲ့ပြီ။ ဒါပေမဲ့ ရှိစီဂျင်းက သိသွားသောအခါ သူပြောတာတွေ အမှန်ဖြစ်နေလျှင်ဖြင့် ကိုဘုန်းကိုချစ်သော စိတ်တွေသည် မုန်းသော

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေအဖြစ် အရောင်ပြောင်းသွားသည်။ နိုင်သစင်နွယ် ကြုံးဝါး လိုက်သည်။

'ရိုစီဂျင်း နင်ပြောသလိုမဟုတ်လို့ကတော့ နင်လည်း အသေပဲ'

နိုင်သစင်နွယ်မျက်လုံးတွေသည် စီးဝင်းဝင်းတောက်နေရဲ့။

*

အခြေအနေကတော့ အရမ်းတင်းမာသွားပြီ။ ဘုန်းခန့်မြတ်နှင့် နိုင်သစင်နွယ်တို့ ရှာတွေဆက်ဖြစ်မလဲ။ ရိုစီဂျင်းရဲ့ လှည့်ကွက်တွေထဲ နှစ်ယောက်သား အလျှိုလျှိုဝင်လာကြပြီ။ ပွဲကြီးပွဲကောင်းကို ရိုဒီဂျင်း စီမံခဲ့ပြီး စောင့်ကြည့်ရုံပဲ။ ဒီပွဲကို သူမနှင့်အတူ ပါဝင်ကြည့်ရှုဖို့အတွက် ရိုစီဂျင်းသည် နိုင်သစင်နွယ်ကို အမြင်ကတ်နေသော ကျောင်းသူအချို့နှင့် ဘုန်းမြတ်ခန့်နှင့်တွဲခဲ့ဖူးသော ကောင်မလေးတွေကို တစ်ဖက်လှည့်ဖြင့် အကြောင်းကြားထားလိုက်သည်။

နိုင်သစင်နွယ်သည် သူမ အရူးအမူးဖြစ်နေသော ကောင်လေးတစ်ယောက် သူမကို အပျော်ကြံသွား၍ ပေါက်ကွဲကာ ပြဿနာရှာမည်ဟု အကြောင်းကြားထားသည်။

ဘုန်းမြတ်ခန့်သည် ကောင်မလေးတွေ အသည်းကိုခွဲခဲ့ပြီး တွင်းဖြစ်သော နိုင်သစင်နွယ်ကို သစ်စိမ်းချိုးချိုးရန် အသင့်ပြင်ထားပြီး စိန်ခေါ်မည်ဟု အကြောင်းကြားထားသည်။

ရိုစီဂျင်းမှာ ဒီပွဲကိုသွားကြည့်ရန် အခွင့်ရှိသော်လည်း ဒီပုံအတိုင်း သွားကြည့်လျှင် လူသိမည်။ ရုပ်ဖျက်ပြီး ပွဲသွားကြည့်မှတာ

www.burmeseclassic.com

www.burmeseclassic.com



ပိုအနှစ်သာရရှိလိမ့်မည်။ ရုပ်ဖျက်သွားရမည်ဆိုတော့ ရှိစ်ကျွင်း စဉ်းစား ရသည်။

သိပ်ဝေးဝေးလံလံ စဉ်းစားစရာမလို။

အသွားဖြစ်သူရဲ့ ရှေးခေတ်အဝတ်အစားတွေ အများကြီးရှိတာပဲ။ ဒါတွေ ဆင်ယင်လိုက်ရင် ဘယ်သူမှ ရှိစ်ကျွင်းမှန်း သိမှာမဟုတ်တော့ဘူး။

ကိုလိုနီခေတ်က အဝတ်အစားတွေ ဝတ်ချင်နေတာနဲ့ ရှိစ်ကျွင်း အဆင်ပြေသွားတယ်ပေါ့။

*

ခေတ်တစ်ခေတ်ထဲမှ ဘီလူးခေါင်းကို ဘုန်းမြတ်ခန့် အသည်းအသန် ရအောင်ရှာဖွေရလာသည်။ ရရချင်း ဘုန်းမြတ်ခန့် ကျွတ်ကျွတ်အိတ်နှင့်ထုတ်ကာ တက္ကစီငှား၍ ကျောင်းထဲသို့ လာရသည်။ ခေတ်အဖွဲ့က သန်လျင်မှာရှိတာမို့ အချိန်က နည်းနည်းကြာသွားသည်။ တက္ကစီကလည်း ဖွတ်ချက်ဖွတ်ချက် ဖြစ်နေလို့ ဆင်းတွန်းရသေးသည်။ ဒီဘီလူးခေါင်းတောင် လူရွှင်တော်တစ်ယောက်က အရက်ဖိုးမရှိ၍ ဒိုင်လျှိုလေးနှင့် လက်သိပ်ထိုးရောင်းသဖြင့် ရလာတာ။ တန်ဖိုးကြီး ဘီလူးခေါင်းပေါ့။ ညာဏ်ကို လွှာမသုံးတတ်သော ဘုန်းမြတ်ခန့်တစ်ယောက် ခိုင်သစင်နွယ်က ဘာကြောင့် ဘီလူးခေါင်းလိုချင်သလဲ ခြေခြေမြစ်မြစ် မတွေးတော့။ ထူထူပိန်းပိန်းနိုင်တဲ့သဘော။

ဘုန်းမြတ်ခန့် ဘီလူးခေါင်းကြီးကိုင်လာတာတွေ့တော့ တွေ့တဲ့သူတိုင်း လန့်ဖျပ်၍ ရှုံကုန်ကြသည်။ ဘုန်းမြတ်ခန့်ကတော့ ထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



ချွေ ကင်တင်းမှာထိုင်စောင့်နေသည်။ ဘီလူးခေါင်းကြီးကို စားပွဲပေါ် တင်ထားသည်။ ကောင်မလေးတွေက ဘုန်းမြတ်ခန့်ချောတာကို စိတ် မဝင်စားဘဲ ဘီလူးခေါင်းကြီးကိုသာ စိတ်ဝင်စားနေကြသည်။

'ဟိုလူ ဘာကြောင်တာလဲ၊ ယဉ်ကျေးမှုတက္ကသိုလ်နဲ့ မှားလာ သလား'

'စာတ်ပွဲကရင်းတစ်ဖက် ကျောင်းတက်ရတဲ့ ကျောင်းသား ထင်တယ်'

'ဖြစ်နိုင်တယ်၊ စာတ်ခေါင်းကွဲလာလို့ ရရာမှီရာ ယူလာတာ လားမသိဘူး'

'ရုပ်ရည်သွေး သနားကမားနဲ့ ရူးနေလား မသိဘူး'

မထင်မှတ်သော မြင်ကွင်းတစ်ခုကလည်း ကင်တင်းနှင့် အင်းလျားကန်စောင်းကို ထပ်မံပြောင်းလဲစေသည်။ ကန်စောင်းတစ် လျှောက်တွင် ထူးဆန်းဖွယ်ရာ မြင်ကွင်းက မိန်းမလှလေးတစ်ယောက် လှပကျော့ရှင်းစွာ ဝတ်ဆင်ထားပြီး မျက်နှာထားက ခက်ထန်နေသည်။ သူမ၏ လက်ထဲတွင် ဓားသုံးချောင်းပူး၍ ကိုင်ထားသည်။ လူတွေ တော်တော်များများ ရှုကုန်ကြတာပေါ့။ သူမကတော့ ဘုန်းနဲ့ကံနဲ့ ခိုင် သစေင်နွယ်ပေါ့။

လူတွေက ခိုင်သစေင်နွယ် ကျောခိုင်းသွားမှ တီးတိုး တီးတိုး ဝေဖန်ကြကုန်သည်။

'ဘာတွေလဲ၊ တွေ့ရတာ အထူးအဆန်းတွေပဲ'

'ဒါ....ပထဝီမေဂျာကွင်း ခိုင်သစေင်မဟုတ်လား၊ ဘယ်သူ့ရဲ့ စာရင်းရှင်းမလို့လဲ မသိဘူး၊ ပြဿနာပဲ'

'ဓားတွေကလည်း အကြီးကြီးတွေပဲ၊ သုံးချောင်းတောင်'

www.burmeseclassic.com

www.burmeseclassic.com



'ကော့ အသည်းခွဲသွားတဲ့ကောင်တွေကို စိပိန်ခြွေဖို့လား မသိဘူး'

'လိုက်ကြည့်ရင် ကောင်းမယ်ဟေ့'

ခပ်ရွတ်ရွတ်ကျောင်းသားစုက နိုင်သစင်နွယ်ကို နောက် ယောင်ခံပြီး လိုက်ကြည့်ကြသည်။ ကျွန်တော်ရယ်၊ နေသူရယ်၊ရဲခေါင် လှိုင်ကလည်း စပ်စပ်စုစုနှင့် နိုင်သစင်နွယ်နောက် လိုက်ကြတာပေါ့။

'ပွဲကြီးပွဲကောင်းတစ်ပွဲ လွတ်သွားမှာစိုးတယ်'

နေသူက ပလုပ်ပလောင်းနဲ့ အားရပါးရ ပြောသည်။

ဘုန်းမြတ်ခန့်က ကန်ရေပြင်မှ လေညှင်းလေးကို အေးဆေး ခံယူရင်း ခြေထောက်ချိတ်ကာ ဒူးနန့်နေရဲ့။ စားပွဲပေါ်မှာလည်း ဘီလူး ခေါင်းကြီးနဲ့။

'ဝုန်း… ဂလောင်'

နိုင်သစင်နွယ်က ဒေါနဲ့ဓားသုံးချောင်းကို စားပွဲပေါ် ပစ်ချ လိုက်သည်။

'ဟာ… သစင်ပါလား၊ မတွေ့တာကြာလို့ ပိုချောလာတယ်၊ ဒီမှာလေ၊ မင်း အမေမှာထားတဲ့ ဘီလူးခေါင်းကြီး'

'ဘာ… ရှင် ကျွန်မကို ရွှဲနေတာလား ကိုဘုန်းမြတ်ခန့်၊ ကျွန်မ ထင်တဲ့အတိုင်းပဲ ရှင်ဖြစ်နေပြီ၊ ရှင်က မျက်နှာများတယ်ဆိုတဲ့ သဘောနဲ့ ဒဿဂီရိဘီလူးခေါင်းကြီး ယူလာပြတာပေါ့'

'ဟာ… မင်း ဘာတွေပြောနေတာလဲ သစင်'

ဘုန်းမြတ်ခန့်မှာ အူကြောင်ကြောင်နှင့် ဘီလူးခေါင်းကြီးကိုင် ထားသည်။

'ရှင် ဘာမှအပိုတွေ ပြောမနေနဲ့၊ ဒီမှာ ရှင်ရှာနိုင်းထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဓားသုံးချောင်း၊ ဘယ်ဓားနဲ့ ရှင်အသက်ထွက်မလဲ တစ်ခါတည်းစဉ်းစား ထား၊ ဒီမှာ ကိုဘုန်း ရှင် ကျွန်မကို ဘယ်အတန်းကမှတ်နေလဲ၊ ရှင် အပျော်တွဲပြီး ချောင်ထိုးပစ်တဲ့ မိန်းမတွေထဲမှာ ဟောဒီက သခင် မပါဘူး'

'ဟော့...ဟော့... သခင် မင်း အထင်လွဲနေပြီ၊ ငါ့မှာ ဘယ် ရည်းစားမှ မရှိဘူး၊ မင်းနဲ့တွေ့မှ အချစ်ဆိုတာ ဖြစ်ပေါ်လာတာပါ'

'ဘာ ခုမှ ရှင်လာနုပြမနေနဲ့၊ ရှင်က ကျွန်မအချစ်ကို တန်ဖိုး မထားဘဲ မျက်နှာများတဲ့လူပဲ၊ ရှင်ဟာ မင်းသားခေါင်းဆောင်းထား တဲ့ ဘီလူးပဲ'

'သခင် တစ်ခုခုတော့ လွဲချော်နေပြီ၊ ဒီဓားသုံးချောင်းကိုလည်း ကိုယ် မမှာဘူး၊ တစ်ယောက်ယောက်က နောက်လိုက်တာ ထင်တယ်'

ဘုန်းမြတ်ခန့်က ခေါင်းကုတ်ပြီး ငြင်းသည်။

'ရှင် ခုမှ ဧလည်ကြောင်ပတ် လုပ်မနေနဲ့၊ ရှင်ကိုယ်တိုင် စာစီပြီး ကျွန်မဆီ ပို့ထားတာ၊ ကောင်းတာပေါ့၊ ရှင့်ဓားတွေနဲ့ ရှင့်ကို ကျွန်မ သတ်မယ်၊ ရှင် ကျွန်မအချစ်ကို တန်ဖိုးမထားတဲ့လူ'

ခိုင်သခင်နွယ်က စိတ်ကြီးသူပီပီ လူတွေဝိုင်းအုံကြည့်နေတော့ ပိုအသည်းယားလာပြီး ဓားတစ်ချောင်းကို ဓားအိမ်က ဆွဲထုတ်လိုက် သည်။

'ရွမ်း'

'ဟာ... သခင် မင်း လွန်မယ်နော်'

ဘေးမှလူတွေက သခင့်ကို ဝိုင်းဆွဲထားရသည်။ မသင်္ကာ ခုတ်ချလိုက်ရင် မခက်ပေလော။ ဘုန်းမြတ်ခန့်ကတော့ ဘီလူးခေါင်း ကြီးကိုင်လျက်သားနှင့်။

www.burmeseclassic.com

www.burmeseclassic.com



'သစင်… သူငယ်ချင်း စိတ်ထိန်းမှပေါ့'

'ဒီလိုသစ္စာမရှိတဲ့ ကောင်ကို ဥပေက္ခာပြုထားလိုက်စမ်းပါ'

ခိုင်သစင်နှယ် သူငယ်ချင်းများက သူတို့သူငယ်ချင်းကို ဝိုင်းဆွဲထားကြသည်။ ဘုန်းမြတ်ခန့်က ချွေးစီးတွေကျလျက်…

'ကျွန်တော်လည်း ဘာမှမသိရပါလား သစင်၊ မင်းကို ငါ တကယ်ချစ်တာပါဟ၊ မင်း ဘာကြောင့် ငါ့ကို အထင်လွဲနေရတာလဲ'

'တိတ်စမ်း၊ နင် ငါ့ကိုကျောင်းထဲမှာ အရှက်ခွဲတဲ့ကောင်'

ခိုင်သစင်နှယ်က ဓားဆွဲရန်ပြင်တော့ သူငယ်ချင်းတွေက အတင်းဝိုင်းဆွဲထားရပြန်သည်။

ဝရုန်းသုန်းကား အခြေအနေများကြောင့် သက်ဆိုင်ရာရဲတွေနှင့် ကျောင်းသားရေးရာမှ ဆရာ ဆရာမများ ရောက်ရှိလာကြသည်။ ဆရာကြီးက…

'မင်းတို့ ကျောင်းသားတွေဖြစ်ပြီး ဘာတွေဖြစ်နေကြတာလဲ'

'ဟို… ဆရာကြီး သစင်က သူ့အဖေဓာတ်ဆရာကြီးအတွက် ဘီလူးခေါင်းရှာခဲ့ပါဆိုလို့ ကျွန်တော်က ရှာ… ရှာ…'

'အလကား ဆရာကြီး'

'ဘာ…'

ခိုင်သစင်နှယ်က စကားပြောလောကြီးသွား၍ အမိပွာယ်တစ်ချိုးပေါက်သွားရဲ့။

'သူ အလကားလျှာရှိုးမရှိတိုင်း လျှောက်ပြောနေတာ၊ ကျွန်မ အဖေက နိုင်ငံခြားနဲ့ ဖက်စပ်လုပ်တဲ့ ကုမ္ပဏီကြီးတွေ လေးငါးခု ဆောက်ပိုင်တဲ့ သူဌေးဆိုတာ လူတိုင်းသိပါတယ်၊ ဘာဓာတ်ဆရာမှ ဟုတ်ဘူး၊ သူ ကျွန်မကို တမင်သက်သက် ချိုးနှိမ်ချင်လို့ အရှက်ခွဲ

www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ ခုလို ဘီလူးခေါင်းကြီး ယူလာတာပါ'

'ဟော့ကောင်… ဒီသမီးလေးပြောတာ ဟုတ်သလား'

'ဟုတ်ပါတယ်၊ ဟာ… ဟုတ်ပါတယ်ဆိုတာက ဘီလူးခေါင်းကြီး ယူလာတာကို ပြောတာ'

ဘုန်းမြတ်ခန့်က အလျှောက်မတတ်တော့ ရှာတွေလည်ကုန်တော့တာပေါ့။

'သမီးကရော ဒီဓားတွေ ဘာလို့ယူလာတာလဲ'

'သူက လိုချင်တယ်ဆိုလို့၊ မယုံရင် ဒီမှာ သူ့လက်မှတ်နဲ့စာ သက်သေရှိပါတယ်'

ဆရာကြီးက ခိုင်သဇင်နွယ်ပေးသောစာကို ဖတ်ကြည့်သည်။

'ဒီလိုဆိုတော့လည်း ဟုတ်သားပဲ၊ သမီးလေးက ဓားကိုင်ပြီး ဘာလို့ သူ့ကိုသတ်မယ်တကဲကဲ လုပ်နေရတာလဲ'

'ဒါက သမီးကိုယ်ရေးကိုယ်တာကိစ္စအတွက် သူ အရှက်ခွဲလို့ပါ'

ခိုင်သဇင်နွယ်က သူ့ဘက်က ဝိနည်းလွတ်အောင် ရှောင်ထွက်သွားသည်။

'သဇင် မင်းတော်တော်ရက်စက်ပါလား၊ ငါကတော့ ချစ်ရသူဆိုပြီး တန်ဖိုးထားလိုက်ရတာ၊ ခုတော့ ဖွတ်ထွက်မှ မင်းတော်တော်ကျယ်မှန်း သိလိုက်ရတယ်၊ မာယာကို ပြောတာ၊ မင်းဟာ ဘီလူးခေါင်းဆောင်းထားတဲ့ မင်းသမီးပဲ'

'ရှင်ကရော ဘာထူးလဲ၊ ကြောင်သူတော် ကြွက်သူခိုး'

'ရုပ်ကလေးဖန်းဖြူပြီး ယောကျ်ားတကာအသည်းကို ကော်ကော်ထားမည့်ဘဲ ဖောက်ပြားကာခွဲတဲ့ မိန်းမ'

www.burmeseclassic.com

www.burmeseclassic.com



'တော်ကြတော့၊ ရှည်ရှည်ဝန်းဝန်းတွေ ငြင်းခုံရန်မဖြစ်နဲ့၊ နှစ်ယောက်စလုံး ကျောင်းသားရေးရာရုံးခန်းကို လိုက်ခဲ့၊ ဆရာရဲ့… သက်သေခံပစ္စည်းတွေပါ သိမ်းခဲ့ပါ'

ဘုန်းမြတ်ခန့်နှင့် ခိုင်သဇင်နွယ် လဒလေးတွေ အစာငတ်နေတဲ့အတိုင်း လိုက်ပါသွားတော်မူလေတယ်။ ကျွန်တော်တို့သုံးယောက်လည်း ပွဲကြည့်ပရိသတ်နေရာက ဝင်ခံစားရင်း ဝေဖန်နေကြတာပေါ့။

'ခြော်… ပထဝီကွင်းလေး သနားစရာပဲ၊ သူ့ခမျာ ဘီလူးရုပ်ရှင်ကားတောင် ကြည့်မှာမဟုတ်တော့ဘူး၊ စိတ်နာလို့'

နေသူက ကျွတ်သပ်ရင်း ပြောသည်။

ရဲခေါင်လှိုင်ကလည်း…

'ဟိုအကောင်ကတော့ ဘယ်မိန်းကလေးမှ ကြောင်ရဲတော့မှာ မဟုတ်ဘူးကွ ဟိ… ဟိ…'

'ဒီနေ့ပွဲကတော့ ဒဿဂီရိမင်းသားနဲ့ အော်မေ့ဂိုဏ်းက ဓားသုံးလက်သိုင်းသမလေးတို့ရဲ့ ပွဲပေါ့ ဟား… ဟား'

ကျွန်တော်က ကိုယ့်စကားကိုယ် သဘောကျ၍ ရယ်မောနေသည်။

'ငါ့အထင်တော့ ဒီကိစ္စမှာ တစ်ခုံတစ်ယောက်က ဝင်မွှေတာပဲ နေရမယ်'

'ဝင်မွှေတာတော့ မဟုတ်ဘူး၊ အကွက်ကျကျ စီစဉ်ပြီးမှ သူ့ညှိကွက်ထဲရောက်အောင် ပို့ဆောင်ပေးလိုက်တာပဲ'

'နေသူပြောတာ ဖြစ်နိုင်တယ်၊ ဒီနှစ်ယောက်က နဂိုကတည်းက အမြည်ထွက်ချင်နေတဲ့ နှစ်ယောက်၊ ပတ်သက်တဲ့သူ တစ်ယောက်ယောက်က အစအဆုံး ပညာခန်းပြလိုက်တာပဲ နေမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပညာရှိဟန်ဖြင့် မေးနေပွတ်၍တွေးသည်။

'ဒီလိုမျိုး အချိန်ကိုက်တာ တစ်ယောက်ယောက်ထောင်ထား တဲ့ ထောင်ချောက်ထဲ ကွဲခနဲ ဝင်တိုးမိတာပဲ၊ တော်တယ် ချီးကျူးရမှာ ပေါ့'

ရဲခေါင်လှိုင်က ဘာမှန်းမသိသူကို ချီးမွမ်းနေသည်။

'သူတို့နှစ်ယောက်နဲ့ ပတ်သက်တယ်ဆိုတော့ သူတို့သူငယ် ချင်းတွေထဲကပဲ ဖြစ်ရင်ဖြစ်၊ မဟုတ်ရင် ဘုန်းမြတ်ခနဲ့ အသည်းခွဲခဲ့ တဲ့ ကောင်မတွေထဲကဖြစ်မယ်၊ ဒါမှမဟုတ် ခိုင်သဇင် ရက်စက်ခဲ့တဲ့ ငနဲတွေလက်ချက်လား'

'ဒီလိုမျိုး တောင့်နေလှည့်ကွက်ဆင်နိုင်တာတော့ တကယ့် မဟာဉာဏ်ကြီးရှင်ပဲ၊ မင်းတို့တော့ မပြောတတ်ဘူး၊ ငါ့အထင်တော့ စေ့စေ့တွေး ရေးရေးပေါ်ပဲ၊- ပညာခန်းပြတဲ့နေရာမှာ အတော်ဆုံးက သူပဲရှိတယ်'

'ဘယ်သူလဲ ဟေ့ကောင်'

နေသူနှင့် ရဲခေါင်လှိုင်က ကျွန်တော် ထင်မြင်သုံးသပ်ချက်ကို သိချင်စောဖြင့် အတင်းမေးတော့တာပေါ့။ ကျွန်တော်လည်း ခေသူမှ မဟုတ်တာ။

'ဘယ်သူ ရှိရမလဲ၊ ရှီစီဂျင်းပေါ့'

'မင်းက ဘာကြောင့် ဒီလိုပြောနိုင်တာလဲ'

'ဒါကတော့ ငါလည်း အသေးစိတ်မပြောနိုင်ဘူး၊ တစ်ခု တော့ သိထားရမှာက ရှီစီဂျင်းဟာ ရှီစီဂျင်းမို့လို့ပဲ'

'တော်ပြီကွာ၊ ခေါင်းစားတယ်၊ ဟေ့ကောင်တွေ ဗွည်းတန်း ဘက်မှာ စာအုပ်အဟောင်းတွေ သွားရွေးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်လေးရေ ရှင်းမယ်'

နေသူက စားပွဲထိုးကို လှမ်းခေါ်လိုက်သည်။ စားပွဲထိုးလေးက...

'အစ်ကိုတို့ ရှင်းစရာမလိုတော့ဘူး၊ ခုနက အဘွားကြီးတစ်ယောက်က သူ့မြေးနေ့ဆိုပြီး အစ်ကိုတို့ဝိုင်းကို တစ်ခါတည်း ရှင်းသွားတယ်'

'သာဓုဗျာ၊ သာဓု သာဓု၊ အဘွားကြီး သက်ကျော်ရာကျော် ရှည်ပါစေ၊ ချစ်တဲ့သူနဲ့ အိုအောင်မင်းအောင် ပေါင်းနိုင်ပါစေ'

'ဟာ... မင်းဆုတောင်းကြီးကလည်း'

ပေါက်ကရပြောနေသော နေသူကို ကျွန်တော်က ပခုံးကို လှမ်းရိုက်လိုက်သည်။ ဘူဂျာလီတွေ ဒကာပေါ်တာ ကောင်းသော အလှေအထပဲပေါ့။

☐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

'မင်းတို့ကို ငါ တစ်ခုတိုင်ပင်ချင်လို့'

သက်လင်းမောင်က ကျွန်တော်တို့ကို လက်ဖက်ရည်တိုက်၊ မုန့်ကျွေးပြီး တစ်ခုခုတိုင်ပင်ဖို့ ပြောလာသည်။ သက်လင်းမောင်က ကျွန်တော်တို့နှင့်မေဂျာတူ မဟုတ်သော်လည်း သူငယ်ချင်းအရင်းတွေ ဖြစ်နေသည်။

'ပြော... သူငယ်ချင်း၊ ဘာတိုင်ပင်ချင်လို့လဲ'

နေသူက ပေါက်စီတစ်လုံးကို ကောက်ကိုင်ရင်း သွားဖြီးပြော သည်။

'တခြားတော့ မဟုတ်ပါဘူးကွာ၊ ငါလေ ဟို... ရိုစီကျင်း ကို ချစ်နေမိလို့'

'ဟမ်'

'ဘယ်လို... ဘယ်လို'

ကျွန်တော်တို့ အံ့အားသင့်ပြီး မျက်လုံးပြူးကုန်တာတော့ အမှန် ပဲ။ အီသီယိုးပီးယားနိုင်ငံတွင် ပေါင်မုန့်ပဒေသာပင်ကြီးပေါ်တက်လာ သော သတင်းထက် ထူးဆန်းအံ့သြသွားတာတော့ အမှန်အချာပင်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကွာ၊ ကြိုက်စရာရှားလို့ ဒီဥစ္စာစောင့်မကိုမှ သွားကြိုက်ရလား'

'မင်းတို့ မသိဘူး၊ ငါ့ရင်ထဲက ခံစားချက်တွေကို ပြောပြရင် တုန်မှာမဟုတ်ဘူး'

'ရှိစီကျင်း ဘယ်လောက်စွဲမက်ဖွယ်ကောင်းလဲ၊ ဘယ်လောက်ချောသလဲ၊ ဒါပဲပြောမှာ မဟုတ်လား၊ ဒါက တက္ကသိုလ်ထဲမှာရှိတဲ့ ယောကျ်ားလေးတိုင်း ပြောနေကျ ဒိုင်ကြောင်တွေပဲ'

'သူတို့နဲ့ငါ မတူတာတော့ အမှန်ပဲ'

သက်လင်းမောင်က အသည်းအသန် ကာကွယ်နေရဲ့။

'ရှိစီကျင်းက သိပ်လှည်တာကွ၊ မင်း ခါချဉ်ကောင်မာန်ကြီး တောင်ကြီးဖြို့မဲ့ အကြံ ခါးကမှသန်ဆိုသလို ဖြစ်နေမယ်နော်'

နေသူက ခါချဉ်ကောင် ဥပမာနဲ့ နှိုင်းယှဉ်ပြောသော်လည်း

'မင်းတို့ ဘယ်လောက်ပဲ တားတား၊ ငါ့မှာအရတော့ နောက်ဆုတ်ဘူး၊ ရှိစီကျင်းကို ငါ ရအောင်လိုက်မယ်၊ စိန်ခေါ်ခြင်းတစ်မျိုး ပေါ့ကွာ'

'မင်း ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်နေမယ်နော်'

ရဲခေါင်လှိုင်က မပြောကောင်းမဆိုကောင်း စကားပုံနဲ့ သတိသစ်ပေးသည်။

'တောင်ကိုမတက်ရသေးဘဲ မြင့်တယ် မပြောချင်ဘူးကွာ၊ ဆောကောင်တွေ လူနှစ်မျိုးရှိတယ်၊ တစ်မျိုးက ရှေ့တိုးသွားပြီး လုပ်စရာတွေလုပ်တယ်၊ နောက်တစ်မျိုးက ထိုင်ပြီး ဒါကို ဒီနည်းနဲ့ဘာလို့ လုပ်သလဲ စုံစမ်းတယ်၊ ငါကတော့ ရှေ့ဆက်ပြီး လုပ်စရာရှိတာ လုပ်ရမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'မင်းကွာ၊ ထိုင်နေတော့အကောင်း၊ ထသွားမှကျိုးမှန်းသိ ဖြစ်နေမယ်'

ကျွန်တော်ကလည်း တိုက်တိုက်တွန်းတွန်းပြောသည်။

'နေစမ်းပါဦး၊ မင်းက ဘယ်လိုဖြစ်ပြီး ရိုစီဂျင်းကို စွဲလမ်းသွားရတာလဲ'

'ဟိုတစ်နေ့ကကွာ၊ ငါက လှည်းတန်းကနေ ကျောင်းဘက်ကို ကားလမ်းအကူး ရိုစီဂျင်းကလည်း ကျောင်းဘက်ကနေ လှည်းတန်းဘက်အကူး လမ်းလယ်ခေါင်မှာ တွေ့ကြတာ၊ ကားလေအဟုန့်နဲ့ သူ့ဆံနွယ်က သင်းပျံ့မွှေးကြိုင်နေတယ်၊ သူ့အကြည့်တစ်ချက်စူးစူးက ငါ့ရင်ကို မီးပွင့်သလို ဟတ်ထိသွားတာပဲ'

သက်လင်းမောင်က ရင်ဘတ်ကိုဖိ၍ ပြောသည်။

'မင်းဟာက ခေါင်းလျှော်ရည်ကြော်ငြာ ကျနေတာပဲ'

'အမှတ်တမဲ့ကနေ အမှတ်တရတွေဖြစ်ခဲ့တဲ့ နေ့စွဲလေးကို ခုထိ သတိရနေတုန်းပဲ၊ ရိုစီဂျင်းဟာ ကောင်းကင်ဘုံက လွင့်ကျလာတဲ့ နတ်သမီးလေးတစ်ပါးပဲ'

'အရူး… မင်းဟာ အာရုံငါးပါးထဲက အနံ့အရသာနဲ့ သောမဲ့ကောင်း၊ တော်သေးတာပေါ့၊ ရိုစီဂျင်း ခေါင်းလျှော်လာတဲ့နေ့နဲ့ကြုံလို့ပေါ့၊ နို့မို့ဆို ဖောက်တွေသန်းတွေ မင်းနှာခေါင်းထဲ ဝင်ပြီး အသိုက်ဖွဲ့နေမှာ'

ရဲခေါင်လှိုင်က အမြင်ကတ်ကတ်နဲ့ ပြောသည်။ ကျွန်တော်က သူငယ်ချင်းတွေ ရိုစီဂျင်းနှင့် ပတ်သက်ပြီး စိတ်ဝမ်းကွဲမှာစိုး၍ ကြားထဲမှ ဖျောင်းဖျရပ်ခံရသည်။

'ကဲ… ငသက် မင်း ဘာသာမင်း ချစ်ချင်ချစ်၊ ကြိုက်ချင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်၊ ငါတို့ကိုတိုင်ပင်ရင်တော့ ဘာမှရမှာမဟုတ်ဘူး၊ ရိုစီဂျင်းနဲ့ ပတ်သက်ရင် ငါတို့က ဝေးဝေးကရှောင်တယ်၊ မင်းတော့ ရေပန်းကို ရှေပန်းထင်၊ တံလျှပ်ကို ရေထင်၊ ရှေသမင်အလိုက်မှား အပျက်ပျက် များနဲ့ နာခေါင်းသွေးထွက်တော့မယ်'

'မင်းတို့နဲ့ စကားပြောရတာ စကားပုံပေါင်းချုပ် စာအုပ်ထုတ် ဝေသူနဲ့ စကားပြောရသလိုပဲ၊ အကြံကောင်းလျှင်တစ်ချက်၊ ကံကောင်း လျှင် တစ်သက်၊ ဖူးစာဆိုတာ ဦးရာလူပဲ သူငယ်ချင်းတို့'

သက်လင်းမောင်က တားမနိုင် ဆီးမနိုင်အပြောကြီးလှသည်။

'မပြောတော့ဘူး၊ ရိုစီဂျင်းကို မင်းရရင် ငါတို့ဘေးကနေ မုဒိတာပွားမယ်၊ ဒီလောက်ပဲ တစ်ခုတော့မှာချင်တယ်၊ ရိုစီဂျင်းကို မင်း ပေါ့သေးသေးတော့ မတွက်နဲ့၊ မင်းကို အရည်ကျိုပြီး တာရာဖိနပ် လုပ်ပစ်လိမ့်မယ်'

နေသူက မတတ်သာတဲ့အဆုံး ဒွဲဒိုးပဲ ပြောချလိုက်ရသည်။ သက်လင်းမောင် မျက်နှာကြီး နေလောင်စပျစ်သီးခြောက်လို ရှုံ့မဲ့တွန့် တွသွားရဲ့။

'ရိုစီဂျင်းကို ရှာမှာကလွယ်တယ်၊ သူကို ဘယ်လိုချဉ်းကပ် ရမလဲ'

'တွေ့တွေ့ချင်း ဒူးထောက်ချလိုက်ပေါ့'

ရဲခေါင်လှိုင်က ရွှဲပြီးပြောသည်။

'တော်ပြီကွာ၊ မင်းတို့က ပြောလိုက်ရင် အပျက်သဘောတွေ ချည်းပဲ'

'သဘောပျက်ကိန်းကြုံပြီးမှ မဟာဇနကဘောင် ဘုရင်ဖြစ် သေးတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဖေးဖေးမမ ပြောပေးရှာသည်။

'မင်း အောင်မြင်ပါစေလို့ ငါတို့ ဆုတောင်းပေးပါ့မယ်၊ ရိုစီကျင်းကို မင်းသာလ က်ဝယ်ပိုင်ဆိုင်ရရှိသွားရင် တကမ္ဘာသိလ်တစ်ခုလုံး အုံးအုံးကျွတ်ကျွတ် ဖြစ်သွားမှာပဲ၊ မင်းလည်း ကျိန်းသေပေါက် ဂရင်းနစ်စံချိန်တင်သွားမှာ'

နေသူက ရိုက်ချလိုက် မြှောက်ပင့်လိုက် ဘာသာရပ်မှာ ကျွမ်းကျင်သူပီပီ စကားလမ်းကြောင်းကို ကွေ့ပြောင်းလိုက်သည်။ သက်လင်းမောင်က…

'မေယျာ မင်းက ဒီကောင်တွေ နှစ်ကောင်ထက်စာရင် ဗဟုသုတ ကြွယ်ဝသေးတယ်၊ တစ်ခုခုတော့ ပြောပါဦး'

ကျွန်တော်လည်း ဘာမှန်းမသိသော သက်ပြင်းကို ဖြည်းဖြည်းလေးချလိုက်သည်။

'ရိုစီကျင်းကို အရမ်းမချိုးကျူးနဲ့၊ ငါပြောချင်တာ ဒါပဲ'

သက်လင်းမောင် ငူတူတူဖြစ်သွားတာတော့ အသေအချာ။

*

သက်လင်းမောင်က ရိုစီကျင်းကို လှကြဲနှင့် ပန်းစည်း(နှင်းဆီ)ကို လက်ဆောင်ပေးလိုက်သည်။ ပန်းစည်းထဲမှာ စတိုလေးတစ်ခုလည်း ရေးပေးလိုက်သည်။ ကျောင်းဆင်းရင် လှည်းတန်းမှတ်တိုင်မှာ နှင်းဆီပွင့်ပုံပါတဲ့ အင်္ကျီမည်းလေးဝတ်ပြီး စောင့်နေမယ်ပေါ့။ လိုတိုရှင်း ပြတ်ပြတ်သားသားပဲ။ အခု သက်လင်းမောင် လှည်းတန်းမှတ်တိုင်မှာ ရင်ခုန်သံတွေ တဒိန်းဒိန်းနှင့် စောင့်နေသည်။ ရိုစီကျင်း ဘာပါမလားတွေးရင်းနဲ့ စိတ်မောရင်း မောနေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ရိုစီဂျင်းသည် အညိုရောင်ဝမ်းဆက်လေးဖြင့် အများနဲ့မတူ ရှင်းသန့်သစ်လွင်စွာ မှတ်တိုင်ဘက်သို့ တစ်ဦးတည်း လျှောက်လာသည်။ သက်လင်းမောင် ရိုစီဂျင်းနှင့် ရင်ဆိုင်ရမှာ ရင်ခုန်သံကတစ်ဖက်၊ ကြောက်စိတ်ကတစ်ဖက် လွန်ဆွဲလျက်ရှိသည်။ ဘာစကားကို ဘယ်ကဘယ်လိုစပြောရမှန်း မသိပေ။ လည်ချောင်းထဲမှာလည်း အလွတ်ကျက် နှလုံးသားဒိုင်ယာလော့တွေက ငါးအရိုးဆူးနေသလို ခိုးလို့ခုလုနဲ့။ သက်လင်းမောင် အရဲကိုးကာ ရိုစီဂျင်း လာတဲ့လမ်းမှာ မတ်တပ်ရပ်စောင့်နေလိုက်သည်။ ရိုစီဂျင်းက ခြင်္သေ့ပျိုမကဲ့သို့ တစ်လှမ်းချင်း လျှောက်လာလေပြီ။ သက်လင်းမောင် အနားသို့ ရိုစီဂျင်း ရောက်သောအခါ...

'ရှင်ပေးတဲ့ နှင်းဆီပန်းတွေထဲမှာ ပုရွက်ဆိတ်တွေ ပါလာတာ ရှင်သိလား'

'ဗျာ'

ဖြုန်းခနဲမို့ သက်လင်းမောင် အူကြောင်ကြောင်ဖြစ်သွားတာပေါ့။

'ကျွန်မက နာမည်သာနှင်းဆီ၊ ခရေစီက နှင်းဆီပန်းမဟုတ်ဘူး၊ ထားပါတော့၊ ရှင် ဘာသဘောနဲ့ ဒီလိုပန်းပေးရတာလဲ'

'ကိုယ် ရိုစီကို အချစ်သင်္ကေတတစ်ခုအနေနဲ့ ပေးမိတာပါ'

'အလို... ပွင့်လင်းလှချည်လား၊ မဆိုးဘူး၊ တွန့်ဆုတ်တွန့်ဆုတ်နဲ့ ရည်းစားစကားပြောတဲ့သူထက်စာရင် သာသေးတယ်၊ ရှင်ဘာလို့ ကျွန်မကို ကြိုက်တာလဲ၊ ကျဆုံးသွားတဲ့ သူငယ်ချင်းတွေအတွက် မခံချင်စိတ်နဲ့ ကြိုက်တာလား၊ သူများယောင်လို့ လိုက်ယောင်ပြီး ချော်လဲရောထိုင်ကြိုက်တာလား၊ ကုန်ပစ္စည်းအသစ်တစ်ခုကို စမ်း

www.burmeseclassic.com

www.burmeseclassic.com



သစ်သုံးကြည့်သလိုမျိုး ကြိုက်တာလား'

'ကိုယ့်ရင်ထဲက နှစ်နှစ်ကာကာချစ်တာပါ'

'ရင်ဘတ်ထဲက တကယ်ထွက်လာတဲ့အတိုင်းပဲနော် ခစ်'

ရိစီကျွင်းက ကဗျာဆန်စွာ တစ်ချက်ရယ်သည်။

'ရိစီ့ကို တကယ်ချစ်ရင် ရိစီ အနှံ့အတာနဲ့ စမ်းသပ်မှုကိုတော့ ခံနိုင်ရည်ရှိရမယ်၊ ရှင် နားထင်ကို အပ်စိုက်ပြီး အချစ်သူရဲကောင်းတော့ မရွေးဘူး၊ အခု ကျွန်မအိမ်က ကားဝပ်ရှော့ပို့ထားလို့ လာမကြိုဖြစ်ဘူး၊ လူလောက သဘာဝအကြောင်း လေ့လာချင်လို့ လိုင်းကားစီးပြီး ပြန်ချင်တယ်၊ ရှင် ရိစီဘေးမှာ အဖော်အဖြစ် လိုက်ပေးနိုင်မလား'

'ဟာ... ပို့ပေးနိုင်ပါတယ်၊ ပို့ပေးနိုင်ပါတယ်'

သက်လင်းမောင် အငမ်းမရပြောသည်။ ရိစီကျွင်းကို လိုက်ပို့ခွင့်ရတာဟာ အင်္ဂလန်ဘုရင်မကြီးကို ကုန်းပိုးပြီးလိုက်ပို့ခွင့်ရတာထက် တန်ဖိုးရှိလှသည်။

'ရှင်တို့ယောကျ်ားတွေ ဒါပဲ'

ရိစီကျွင်းက မှတ်ချက်ချသည်။

လှည်းတန်းကားမှတ်တိုင်ကနေ မြို့ထဲသို့ စီးရမဲ့လမ်းကြောင်း ဆိုတော့ ဒီအချိန် လူနည်းနည်းတော့ကြပ်မယ်။ သက်လင်းမောင်က အလိုက်သိစွာဖြင့်...

'ရိစီ ခြင်းလေးပေးထားပါလား၊ ကိုယ် ကိုင်ပေးမယ်'

ရိစီကျွင်းက အလိုက်သင့်ပဲ ခြင်းကို ပေးကိုင်ခိုင်းသည်။ သက်လင်းမောင်မှာ ရာမမင်းသားလေးတော်ကို ရသလို ဝမ်းသာပီတိတွေ တစ္ဆိစ္ဆိဖြစ်ကုန်ရဲ့။

၅၁ ကားကြီး လှည်းတန်းမှတ်တိုင်ကို ဆိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ကိုအဝှာ… သွားကြမယ်'

လှည်းတန်းမှာ လူတက်နည်းပြီး လူဆင်းများသည်။ ကားပေါ် တက်တက်ချင်း လွတ်သွားသော ထိုင်ခုံတွင် နှစ်ယောက်စလုံး ယှဉ်တွဲ လျက် နေရာရသည်။

'တောက်… ခွေးသူနိုးဓေယျာတို့ နေသူတို့တွေ့ရင် ကိုယ့်ကိုယ် ကိုယ် သတ်သေချင်စိတ်တောင် ပေါက်သွားမယ် ဟိ'

သက်လင်းမောင် တွေးပြီး ကြိတ်ပျော်နေသည်။ လှည်းတန်း မီးပွိုင့်လွန်သော် တံတားဖြူမှတ်တိုင်တွင် လူတက်များလာသည်။

'ကဲ… အထဲကို တိုးကြနော်၊ နောက်မှာအချောင်ကြီး၊ ကားခ လေးတွေလည်း ထုတ်ထားကြပါနော်'

လူတွေက နောက်သို့စုဝင်လာသည်။ သက်လင်းမောင်တို့ ထိုင်နေသော ခုံက နောက်ဆုံးတန်းအတွဲခုံကြီးရဲ့ အလယ်မှာဖြစ်သည်။

'ကိုအဝှာ… ရှင် ကျွန်မကို တကယ်စိတ်ဝင်စားလား'

'ဘယ်လိုပြောလိုက်တာလဲ ရိုစီရာ၊ အတိုင်းထက်အလွန်ပေါ့ ဗျာ'

'ဒါဆို ရှင့်ကို ရိုစီ ပေါ့ပေါ့ပါးပါး တစ်ခုခိုင်းမယ်၊ လုပ်နိုင် ရင် ရှင်လိုချင်တာရမယ်၊ လိုင်းကားပေါ်မှာပဲ ခိုင်းမယ်'

သက်လင်းမောင် နည်းနည်းတော့ ဖြန့်သွားရဲ့။ ဒါပေမဲ့ ကတိ ပေးပြီးသားမို့

'အေးဆေးပါ၊ ရိုစီ ခိုင်းတာကို သေသေချာချာလုပ်ပါ့မယ်'

'ရှင့်ကို ခက်ခဲတာတွေ မခိုင်းပါဘူး၊ ရှင် တကယ်လုပ်နိုင် မလုပ်နိုင်ဘဲ သိချင်တာ'

'ပြောပါ၊ ကိုယ် စွမ်းဆောင်နိုင်ပါတယ် ရိုစီ'

www.burmeseclassic.com

www.burmeseclassic.com



သက်လင်းမောင်က သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာ ပြောသည်။

‘ရှိစီခြင်းတောင်းထဲမှာ ဂေါ်စီလာခြင်ဆေးခွေဗူး တွေ့သလား၊ အဲဒါ ခြင်ဆေးခွေနှစ်ချပ်ပူးကို အခု ဒီလိုင်းကားပေါ်မှာ တစ်ချပ်ချင်း ဖြစ်အောင်ခွာ၊ ပြုတ်ထွက်ခြင်း၊ ပဲ့ထွက်ခြင်းမရှိစေရဘူး၊ ဘယ်လိုလဲ’

ရှိစီဂျင်းက ချစ်စဖွယ်ပြုံးရင်း တိုးတိုးလေးဆိုသည်။ သက်လင်းမောင် အကြပ်ရိုက်သွားသည်။ ဒီကိစ္စက လွယ်မယောင်နဲ့ ခက်နေ၏။ လိုင်းကားပေါ်မှာ ခြင်ဆေးခွေခွာရတာက အကိုင်အတွယ် နူးညံ့မှုဖြစ်မှာ။ ဒါပေမဲ့ ရှိစီဂျင်းကို ကတိကဝတ်တွေ ပေးထားပြီးသားမို့ မလုပ်နိုင်ရင်လည်း ယောကျ်ားသိက္ခာ လုံးလုံးလျားလျား ကျဆုံးမည်။

‘ရှိစီဂျင်းကလည်း အလွယ်ဆုံးကိုမှ လာခိုင်းနေတယ်’

သက်လင်းမောင်က အရင်ဆုံး ခြင်ဆေးခွေဗူးကို အရင်ထုတ်လိုက်သည်။

အထူးအဆန်းနှင့် ဘေးကလူတွေနဲ့ ရပ်နေတဲ့လူတွေက ဝိုင်းကြည့်ကြသည်။ ဒီလူ ဘာကြောင်တာလဲပေါ့။

ကားက မြေနီကုန်းမှာ လူအပြည့်အသိပ်ဖြစ်သွားသည်။ သက်လင်းမောင် ခေါင်းချွေးတွေ ပြန်နေပြီ။ ပထမဆုံး ခြင်ဆေးခွေတစ်ခွေကို နှစ်ခုရအောင် ခွာရတာလက်တွေတုန်နေသည်။ လူတွေရဲ့အကြည့်တွေကြောင့် ကိုယ့်ကိုယ်ကိုယ်လည်း ရှက်လာတာပေါ့။ ကားကမောင်းနေတော့ ခြင်ဆေးခွေခွာတဲ့အလုပ်က တကယ့်ကို ပင်ပင်ပန်းပန်း ဖြစ်နေသည်။ ငြိမ်ငြိမ်သက်သက် ခွာလို့မရသည့်အချက်၊ ပတ်ဝန်းကျင်ရဲ့ အထင်အမြင်တွေကြောင့် ခွာရသည်မှာ လက်ရမ်းသည့်အချက်၊ ခြင်ဆေးခွေထိခိုက်ကျိုးပဲ့ခြင်းမရှိစေရသော အချက်တွေကြောင့် သက်

www.burmeseclassic.com

www.burmeseclassic.com



လင်းမောင် အူကြောင်ကြောင်နှင့် ခြင်ဆေးခွေတစ်ခွေကို ဖြစ်ဖြစ်မြောက်မြောက် မခွာရက်နိုင်ပေ။ အမျိုးမျိုး ရိုက်ခတ်မှုတွေကြောင့် လက်နှစ်ဖက်ကြားက ခြင်ဆေးခွေကို ပိုးမွေးသလို ဂရုစိုက်နေရတာက တစ်ကြောင်းလည်း ပါလေ၏။

ခုထိ တစ်ခွေကိုမှ မခွာနိုင်သေး။

'ဆရာရေ… ဝမ်းသရီးပါလာတယ်'

စပယ်ယာက အောက်ကားပါလာသဖြင့် ယာဉ်မောင်းအား သတိပေးရာ ယာဉ်မောင်းမှာ ပြိုင်ကားပြိုင်ပွဲဝင်သလို မောင်းလေပြီ။ ကားတစ်ချက်အရမ်းမှာ သက်လင်းမောင် လက်ထဲရှိ ခြင်ဆေးခွေ တစ်ခွေ ဟန်ချက်ပျက်ကာ အလယ်ခွေအကွေးလေး ပျောက်ခနဲ ကျိုးသွားသည်။ သက်လင်းမောင်မှာ သေသေချာချာ ချိန်ပစ်သော သားကောင် လွတ်သွားသလိုဖြစ်ကာ သွားပြီဟု မြည်တမ်းရလေသည်။ သေပြီ။ ရှိစီဂျင်းအချစ်နှင့် ဝေးလေပြီ။

'ဒုတိယအခွေလေး ကြိုးစားထုတ်ကြည့်ပါဦး'

ရှိစီဂျင်းရဲ့ ပျော့ပျောင်းနူးညံ့သော အသံလေးပေါ်လာပြန်သည်။ ဒါပေမဲ့ သက်လင်းမောင် ဒုတိယအခွေလည်း ကြိုးစားမထုတ်နိုင်တော့။

ကားက ဘုန်းကြီးလမ်းစံပြမီးပွိုင့်မှာ မီးစိမ်းနေသည်ကို အတင်းစွတ်ဖြတ်ရာမှ ရုတ်တရက်မီးနီသွား၍ ဘရိတ်ကိုဆောင့်အုပ်လိုက်ရာ ကားပေါ်မှလူများ ဟန်ချက်တွေပျက်ကုန်သည်။ လက်တန်းကို မိမိရရမကိုင်ထားသော မိန်းမဝဝကြီးတစ်ဦးသည် နောက်သို့ယိုင်သွားကာ မထိန်းနိုင်ဘဲ သက်လင်းမောင် ပေါင်နှင့်ကိုယ်ပေါ်သို့ ဖင်ဆိုင်လျက် ပြုတ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'အောင်မလေး သေပြီ၊ မသာကောင်တွေ၊ ကားကိုအတင်း မောင်းရသလား'

မိန်းမကြီး ပြုတ်ကျသောအရှိန်ကြောင့် ခြင်ဆေးခွေတစ်ဗူးလုံး ပိန့်ချိုင့်ကာ အထဲမှမထုတ်ရသေးသော အခွေများ အကုန်လုံး ကျိုးကြေ ပွဲထွက်ကုန်သည်။ မိန်းမကြီး၏တင်ပါးကြီးက သက်လင်းမောင်ပေါင် ကို အရှိန်ပြင်းပြင်းဝင်ဆောင့်သဖြင့် သက်လင်းမောင်မှာ ငယ်သံပါ အောင် အော်မိသည်။

'အောင်မလေးဗျ'

သက်လင်းမောင် ညစ်ညစ်နဲ့ မိန်းမကြီးကို မဲ၍အော်မိသည်။

'ခင်ဗျားကလည်း တန်းလေးဘာလေး သေချာကိုင်ထားပါ လား၊ ဒီမှာ အကုန်ကျိုးကြေကုန်ပြီ'

'ဟဲ့… အကောင် ကားက ဒရကြမ်းမောင်းနေတာ၊ နင်သာ ရှူးကြောင်မူးကြောင်နဲ့ ခြင်ဆေးခွေတွေ လျှောက်ခွာနေတာ၊ အရှုးရဲ့'

မိန်းမကြီးကလည်း သူ့အပြစ်ကိုဖုံးကာ သက်လင်းမောင်ကို အရင်ပြောတာပေါ့။ ကားပေါ်ကလူများက သက်လင်းမောင်ကို ကြည့် ပြီး ဝိုင်းရယ်ကြသည်။

'ကျုပ်ဘာသာကျုပ် ဘာပဲလုပ်လုပ် ခင်ဗျားအပူလား'

'ဟဲ့အကောင် မိုက်ရိုင်းလှချည်လား၊ ဒါ မတော်တဆဖြစ်တာ ပဲ'

မိန်းမကြီးက ကတ်ကတ်လန်အောင် ရန်တွေ့သည်။ သက် လင်းမောင်မှာ နာကလည်းနာ၊ နံကလည်းနံဖြစ်နေပြီ။ အရှက်လည်း ကွဲရချေပြီ။ စပယ်ယာက ကြားထဲမှ လာရောက်ဖျောင်းဖျရပ်ခံ ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲကတော့ ပြီးသွားပြီ။ ဆူးလေရောက်တော့ သက်လင်းမောင်လည်း မျှော်လင့်ချက်လေးရှိလိုရှိငြား နှင့် ရှိစီကျင်း နောက်ကို လိုက်ရန် ဖြင်သော်လည်း နောက်ကျသွားခဲ့ချေပြီ။

'ကဲ... ကိုအငှာ... ရှင့်ကြောင့် ကျွန်မ ခြင်ဆေးခွေတစ်ဗူးလုံးလည်း အကျိုးအကြေတွေ ဖြစ်ကုန်ပြီ၊ ရှင့်အတွက်ရလဒ်ကတော့ ကျွန်မကို ထပ်မနှောင့်ယှက်ဖို့ပဲ၊ ရှင် ကျွန်မကို ချစ်တာတွေကို ပြည်ဖုံးကားချလိုက်ပါတော့'

'ဗျာ'

'ကျွန်မ ရှင့်ကိုပေါက်ကရတွေ ခိုင်းတယ်လို့ မထင်နဲ့၊ ရှင့်ကို ကပ်သီးကပ်သပ်နဲ့ ပညာပေးတယ်လို့ ခံယူထားပါ၊ ကျွန်မကို ရင်ခုန်အောင်လုပ်မဲ့ ယောက်ျားအမျိုးအစားထဲမှာ ရှင် လုံးဝဥဿုံ မပါဝင်သေးဘူး၊ ဆောရီးပဲ'

ရှိစီကျင်းက ယနေ့တိပြတ်ပြောလိုက်ရာ သက်လင်းမောင်မှာ ဘာမှပြန်မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။ တွေတွေကြီးနဲ့...

'ရှိစီ မင်းကို ကိုယ် တကယ်ချစ်တာပါ'

'ဝမ်းနည်းပါတယ် ကိုအငှာ... ကျွန်မ ယောက်ျားတွေကို စိတ်ဝင်စားမှုရှိလာမဲ့နက္ခတ်နဲ့ မကြုံသေးဘူး'

'ရှိစီ ကိုယ့်ကို နောက်ထပ်အခွင့်အရေးလေးတစ်ခုလောက်တော့ ပေးပါ'

သက်လင်းမောင်က စွဲမလျှော့သေးဘဲ ထပ်အတွန့်တက်ပြန်သည်။

'လူတစ်ယောက်အတွက် အခွင့်အလမ်းဆိုတာ တစ်ကြိမ်ပဲ

www.burmeseclassic.com

www.burmeseclassic.com



လာတယ်၊ ကျွန်မ ရှင့်ကို အားလည်းအားနာတယ်၊ ဝမ်းလည်းဝမ်းနည်းတယ်၊ ကျွန်မလို မာယာပရိယာယ်ကြွယ်ဝတဲ့ မိန်းမအတွက် ရှင် အလဟဿ အချိန်တွေ အကုန်မခံပါနဲ့တော့၊ ရှင့်အတွက် ထိုက်တန်တဲ့ဖူးစာရှင် တစ်နေ့နေ့ တစ်ချိန်ချိန် ရောက်လာမှာပါ'

'ရှိစီ မင်း တကယ်ရက်စက်တော့မှာလား'

'ဟ… ဒါ ရက်စက်တာမှ မဟုတ်ဘဲ၊ ငြင်းပယ်တာလေ၊ ဘယ်သူမဆို ကိုယ်မကြိုက်တဲ့အရာကို ငြင်းပယ်ပိုင်ခွင့်ရှိတယ်၊ တော်မင်းတောင် မင်းစည်းမြိမ် ကာမဂုဏ်အရသာတွေနဲ့ သွေးဆောင်ဖြားယောင်းတာကို စကားမပြောခြင်းနဲ့ ငြင်းပယ်သေးတာပဲ၊ ရှင်လည်း တကယ်ဆို ကျွန်မကို ဘာစကားမှထပ်မပြောတော့ဘဲ အေးအေးလေး ထွက်သွားတာကောင်းမယ်'

ရှိစီဂျင်းက လှပစွာပြုံး၊ အချက်ကျကျပြော၍ ထွက်သွားရန် ပြင်စဉ် တစ်ခုခုကို သတိရသွားဟန်ဖြင့်…

'ဆရာသမား ဒါလေးတော့ အမှတ်တရ သိမ်းထားပေါ့'

သက်လင်းမောင်ကို ခြင်ဆေးခွေဗူးလေး ပြန်ပေးခဲ့သည်။ သက်လင်းမောင်မှာ ငေးတိငူတူငိုင်တိုင်တိုင်နဲ့ ကျန်ရစ်ခဲ့ရှာသည်။ ခြင်ဆေးခွေတွေလို သူ့အသည်းတွေလည်း တစ်စစီ ကျိုးပဲ့ကြေကုန်ပြီလေ။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

ဒီနေ့ မြို့ထဲရှိ မဂ္ဂဇင်းတိုက်များသို့ ကဗျာများ သွားပို့ရန် ကျွန်တော်တစ်ယောက်တည်း ထွက်လာခဲ့သည်။ မှတ်တိုင်တွင် ကား စောင့်နေသည်။ ကျွန်တော်က ကဗျာလေးတွေ ရေးရတာ ဝါသနာ ပါသလို ခေတ်ပေါ်ကဗျာတွေကိုလည်း မလွှတ်တမ်း မဟားဒရား ဖတ်ပြီး ဝိဝါဒကွဲပြားပုံ၊ အယူအဆနှင့် နမိတ်ပုံတွေကို စွဲစွဲမြဲမြဲ လေ့လာနေသူလည်း ဖြစ်သည်။ ကဗျာအပုံသင်စဆိုလည်း မမှားပေ။ လက်ရှိကဗျာလောက၏ အကြောင်းတွေကို တတ်သလောက်မှတ် သလောက် လေ့လာတီးခေါက်မိပြီးပါပြီ။ မဂ္ဂဇင်းအယ်ဒီတာများ၏ ဝါဒတွေကိုလည်း ချိုင့်သုံးသပ်မိခဲ့ပြီးပါပြီ။

'ဟေ့… You ဘယ်သွားမလို့လဲ'

ကျွန်တော့်ကိုခေါ်သံကြောင့် မှန်ကြောင်နှင့်မြူးတူးတူးလှည့် ကြည့်မိသည်။ နောက်ဆုံးပေါ် လင်ခရုဆာကားကြီးပေါ်မှ ခေါ်သံဝင်။ ကားက အနားကပ်တွင်ဖြစ်ပြီး ကားမောင်းသူအမျိုးသမီးက သူ့မျက်နှာ ဖြူဖြူကြီးကို ချွတ်လိုက်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



'ဗုဒ္ဓေါ'

ကျွန်တော့်လည်ချောင်းထဲ တွက်ကျလာတဲ့ အာမေဋိတ်တွေကို ဖြစ်ညှစ်ထိန်းချုပ်လိုက်ရသည်။ ရိုစီကျွင်း။ ရိုစီကျွင်းပါလား။ အဘယ်ကြောင့် သူ့အားနှုတ်ဆက်ရပါသနည်း။ ဘာပတ်သက်မှုမှလည်းမရှိ။ ရန်ငြိုးရန်စလည်းမရှိ။ လူများနှုတ်ဆက်ရအောင်လည်း ရိုစီကျွင်းက ကျားသတ္တဝါတွေနဲ့ ပတ်သက်မှုမှမရှိ။ အစွရေးနဲ့ ပါလက်စတိုင်းချစ်ကြည့်ရေးဘောလုံးပွဲ ကန်တာကို တီဗွီမှ တိုက်ရိုက်ကြည့်ရှုခွင့်ရသလိုမျိုး အံ့သြတုန်လှုပ်သွားစေတာတော့ အမှန်ပင်။ ရိုစီကျွင်းက သားကောင်ရှာမတွေ့လို့ သူ့ကို သားကောင်အဖြစ်ထားပြီး ပစ်မှာလား။ ပြဿနာပဲ။ မိန်းကလေးတွေက ကိုယ် မပတ်သက်လည်း သူတို့လာ ပတ်သက်နေကြသည်။

'You ဘာဖြစ်နေတာလဲ၊ ပြူးကြောင်ကြောင်နဲ့'

'ခင်ဗျာ… ဟို… ဟို'

'ဟိုတွေ ဒီတွေလုပ်မနေနဲ့၊ You ပုံစံက ရယ်နေရတယ်၊ လာ ကားပေါ်တက်၊ You မြို့ထဲသွားမှာ မဟုတ်လား၊ လိုက်ပို့ပေးမယ်'

ဘုရားရေ။ ကျွန်တော် အိပ်မက်ပင် မက်နေရှာသလား။ ဒါတွေဟာ မာယာတစ်သိန်း အပလိန်းအနန္တတွေလော။ အာရုံငါးပါး မြူဆွယ်လို့ ဘီလူးမတွေ အစားခံရတဲ့ ပုံပြင်လည်းရှိသေးတယ်နော်။ ရိုစီကျွင်းကိုယ်တိုင် စိတ်လိုလက်ရ တကယ်ပဲခေါ်လေသလော။ တွေး လေလေ ဝေးလေလေ ဖြစ်နေရဲ့။

'ကဲ… ပူမနေနဲ့၊ You လာ၊ ကားပေါ်တက်၊ You တို့ တို… ကိုက်မစားပါဘူး၊ You မြန်မာစာမေဂျာက ဧယျာဆိုတာ သိပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ကဗျာလေး စာလေးရေးတယ်၊ နာမည်က လေလွင့်ဝေ မဟုတ်လား'

ကျွန်တော် ဒုတိယမ္ဗို အံ့ဩသွားပါသည်။ ရိုစီကျင်း မသိတာ ဘာမှမရှိပါလား။ ရိုစီကျင်း မျက်နှာလေးကို အနီးကပ်မြင်ခွင့်ရပေမယ့် စေ့စေ့မကြည့်ရဲတာတော့ ကျွန်တော့်အတွက် ဆုံးရှုံးသွားတဲ့ အခွင့် အရေးတစ်ခုပဲ။ နောက်ခါလာမှ နောင်ခါရှင်းမယ်။ ဖြစ်ချင်ရာ ဖြစ်ပဲ။ ကျွန်တော် ရိုစီကျင်းကားပေါ်သို့ ခွေ့ခနဲ တက်ခဲ့သည်။ ကားထဲ လှတ် ထားတဲ့ အဲယားကွန်းဓာတ်က အေးစိမ့်စိမ့်နှင့်။ ကားကလေးက အငြိမ့် လေးမောင်းနေရဲ့။

'တစ်ခုခု စားရအောင်၊ ရိုစီ ကျွေးပါ့မယ်'

'ဟာ… ရပါတယ်၊ မစားတော့ပါဘူး'

ကျွန်တော့်က အကြောက်အကန် ငြင်းဆန်သလို ဖြစ်သွားရဲ့။

'အောင်မလေး You ကလည်း ရိုစီ အဆိပ်ခတ်မကျွေးပါ ဘူး၊ ရဲရဲဝံ့ဝံ့စားပါ၊ You က တို့အတွက် ခင်စရာကောင်းတဲ့ ကောင် ကလေးတစ်ယောက်ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ရိုစီစိတ်က You အပေါ်မှာ တသမတ်တည်းရှိမှာပါ'

လောကပါလ နတ်မင်းကြီးလေးပါး။ ဒီစကားတွေက တကယ် ပြောတာတွေရော ဟုတ်ရဲ့လား။ ရိုစီကျင်းပါးစပ်က ထွက်လာတာ သေချာပါသည်။ ကျွန်တော်ကို ဆော့ကစားမလို့ စကားလမ်းခင်းတာ လားမသိ။

ခုတော့ ကျွန်တော် သူ့လက်ခုပ်ထဲက ရေ၊ ပခြုပ်ထဲက ရေမြွေလေးတစ်ကောင် ဖြစ်နေပြီ။

'ဟား… You ကြည့်ရတာ အံ့ရမ်းရယ်ရတာပဲ၊ ဘာဖြစ်၊ ရိုစီကို ကြောက်နေတာလား၊ ရှိန်နေတာလား၊ ဘာတွေမဝံ့မရဲဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ အင်းပေါ့လေ၊ ရှိစီသတင်းတွေက You ကြားရသလောက် ကောင်းတာတစ်ခုမှ ရှိမှမရှိတာ'

'အဲ… အဲဒီလို မဟုတ်ပါ… ပါဘူး'

'အဲဒါဆို ပုံမှန်လေးပဲ နေလေ၊ ရှိစီ You ကို ဘာမှမလုပ်ပါဘူး'

ရှိစီဂျင်းက ကားကိုကော်ဖီဘားတစ်ခုရှေ့ ရပ်လိုက်သည်။ ကျွန်တော်လည်း ယောင်တောင်တောင်နဲ့ ရှိစီဂျင်းခေါ်ရာ ဆိုင်ထဲသို့ လိုက်လာခဲ့ရသည်။ ခြသေ့ဂျီမနောက် လိုက်ရရှာတဲ့ သိုးတစ်ကောင်လို။

'You မှာလေ၊ တစ်ခုခုပေါ့'

'ကော်ဖီအေးတစ်ခွက်ပဲ ပေးပါ'

'တို့ကိုတော့ မစ်ရှိတ်တစ်ခွက်ပေး'

စားပွဲထိုးလေးက တိုက်ဂေါပုံပေါက်ဖြစ်နေသော ကျွန်တော်နှင့် လှပပြီးခေတ်ဆန်သော ရှိစီဂျင်းကို တစ်လှည့်စီ ငေးကြည့်ရင်း အတွေးတွေ ပလုံစီထနေပုံရသည်။ ကျွန်တော် မနေတတ် မထိုင်တတ် ဖြစ်နေတာတော့ ကြာပြီ။

'You ကို You လို့ ခေါ်ရတာ မကောင်းဘူး၊ ကဗျာနာမည် လေးပါသွားအောင် လွှင့်လွှင့်လို့ ခေါ်မယ်၊ ချိုင်းနားနာမည်လိုလို ဘာလိုလိုနဲ့'

ကျွန်တော့်ကိုတောင် တကူးတက နာမည်ပေးလိုက်သေး၏။

'ကောင်းသားပဲ အဲဒီနာမည်လေးက'

'လွှင့်လွှင့် မှတ်မိသေးလား၊ ဟိုတစ်ခါ ကင်တင်းမှာ ရှိုင် သခင်နွယ်နဲ့ ဘုန်းမြတ်ခန့်တို့ အချေအတင်ဖြစ်ကြတာ လွှင့်လွှင့်တို့

www.burmeseclassic.com

www.burmeseclassic.com



လည်း သေားပိုင်းမှာရှိတာယ်လေ၊ အဲဒီမှာ လွှင့်လွှင့်က ရှိစီ လက်ချက်လို့ တပ်အပ်ပြောခဲ့တယ်နော်၊ အဲဒီကတည်းက ရှိစီက လွှင့်လွှင့်ကို စိတ်ဝင်စားခဲ့တာ'

'အဲဒါ ကျွန်တော် ရမ်းသမ်းပြောခဲ့တာပါ'

ကျွန်တော်က ကမ္ဘာရှုးထိုးတွေ စွတ်ပြောနေရဲ့။

'ထားပါတော့၊ ရှိစီ တစ်ခုမေးမယ်၊ လွှင့်လွှင့် ရှိစီနဲ့ အခုလို တစ်ယောက်ချင်းတွေ့ရလိမ့်မယ်လို့ မျှော်လင့်ခဲ့ဖူးသလား'

'အိပ်မက်တောင် မမက်ခဲ့မိပါဘူး'

ရှိစီကျွင်းက သဘောကျ၍ ရယ်မောလေသည်။

'အခုလိုတွေ့ရတော့လည်း ဘာများထူးခြားသွားသလဲ'

'အမှန်အတိုင်းပြောရရင် ကျွန်တော် မိန်းကလေးတွေနဲ့ အရောတဝင် သိပ်မနေဘူး၊ ခုလို မရှိစီနဲ့တွေ့ရတာ ကျွန်တော် တစ်ခုခု တုန်လှုပ်မိတာတော့ အမှန်ပဲ၊ ဘာထူးခြားသွားသလဲ ဆိုရင်တော့ ကျွန်တော် တုန်လှုပ်စိတ် အရင်းခံပြီး မရှိစီနဲ့တွေ့ခဲ့တာ ကဗျာတစ်ပုဒ်ရဲ့ အနှစ်သာရတစ်ခုတော့ ရခဲ့မယ် ထင်တာပဲ'

'လွှင့်လွှင့်က ရှိစီကို ကဗျာစပ်ချင်တဲ့သဘောလား'

'ဒါကလည်း စိတ်ကူးပေါ်မှာ ချိတ်ဆက်မိတာပါ၊ ကိုယ်သွားချင်တဲ့လိပ်စာကို မြေပုံချပြီး ရှာတာနဲ့၊ အဲဒီလိပ်စာမတွေ့မချင်း တစ်လမ်းဝင်တစ်လမ်းထွက် ဆော်နေတာ ဘယ်ဟာပိုလွယ်မလဲ၊ ကျွန်တော်တို့ ကဗျာဆရာတွေက မြေပုံထဲကအတိုင်း လျှောက်သွားနေကြပါတယ်'

ကျွန်တော်လည်း အရဲကိုး၍ ရှေ့တိုးပြောခဲ့တာတွေကို ရှိစီကျွင်း သဘောတွေသွားပုံပဲ။ ကျွန်တော်လည်းခုမှ ရှိစီကျွင်းကို သေသေချာချာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိသည်။ သူများတကာတွေ ချီးကျူးချင်စရာပဲ။ တကယ့်ကို ခြောက်ပြစ်ကင်း သဲလည်းကင်းစင်သော မင်းသမီးလေးတစ်ပါးပင်။ လူတိုင်း စိတ်ဝင်စားစရာဖြစ်လောက်အောင် ဆွဲဆောင်မှုရှိတာ မှန်သွားချေပြီ။

'လွှင့်လွှင့်ကို ရှိစီ အရမ်းခင်သွားပြီ၊ ရှိစီတွေ့သမျှ ယောကျ်ားလေးတွေထဲမှာ လွှင့်လွှင့်ဟာ တစ်မျိုးတစ်ဘာသာကွဲထွက်နေတဲ့ လူတစ်ဦးပဲ'

'ကျွန်တော်လည်း မံထင်မှတ်ဘဲ ရှိစီနဲ့ခုလို ခင်ခွင့်ရတာရော၊ ကော်ဖီအတူသောက်ခွင့်ရတာရော တကယ့်ကို ကျေနပ်းတင်မိပါတယ်၊ ကျွန်တော့်ဘဝမှာ အံ့ဩစရာအကောင်းဆုံး သုံးကြိမ်တိတိဖြစ်ခဲ့ဖူးတယ်၊ ပထမအကြိမ်က ကောင်မလေးတစ်ယောက်ကို စတင်တွေ့ဆုံမိတဲ့ အကြိမ်၊ ဒုတိယအကြိမ်က မဂ္ဂဇင်းမှာ ကျွန်တော်ကဗျာတစ်ပုဒ် စပါတဲ့ အကြိမ်၊ တတိယက အခု မရှိစီနှင့် ရင်းရင်းသားသား ရင်းနှီးခွင့်ရတဲ့အကြိမ်ပါပဲ'

'ကောင်မလေးတစ်ယောက်ဆိုတာ ဘယ်သူလဲ'

'ကျွန်တော် တစ်ချိန်ကချစ်ခဲ့ရတဲ့ မေသူမွန်ဆိုတဲ့ ကောင်မလေးပါ'

'ခုရော အဲဒီကောင်မလေးက'

'မရှိတော့ပါဘူး၊ ကျွန်တော်နဲ့သူ လမ်းခွဲခဲ့ကြပါပြီ'

'သြော်... လွှင့်လွှင့်က သူ့ကို တကယ်ချစ်ခဲ့တာလား'

'တစ်ဘဝမှာ တစ်ယောက်တည်းဆိုရင် မမှားပါဘူး'

ရှိစီကျွင်းက သနားကရုဏာလေသံလေးဖြင့် ဆက်မေးသည်။

'လွှင့်လွှင့်ကို သူကရော တကယ်မချစ်ခဲ့ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟန်ဆောင်ရှုံသက်သက်ကလေးနဲ့ အနာဂတ်နဲ့ ကျွန်တော့်ဘဝကို ကျောပေးပြီး ချစ်ခဲ့တဲ့သူပါ'

ရှိစိဂျင်း စိတ်ဝင်စားသွားပေမဲ့ ဇာတ်လမ်းကလေးကို ဆက်မမေးဖြစ်တော့။ သူ့မရင်ထဲမှာ ပဟေဠိတစ်ခုသဖွယ် ထားခဲ့သည်။ တစ်ချိန်ကျရင် လွှင့်လွှင့် ဖွင့်ပြောမှာကိုပဲ စောင့်နေရမည်။

'ရှိစိမှာလည်း လွှင့်လွှင့်လို ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်'

'ဟုတ်လား၊ ကျွန်တော့်လိုပဲ ရှေ့လက်နိုင်နိုင် မတွဲနိုင်ဘူးထင်ပါ့'

ရှိစိဂျင်းက သိမ်မွေ့စွာ ပြုံးပြလိုက်သည်။

'သူက အခု ရှိစိကို သတိတောင်ရမှာ မဟုတ်ဘူး'

'အခုလက်ရှိ သူက ဒီမှာရောရှိသေးလား'

'ရှိသေးတာပေါ့၊ သူ ခုထိ ရှိပါသေးတယ်၊ သူဟာ အခု ရုပ်ရှင်မင်းသားတစ်ဦးဖြစ်နေပြီ၊ အခုနာမည်လေးလည်း နည်းနည်းရလာပြီ'

'ဘယ်မင်းသားတုန်း၊ ကျွန်တော်က ရုပ်ရှင်မင်းသားဆို အင်္ဂလိပ်မင်းသားတွေလောက်ပဲ သဘောကျတာ'

ကျွန်တော်က မင်းသားတွေ ကမျာထရေးတာကို အမြင်ကတ်နေတာကြာပြီ။

'မင်းသား ကောင်းဇော်ဟိန်းလေ'

'ဪ… သူလား၊ ကျွန်တော် သိပ်မသိဘူး၊ မရှိစိနဲ့ ဘယ်လောက်များ ပတ်သက်ခဲ့လို့လဲ'

'အစကတော့ ချစ်သူတွေပါ၊ သဘောထားချင်း မတိုက်ညီလို့ လမ်းခွဲတဲ့ အဆင့်ထိ ဖြစ်သွားကြတယ်၊ ဘာအကြောင်းကိုဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဖြန့်မဖွေးချင်တော့ဘူး၊ ဒါကြောင့် ရိုစီလည်း ယောကျ်ားတွေကို စိတ်နာသွားတာ ပါတယ်'

'ဒါကြောင့် အခု တစ်ယောက်ပြီးတစ်ယောက် ဒေါက်ဖြုတ်နေတာပေါ့လေ'

ကျွန်တော်က ခနဲ့တဲ့တဲ့မေးလိုက်သည်။

'ကိုယ်စိတ်မဝင်စားတဲ့အရာကို ကြိုးရှည်ရှည်နဲ့ လှန်ထားမဲ့အစား တစ်ခါတည်း ယတိပြတ်ဒေါက်ဖြုတ်လိုက်တာက ပိုသင့်တော်မယ်ထင်လို့'

'ဟုတ်လည်း ဟုတ်ပါတယ်၊ မရိုစီကို ချဉ်းကပ်တဲ့ သူတွေက သူတို့မှာ အချက်သုံးချက်ပဲရှိတယ်၊ တစ် မရိုစီလို လှပတဲ့ မိန်းကလေးတစ်ယောက်ရဲ့အချစ်ကို ရသွားကြောင်း ဂုဏ်ယူဖို့၊ နှစ် သူများနဲ့ ပြိုင်ဆိုင်ပြီး နှာတစ်ဖျားသာဖို့၊ သုံး အလကားရလည်း မနည်းဘူး တွက်ဆချိန်ဆဖို့ ဒါပါပဲ'

'လွှင့်လွှင့်ပြောတာ သဘာဝကျတယ်၊ ဒါပေမဲ့ ရိုစီကတော့ မိန်းမဆိုးကြီး၊ မိန်းမကြမ်းကြီးလုံးလုံးဖြစ်နေပြီ၊ ကျောင်းထဲမှာ နာမည်ကို ကြီးရော'

'ဟုတ်လို့ ကျော်၊ ပုပ်လို့ပေါ်တာပေါ့ မရိုစီရယ်၊ အမိကာက ကိုယ်ကျင့်တရားကောင်းဖို့ပဲ၊ ကျွန်တော်ကတော့ မရိုစီလုပ်ရပ်တွေကို ထောက်ခံတယ်၊ ယောကျ်ားလေးတစ်ယောက်က လှပတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရင် စိတ်မထိန်းနိုင်ဘဲ ရူးသွပ်သွားတဲ့ အချက်ကို သဘောမကျဘူး၊ ကျွန်တော်ကတော့ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားရမှာထက် ကဗျာတစ်ပုဒ်ရေးရဖို့ပဲ စိတ်ဝင်စားတယ်'

'ရှင့်အယူအဆကလည်း မဆိုးဘူးနော်၊ ရိုစီကတော့ ကဗျာ

www.burmeseclassic.com

www.burmeseclassic.com



တော့ မရေးတတ်ဘူး၊ ကဗျာဖတ်တာတော့ ဝါသနာပါတယ်၊ ရှင့်မှာ ကဗျာလေးဘာလေးရေးပြီးသား မရှိဘူးလား'

'ရှိတာပေါ့၊ ဒါပေမဲ့ ကျွန်တော်က ကဗျာကို ခံစားတတ်မှ ကဗျာကိုပေးဖတ်ချင်တာ၊ ကဗျာဖတ်ရင်းတန်းလန်း ရယ်တာတို့ မေးတာတို့ တစ်ဝက်တစ်ပျက်ချိုးကျူးတာတို့ ဒါမျိုးတွေ မရှိစေချင်ဘူး'

'အောင်မလေး ပြကြည့်ပါဦး လွှင့်လွှင့်ရဲ့၊ ရှင့်ကိုတော့ ရှိစီခင်သွားပြီ'

ကျွန်တော်လည်း ကိုယ့်ကဗျာကိုယ် ထုတ်ပြရာမှာ မဝံ့မရဲဖြစ်နေသေး။ မထူးပါဘူး။ အဲယ်ဒီတာစားပွဲရှေ့ ကဗျာစာမူတင်ထားတာလောက် ရင်ခုန်စရာကောင်းနေမှာပါပဲ။ ကျွန်တော်လည်း အကြိုက်ဆုံး ကဗျာတစ်ပုဒ်ကို ထုတ်ပြလိုက်သည်။ ရှိစီကျွင်းက ကဗျာကို ငြိမ်သက်စွာဖတ်နေသည်။

သူငယ်ချင်းဆိုတဲ့
ကြိုးတစ်ချောင်းနဲ့
အိပ်မက်တွေကို တောက်လျှောက်ချည်ဝင်နိုင်ပြီ
လရောင်အပြည့်နဲ့ ကြယ်စေးသူရေ
လှည့်ကွက်ညှံ့တဲ့ ဟတ်ဝင်ခန်းကို
နင်ပြုပြင်ဆင်မှုဖြစ်မှာပါ
ဘုရားသခင်ရဲ့ပန်းသီးကို
တွယ်တာစိတ်နဲ့ ရင်ခွင်တွေလွင့်ခဲ့ရတယ်
သူငယ်ချင်းရယ်
လက်တွဲခဲ့တဲ့ ဆည်းဆာတစ်ခုမှာ

www.burmeseclassic.com

www.burmeseclassic.com



အလွမ်းတွေ ဝိန်းဝိတ်နေပြီ။
ရာသီသေတွေထဲမှာ ဖိုးခါးရေမျှော်လင့်နေတဲ့ကောင်ပါ
ဟာထိကာက ကမ်းပါးစောင်းတစ်ခုမှာ
ငွေ့ရည်ဖွဲ့ အုံကျင်းနေရဲ့။
အထင်ကရမရှိပေမဲ့ အထင်အရှားရှိနေတာ
တစ်ခုတည်းသောဆုကို
တစ်ကြိမ်ပဲတောင်းခွင့်ရှိရင်
ပုံထွက်လွင့်စင်သွားတဲ့ အကြင်နာတွေကို
စုစည်းသိမ်းဆည်းခွင့်ပေးပါ
သူငယ်ချင်း
အကြည့်တွေနဲ့ ဝက်ကွင်းမလွတ်တိုင်း
အရိပ်တွေလောင်ကျွမ်းနေရမှာလား။

လေလွင့်ဝေး

ရှိစ်ဂျင်း ကဗျာကိုဖတ်ပြီးခေတ္တတွေဝေသွားသည်။ ကျွန်တော်လည်း ပြုံးကြောင်ကြောင်နဲ့ ငေးကြည့်နေမိရဲ့။ ရှိစ်ဂျင်းက မှတ်ချက်ပေးပါသည်။

'ကဗျာရဲ့အသက်ဓာတ်က ရှိစ်ဆီကို ကူးစက်စေပါတယ်'

ကျွန်တော် ကြည့်မကောင်းသော အပြုံးမျိုးပြုံးလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

"ဘာ"

နေသူရဲ့ ဘာသံက တော်တော်ကျယ်သွားသည်။ ကျွန်တော်က သာမာန်လေးပဲ ရိုစီကျင်းနှင့် တွေ့ဆုံပြီး ထူးမခြားနား မိတ်ဆွေဖြစ်သွားတာလေးပြောပြလိုက်ရုံပါ။ နေသူနှင့် ရဲခေါင်လှိုင်က ကျွန်တော့်ကို လုံးဝကို မယုံကြည်နိုင်ဘူးဖြစ်နေသည်။

'မင်း ကဗျာတွေရေးပြီး စိတ်ကူးယဉ်ဆန်ဆန်တွေ လျှောက်ပြောနေတာလား'

'ဟုတ်တယ်၊ ဒါမှမဟုတ် မင်း ယုတ်မာ်းပုံပြင်တွေ ငါတို့ကို ပြောပြနေတာလား'

'မင်းတို့ယုံအောင် ငါ ဘယ်လိုပြောရမလဲ'

ကျွန်တော်က ဒီနှစ်ကောင်ကို ဘယ်လိုမှ ရှင်းပြလို့မရဘူးဖြစ်နေသည်။

'ဟေ့ကောင်… နေသူ၊ မင်းတို့ မယုံရင် ရိုစီကျင်းဆီ ဖုန်းဆက်ကြည့်လိုက်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဖုန်းနံပါတ်ကို မင်း တစ်နေရာရာက ကူးလာပြီး ငါတို့ကို ချောက်မချနဲ့'

'ဟာ… မင်းတို့ကလည်း ကျားကိုက်နေပါတယ်ဆိုမှ ကြောင်ကုတ်သလား မေးချင်နေသေးတယ်၊ ငါ မင်းတို့ကို ရိုစီဂျင်းဆီ ဖုန်းခေါ်ပြရင် မင်းတို့ ငါ့ကို ဘာကျွေးမလဲ၊ အလောင်းအစားလေးတစ်ခုပါမှ အသက်ဝင်မှာနော်'

'မင်းစားချင်တာ ကျွေးမယ်ကွာ'

ရဲခေါင်လှိုင်က မခံချင်စွာပြောသည်။

'ဟုတ်ပြီ၊ ဆိုင်ထဲမှာ ဖုန်းရှိတယ်၊ ငါခေါ်ပြမယ်'

ကျွန်တော်က ဆိုင်ကောင်တာကို အရင်သွားသည်။ နေသူနှင့် ရဲခေါင်လှိုင်လည်း ဇဝေဇဝါဖြင့် နောက်မှလိုက်လာခဲ့သည်။ ကျွန်တော်က ရိုစီဂျင်းဆီ ဖုန်းခေါ်လိုက်သည်။ ဟမ်းဖုန်းက ချက်ချင်းမြည်လာသည်။

'ဟဲလို မရိုစီလား'

'ဟုတ်ပါတယ်၊ လွင့်လွင့်လား၊ ဘာကိစ္စရှိလို့လဲ၊ မေသူနိုင်နဲ့ ပြန်တွေ့နေပြီလား'

ဖုန်းက စပီကာဖွင့်ထား၍ ရိုစီဂျင်းအသံကို နေသူတို့ ကြားနေရသည်။

'မဟုတ်ပါဘူး၊ ကျွန်တော့်သူငယ်ချင်းတွေက ရိုစီဂျင်းနဲ့ တွေ့ဆုံခဲ့တာကို မယုံကြည်လို့ ကျွန်တော် ဖုန်းခေါ်ပြတာပါ'

'ရှင့်သူငယ်ချင်း နေသူနဲ့ ရဲခေါင်လှိုင်လား'

'ဟုတ်ပါတယ်၊ သူတို့လည်း ဘေးမှာရှိကြပါတယ်'

'အဒါဆို သူတို့ကို ဖုန်းပေးလိုက်ပါ၊ ရိုစီ ပြောချင်တယ်လို့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း နေသူကို အရင်ဆုံး ဖုန်းပေးလိုက်သည်။ ဖြုန်းခနဲဆိုတော့ နေသူ ဖုန်းမကိုင်ရဲ။ ရဲခေါင်လှိုင်လည်း တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေရဲ့။

'ဘာလဲ၊ ရှင့်သူငယ်ချင်းတွေ ကျွန်မနဲ့စကားပြောရမှာ ယန့်နေတာလား၊ ဒါမှမဟုတ် မယုံသေးလို့လား၊ သတ္တိရှိရင် ရှိစီနဲ့ စကားတစ်ခွန်းလောက် ပြောပါ၊ ရှင့်သူငယ်ချင်းတွေမို့ ဒီအခွင့်အရေးပေးတာ'

'ဟောကောင်တွေ ပြောလေကွာ၊ မင်းတို့ပဲ မယုံသလိုလိုလုပ်ပြီး'

ကျွန်တော်က ဖုန်းကို အတင်းထိုးပေးသည်။ နေသူက ဓာတ်လိုက်နေသော မီးခုလတ်ကို ပိတ်သလိုမျိုး ဖုန်းကို မရဲတရဲကိုင်သည်။

'ကိုနေသူ ထင်တယ်'

ရှိစီဂျင်းက ခန့်မှန်းချက်နှင့်ပြောသည်။

'ဟုတ်ပါတယ်'

'ဟိုနေ့က ရှင် ဘူမိဗေဒဌာနကောင်မလေးတစ်ယောက်နောက်ကို တိတ်တဆိတ် လျှောက်လိုက်နေတယ် မဟုတ်လား'

'ဟာ... မလိုက်ပါဘူး၊ ဟို... ခင်ဗျား ဘယ်လိုလုပ်သိလဲ'

'ပွန့်... မလိုက်ဘူးလဲ ပြောသေးတယ်၊ ရှိစီက ဘယ်လိုလုပ်သိလဲ မေးရတာတုန်း၊ ရှင့်ကို ကျွန်မ အကြံတစ်ခုပေးချင်တယ်၊ ခြမလျှော့နဲ့ ဆက်လိုက်ပါ၊ ဖြစ်နိုင်ချေ အလားအလာ အများကြီးရှိပါတယ်'

'ဗျာ'

'ဩော်... ရှင်းရှင်းပြောတာကို ပေါ့ပေါ့လေးနားလည်ပါ

www.burmeseclassic.com



လား။ ရှင်စိတ်ဝင်စားနေတဲ့ ဘူမိသူလေးကို သူငယ်ချင်းတွေနဲ့ ဝိုင်းဝင်ပြီး တစ်ခုခုဆုံးဖြတ်သင့်တယ်'

'ခွေးကောင်… ငါတို့ကို လှျို့ထားတယ်'

ရဲခေါင်လှိုင်က ပွစိပွစိနှင့် အပြစ်တင်သည်။ နေသူမှာ ဖုန်းဆက်မကိုင်ရဲဘဲ ရဲခေါင်လှိုင်ဆီ ဖုန်းထိုးပေးလိုက်သည်။

'ကိုရဲခေါင်လှိုင်လား၊ ဇာမည်လေးက စိတ်ဝင်စားစရာပဲ၊ ရှင် အိပ်ယာထဲ သေးပေါက်ချတတ်တဲ့အကျင့် ပျောက်ပြီလား'

ကျွန်တော်လည်း ခစ်ခနဲ တစ်ချက်ရယ်လိုက်မိသည်။ ရိုစီဂျင်းက ကျွန်တော်မပြောဘဲ ဘာကြောင့်ဒီနှစ်ကောင်ရဲ့ အတွင်းရေးတွေကို သိနေရတာလဲ မသိ။

'ခင်ဗျား ရိုစီဂျင်းအစစ်လား'

'သေချာတာပေါ့၊ ရှင် မယုံဘူးလား'

'သိပ်မယုံချင်ချင် ဖြစ်နေတယ်'

'ဒါဆိုရင် ရှင်တို့ထိုင်တဲ့ဝိုင်းမှာ ကျွန်မ ရောက်နေတယ်ဆိုရင်ကော'

ကျွန်တော်တို့သုံးယောက် ကောင်တာမှ ထိုင်ခဲ့သောဝိုင်းကို ထိတ်ထိတ်ပျာပျာနှင့် လှည့်ကြည့်မိသည်။

အသေချာဆုံးပါ။ ရိုစီဂျင်းသည် အစိမ်းရောင်ဝတ်စုံလေးဖြင့် ကျွန်တော်တို့ထိုင်နေသော ဝိုင်းတွင် အခန့်သားဝင်ထိုင်နေသည်။ နတ်မိမယ်လေးတစ်ဦး သို့မဟုတ် ဥစ္စာစောင့်မလေးတစ်ဦး ရောက်ရှိနေသလိုမျိုး နေသူနှင့် ရဲခေါင်လှိုင် ခံစားလိုက်ရသည်။ ရိုစီဂျင်းက ကျွန်တော့်ကို လက်လှမ်းပြသည်။

နေသူနှင့် ရဲခေါင်လှိုင်မှာ ကျွန်တော့်ကိုတစ်လှည့် ရိုစီဂျင်းကို

www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့် ဖြူးကြောင်ကြောင်နဲ့ ကြည့်ပြီး မင်သက်အံ့သြနေကုန်သည်။

ရှိစီဂျင်းသည် အကြောပိတ်ခံထားသောသူတွေလို ဖြစ်နေသော ကျွန်တော်တို့သုံးယောက်ကို လှမ်းခေါ်သည်။

'လွှင့်လွှင့်… လာလေ၊ တစ်လက်စတည်း ပုံမှန်ချိုဆိမ့်တစ်ခွက်လေးမှာပေးပါ'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့'

ကျွန်တော်လည်း ရောယောင်ပြီး အသံထွက်သွားရဲ့။ ကျွန်တော်တို့သုံးယောက် မိုင်းရှိသောနေရာကို ရှောင်ကွင်းပြီးလာသကဲ့သို့ ရှိစီဂျင်းဆီ လျှောက်လာကြသည်။

'ထိုင်ကြပါ၊ ရှိစီကို ဒဿလိုမိန်းမအဖြစ် မမြင်ကြပါနဲ့'

ရှိစီဂျင်းက ဖြူးတုံ့တုံ့ဖြင့် ပြောသည်။ နေသူနှင့် ရဲခေါင်လှိုင်ကတော့ ဟစ်တလာရှေ့ရောက်နေတဲ့ ဂျူးတွေလို ဖြစ်နေကြသည်။

'လွှင့်လွှင့်… နင့်သူငယ်ချင်းတွေက တို့ကိုတွေ့တာ ကလီယိုပါထရာကို တွေ့တဲ့အတိုင်းပဲ ဖြစ်နေပါလား'

'သူတို့ မနေတတ်လို့ပါ၊ တစ်သက်နဲ့တစ်ကိုယ် ရှိစီကို ဒီလိုတစ်ဝိုင်းတည်း လက်ရေတပြင်တည်း တစ်ခါမှ မဆုံဖူးလို့ပါ၊ သူတို့အထင်က မရှိစီကို မာနကြီးတယ်၊ ဘဝင်မြင့်တယ် အထင်တွေ ပျောက်သေးလို့ပါ၊ ဟော့ကောင်တွေ… မင်းတို့ထင်သလို မရှိစီက အဲဒီလောက် ဘဝင်မမြင့်ဘူးကွ'

ကျွန်တော်က ရှိစီဂျင်းဘက်မှ လိုက်၍ပြောပေးသည်။

'တွေ့ရတာ ဝမ်းသာပါတယ်၊ တက္ကသိုလ်တစ်ခုလုံးမှာ ကွင်းဘဲ့ရတဲ့အတွက်လည်း ဂုဏ်ယူပါတယ်'

ရဲခေါင်လှိုင်က နှုတ်သွက်လက်စွာဖြင့် ချီးကျူးစကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါက ယောကျ်ားလေးအများစုက အမွန်းတင်ထားတဲ့ ကွင်းအွဲ့ပါ၊ တကယ်တော့ ရိုစီက သိမ်မွေ့နူးညံ့တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး၊ ယောကျ်ားတကာအသည်းကို လိုက်ခွဲနေတဲ့ ဘီလူးမ တစ်ယောက်ပါ'

'ဒါပေမဲ့ ကျွန်တော့်အမြင်အရ မရိုစီဂျင်းက ထင်သလောက် လည်းမဟုတ်ပါဘူး၊ ဘာဖြစ်လို့ ယောကျ်ားလေးတွေကို ဒုက္ခလိုက် ပေးနေရတာလဲ'

နေသူက ဒဲ့ဒိုးမေးလိုက်သည်။

'ဟင့်အင်း ဒုက္ခပေးတာ မဟုတ်ဘူး၊ သူတို့က ကိုယ့်ဒုက္ခ ကိုယ်ရှာတာပါ၊ လောကမှာ ကိုယ်နဲ့သင့်တော်လိုက်ဖက်မဲ့ အရာဝတ္ထု ကိုပဲ တွဲဖက်သင့်တယ်၊ ရိုစီဘဝမှာ ယောကျ်ားတွေနဲ့ ပတ်သက်ပြီး နာကြည်းစရာတွေ ရှိခဲ့ဖူးတယ်'

'စိတ်နာစရာတွေကြောင့် ယောကျ်ားတွေကို မယုံကြည်တဲ့ သဘောလား'

ရဲခေါင်လှိုင်က အင်တာဗျူးမေးသလို ရဲဝံ့စွာ ဆက်မေးသည်။

'စိတ်နာတာက ပြီးသွားပါပြီ၊ ရိုစီ အနေနဲ့ ခုချိန်ကစပြီး ယောကျ်ားလေးတွေရဲ့ စိတ်ကို အနီးကပ်လေ့လာမယ်လို့ ဆုံးဖြတ်ချက် ပြန်ချထားတယ်'

'အနီးကပ်လေ့လာဦးမယ် ဆိုတော့'

'ပူးပူးကပ်ကပ် နေမဲ့သဘောလား'

နေသူနှင့် ရဲခေါင်လှိုင်က မျက်လုံးအပြူးသားနဲ့ မျက်နှာချင်း ထွက်၍ မေးထည့်လိုက်ရာ...

'ဟင်... ရှင်တို့ ဆိုလိုချင်တဲ့သဘောကလဲ...'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး၊ ကျွန်တော်တို့ ပြောတာက ယောက်ျားလေးတွေနဲ့ စိတ်နေစိတ်ထားကို လေ့လာမယ်ဆိုရင် အနီးကပ်လေ့လာတာ သိပ်မကောင်းလှဘူးလို့ ပြောချင်တာပါ၊ ယောက်ျားလေးတွေက မျက်နှာသာပေး ရွှေရေးပန်းကန်တက် ဆိုသလိုပေါ့'

'ကဲ… 'မရိုစီ ဒီကောင်တွေက အပြောမတတ် အပတ်မပြေ၊ အပြောမတတ်တော့ ဆဲသလိုတွေ ဖြစ်သွားတာ၊ ဘာပဲပြောပြော ကျွန်တော်တို့တစ်တွေက မရိုစီရဲ့ မိတ်ဆွေရင်းချာတွေဖြစ်သွားပြီ'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်'

နေသူနဲ့ ရဲခေါင်လှိုင်က အငမ်းမရ ထောက်ခံကြသည်။

'ရိုစီက အရင်ယောက်ျားလေး ဘော်ဒါတွေထားတာမဟုတ်ဘူး၊ အခုတွေ့ရတဲ့သူတွေက သစ္စာမဲ့တဲ့သူတွေ မဖြစ်စေချင်ဘူး'

'ဒါတော့ စိတ်ချပါ၊ မရိုစီနဲ့ ခုလို မထင်မှတ်ဘဲ လောလောလတ်လတ်ကြီး ခင်မင်ခွင့်ရတာဟာ ဘောကျင်းအိုလံပစ်ပြိုင်ပွဲမှာ ဝင်ခွင့်ရသွားရှာတဲ့ မျက်မမြင် အပြေးချန်ပီယံလို ဂုဏ်ယူလှပါတယ်'

'စာသားတစ်ခုတောင် ထပ်ကွန့်ချင်သေး၊ ရှေးဆိုရိုး ရှိပါတယ်၊ ငါးမှာငါးကြင်း၊ ဓားမှာ ဒီပဲယင်း၊ ဆားမှာ စလင်း၊ တက္ကသိုလ်တွင်းမှာတော့ မရိုစီဂျင်းပေါ့ဗျာ၊ ဟဲ… ဟဲ… ဟဲ'

နေသူက ရယ်ရွှန်းပတ်ရွှန်းနဲ့ အရွှန်းဖောက်သည်။ ကျွန်တော်နှင့်ပတ်သက်ပြီး ဒီကောင်တွေ ရိုစီဂျင်းကို ခင်မင်ခွင့်ရတာ မှန်ပေမဲ့ ဒီကောင်တွေက မိန်းမနှင့်ပတ်သက်လာလျှင် ယုံကြည်စရာတစ်စက်တလေမှ မကောင်း။ အကြောင်းသိတွေမို့ ခေါင်းကိုဖိထားမှ တော်ကာကျမည်။

'မရိုစီ အရင်က ရည်းစားသနာလေး ဘာလေးမရှိဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ စကားအတိုင်း ရှိတာပေါ့၊ ဒါပေမဲ့ ခုတော့ ငယ်ကချစ် အပြစ်တစ်ထောင် မမေ့ပေါင် ဖြစ်နေပြီ၊ အခု ရှင်တို့တွေ သိမှာပေါ့၊ မင်းသားကောင်းဇော်ဟိန်း ဆိုတာ၊ အရင်က ရိုစီ ငယ်ချစ်ဟောင်းပေါ့၊ အရင်ကပါ'

'ဘာ… ဘာတွေ ဘယ်လိုများဖြစ်ခဲ့သေးသတုန်း'

ရဲခေါင်လှိုင်က ရှေ့မှီနောက်မှီ အတိုးကြီးလေသံနဲ့ မေးသည်။

'ဘာမှတော့ ကြီးကြီးကျယ်ကျယ် မဖြစ်ခဲ့ပါဘူး၊ သဘောထားချင်းမတိုက်ဆိုင်လို့ အေးအေးဆေးဆေး လမ်းခွဲသွားတာပဲရှိတယ်'

'သူ့အတွက် တစ်ခုခု လက်တုန့်မပြန်ဘူးလား'

နေသူက အချုပ်နှံ့မဖို့ အားပေးစကားပြောသည်။

'သူနဲ့ ရိုစီက ရေခပ်လည်းမကြုံ ထင်းခွေလည်း မကြုံဖြစ်နေတယ်၊ ကြုံရင်တော့ အကြွေးဆပ်ဖို့တွေ ရှိတာပေါ့'

'အကူအညီလိုလည်း ပြောနော်။ ကျွန်တော်တို့က စစ်သည်တစ်ထောင်နဲ့ ညီမျှတဲ့ အကူအညီမျိုးတွေပေးမှာပါ'

ရဲခေါင်လှိုင်က အားကြီးမာန်တက် ပြောသည်။

'စိတ်ချပါ၊ ရိုစီက အခု ရှင်တို့နဲ့ခင်မင်ရတာ အရမ်းပျော်ပါတယ်၊ အရင်ရှိခဲ့တဲ့ စိတ်တွေလည်း ရိုစီ ဖျောက်ဖျက်ပစ်နေပါပြီ'

ကျွန်တော်တော့ စိတ်ထဲကနေ တွေးမိသည်။

'ဟိုနှစ်ကောင်တော့ ဒီယုန်မြင်လို့ ဒီခြုံထွင်နေပြီ၊ ရိုစီကျင်းရဲ့ လက်သံကို မသိသေးတဲ့ ငနုံအကောင်တွေ၊ အဆင့်ကျော်တာနဲ့ လိမ့်ပိန့်နေအောင် ခံရဦးမယ်၊ ခွေးသူခိုးတွေ၊ မျက်လုံးတွေက ရိုစီကျင်းဆီက မခွာနိုင်တော့ဘူး၊ နာဦးမယ်'

*

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တွက်ဆထားသည့်အတိုင်းပင်။

နေသူနှင့် ရဲခေါင်လှိုင်တို့သည် ကျွန်တော် မသိဘဲ ဒိုင်လျှို ကလေးတွေနှင့် ရိုစီကျင်းကို ချဉ်းကပ်ဖို့အစီအစဉ်တွေ အသေးစိတ် ရေးဆွဲနေကြသည်။ ခင်မင်မှုကို အခွင့်ကောင်းယူကာ ရိုစီကျင်းကို တပ်မက်ကြကုန်ရဲ့။ ကျွန်တော်လည်း သိပေမဲ့ မပြောဘဲ သိသိကြီးနဲ့ လွှတ်ထားသည်။ မရှုနိုင် မကယ်နိုင်ဖြစ်ကာမှ ကျွန်တော့်ဆီ ကမူးရှူး ထိုးနဲ့ ရောက်လာတော့မည်။ ကျွန်တော့်ကိုတောင်မှ ရှောင်ဖယ်ရှောင် ဖယ် လုပ်လာကြပြီ။ ခွေးသားနှစ်ကောင်တော့ ထူပူနေအောင် အလှော် ခံရတော့မှာ မြင်ယောင်သေးသည်။

အပြောကြီးသော နေသူက အရင်ဆုံး စတင်ထိပါလေရော။ နေသူရဲ့ဖြစ်ကြောင်းကုန်စင်ကို ကျွန်တော် ကြားသိရချိန်မှာတော့ ရယ်ပွဲ ဖွဲ့ရုံကလွဲပြီး အခြား ဘာမှမတတ်နိုင်တော့။ နေသူ ငါးစာသာမြင်ပြီး ငါးမျှားချိတ်မမြင်သော ငါးတစ်ကောင်လို ဖြစ်သွားရသည်။ ရိုစီကျင်း က သူ့ကို ပညာကောင်းကောင်းပေးခဲ့သည်။

ရိုစီကျင်းက နေသူကို ကျောင်းပိတ်ရက် ရုပ်ရှင်ကြည့်ဖို့ ရုပ်ရှင် လက်မှတ်နှစ်စောင် ယူခိုင်းရာက စတာပဲ။ နေသူမှာ ရိုစီကျင်းပေး သော နှစ်ယောက်တည်းကြည့်ရမည့် ရုပ်ရှင်အခွင့်အရေးကို ရရှိကာ သိန်းထီဆုပေါက်သလို ဝမ်းသာအူမြူး ဈေးဈေးခုန်သွားတာပေါ့။

ရိုစီကျင်းကတော့ ပါးပါးလေးနဲ့ မသိမသာ ပညာပေးသွား ပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

နေသူတစ်ယောက် အဝတ်အစားသစ်တွေဖြင့် လန်းနေသည်။ တစ်ခါမှ ဝတ်လေ့ဝတ်ထမရှိသော ရှူးဖိနပ်အကောင်းစားဖြင့် တောက်ထနေ၏။ ဘဝတစ်လျှောက်လုံး မိန်းကလေးတစ်ယောက်နဲ့ တစ်ခါမှ နှစ်ယောက်တည်း မသွားဖူးသူ။ အခု သွားရမှာက ရိုစီဂျင်းနှင့်အတူ တူသွားရမှာ ဖြစ်သည်။ ဘယ်အရာမှ ချွတ်ချော်တိမ်းပါးတိမ်းစောင်း သွားလို့ မဖြစ်။

နေသူ ရှိုးအပြည့်နှင့် ရိုစီဂျင်းချိန်းထားသည့် နေရာကိုရောက်အောင် သွားပါသည်။ ရိုစီဂျင်းက သူ့ကို လက်မှတ်နှစ်စောင်ပေးထားသည်။ နေသူ မရိုးမရွနဲ့ စောင့်ဆိုင်းနေသည်။ သတ်မှတ်သည့် အချိန်ထက် ကျော်လွန်သော်လည်း နေသူ မျှော်နေသော ရိုစီဂျင်း ရောက်မလာ။ ပုံပြင်တွေ ပြောသွားခဲ့သော ရိုစီဂျင်းကို မစောင့်နိုင်တော့ဘဲ နေသူ တစ်ယောက်တည်း ရုပ်ရှင်ရုံကို ထွက်လာခဲ့ရတော့တာပေါ့။ လက်မှတ်က နှစ်စောင်ဖြစ်နေတာခက်သည်။

'ရိုစီဂျင်း ငါ့ကို ဂျင်းထည့်သွားပြီ၊ လက်မှတ်တစ်စောင်က ပိုနေပြီ၊ ပြဿနာပဲ'

www.burmeseclassic.com

www.burmeseclassic.com



နေသူလည်း တစ်စောင်တည်းလက်မှတ်ကို နှမျောကာ အခြားလက်မှတ်မရတဲ့သူတွေထံ လိုက်ရောင်းလေသည်။ မထင်မှတ်ဘဲ ကောင်မလေးတစ်ယောက်ကို သွားရောင်းမိလျက်သား ဖြစ်နေ၏။ နေသူက ကောင်မလေးအခြေအနေကို အရင်အကဲခတ်လိုက်မိသည်။ ကောင်မလေးက ရည်ရည်မွန်မွန်လေးနဲ့ ချစ်စရာကောင်းနေသဖြင့် နေသူ အလိုအလျောက် လောကွတ်ချော်ချင်နေရဲ့။

'ညီမလေးက တစ်ယောက်တည်း ရုပ်ရှင်လာကြည့်တာလား'

'ဟုတ်တယ်၊ ပထမတော့ နှစ်ယောက်ကြည့်မလို့၊ မသာ ကောင်က မလာဘူး'

'ဩော်... ညီမလေးသူငယ်ချင်းလား'

'မဟုတ်ဘူး၊ ညီမလေးရည်းစား၊ ထင်သားပဲ၊ ခင်းက ညီမ လေးကို ရှောင်ခွာရှောင်ခွာလုပ်နေတာ'

'သူက မြင်းလား'

'ရှင်'

'ဟာ... ဟုတ်ပါဘူး၊ ညီမလေးရည်းစားက မျက်နှာများပုံ ရတယ်'

နေသူ ပါးစပ်ထဲ တွေ့ရာတွေလျှောက်ပြောနေသည်။

'ဟုတ်တယ်၊ သူက မျက်နှာများတယ်၊ မျက်နှာဖုံးရောင်းတဲ့ ဆိုင်မှာ လုပ်တာ'

'တိုက်ဆိုင်လိုက်တာ၊ ကိုကြီးကလည်း ရည်းစားနဲ့ ရုပ်ရှင် ကြည့်ဖို့ ချိန်းထားတာ၊ အခု သူရောက်မလာဘူး၊ အဲဒါကြောင့် လက် မှတ်တစ်စောင်ဘက်ပွဲနေတာ၊ ညီမလေး လက်မှတ်ကို ဝယ်မနေနဲ့၊ ကိုကြီး မေတ္တာလက်ဆောင်ပေးတယ် သဘောထားလိုက်ပါနော်'

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေး ရုပ်ရှင်ကြည့်ချင်စိတ်တောင် မရှိတော့ဘူး'

ကောင်မလေးက စိတ်ပျက်လက်ပျက်လေသံဖြင့် ပြောသည်။

'ရပါတယ်၊ အစ်ကိုကြီးနဲ့ ညီမလေး မိတ်ဆွေတွေဖြစ်သွားပြီပေါ့၊ ဟီး… ညီမလေးနာမည်က ဘယ်လိုခေါ်လဲ'

'နာမည်ရင်းကတော့ ငြိမ်းငြိမ်းဝေပါ၊ ကျောင်းနာမည်မဟုတ်တဲ့ အိမ်ခေါ်နာမည်က ဟယ်လင်လို့ ခေါ်တယ်'

'ဟယ်လင်ဆိုတော့ အိန္ဒိယပုံပြင်ထဲက မင်းသမီးလေးပေါ့'

'ဟာ… ကိုကြီး မှားနေပြီ၊ ဂရိပုံပြင်ထဲကပါ'

'ဟီး… ဟုတ်သားပဲ၊ ထရွိုင်စစ်ပွဲကို အခြေခံထားတဲ့ ပုံပြင်ထဲကပေါ့၊ ဟီး…'

နေသူက သူ့ကိုယ်သူ ပဲရစ်မင်းသားလုပ်ချင်နေပုံရသည်။

'ညီမလေး ရုံထဲဝင်လို့ရနေပြီနော်'

'အစ်ကိုကြီးဝင်နှင့်၊ ညီမလေး လက်ထရိန်းဝင်လိုက်ဦးမယ်'

'အေး… အေး… အစ်ကိုကြီး နေကြာစေ့ဝယ်ထားလိုက်မယ်၊ ဟီး…'

နေသူလည်း မရဒဿကချိုင် Method အတိုင်း ဟယ်လင်လေးကို ချော့လဲရောထိုင် ကြောင်ဖို့ နေကြာစေ့နှင့်ဆီးထုပ်တွေ ဝယ်လာသည်။

ဒီအချိန်မှာ ရိုစီကျင်းမလာတာပဲ ခပ်ကောင်းကောင်းဖြစ်နေ ရဲ့။

နေသူ ရုံထဲဝင်တော့ မီးတစ်ဝက်လောက် မှိတ်ထားပြီ။ နေသူ သူ့ဘေးမှ ခုံလွတ်ကလေးကို ကြည့်ပြီး စိတ်ကူးတွေယဉ်မိသေး၏။

'ဒီကောင်မလေး တကယ်ရော လာပါ့မလား၊ ငါ့ကိုလန့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးသွားရင် ဒုက္ခပဲ၊ ပြေးတော့ မပြေးလောက်ပါဘူး၊ ဒီလောက် လေပေးဖြောင့်နေတာ"

ရုပ်ရှင်က ထွေလာစာတ်ကားပြနေပြီ။ ကောင်မလေးက မလာသေး။ ထိုစဉ် ခတ်မီးရောင်က နေသူ့ဘေးကခုံပေါ်ကျလာသည်။ နေသူ ဝမ်းသာသွားသည်။ ကောင်မလေး တကယ်လာတယ် ဟ။ ကောင်မလေးက မဆို့တရှိုလေး ဝင်ထိုင်သည်။

'ညီမလေး နောက်ကျလှချည်လား'

'လက်ထရိုန်ဝင်တာ ကြာသွားလို့ပါ'

ကောင်မလေးက အသံတိုးတိုးလေးနဲ့ ပြန်ဖြေသည်။ ရုပ်ရှင် စာတ်ကားက ပြသနေပြီ။ နေသူ စကားမရှိ စကားရှာ ပြောနေရဲ့။ ကောင်မလေးက သူတစ်ခွန်းပြောမှ တစ်ခွန်းပြန်ပြောသည်။ နေသူ လည်း အရူးကွက်နင်းကာ ကောင်မလေးရဲ့လက်ကို ဖျတ်ခနဲကိုင် လိုက်သည်။

'ဟင်... ဒါ ဘာလုပ်တာလဲ'

'ညီမလေး အေးမှာစိုးလို့ပါ'

ကောင်မလေးက ပထမတော့ရုန်းသေးရဲ့။ နောက်တော့ သူ့ လက်ကလေးကိုထပ်မရုန်းတော့ဘဲ ငြိမ်ငြိမ်လေး နေလိုက်တော့သည်။

'ညီမလေးကို အစ်ကိုကြီး မြင်မြင်ချင်း စိတ်ဝင်စားမိသွားပြီ'

'ဟွန်း... ယုံစရာလည်း မကောင်းဘဲနဲ့'

'တကယ်ပါ ညီမလေးရယ်၊ ညီမလေး မငြင်းဘူးဆိုရင် ရုပ်ရှင်ပြီးတဲ့အခါ အစ်ကိုကြီးတို့ တစ်ခုခုသွားစားရအောင်'

'ကိုကြီးက ကျွေးမှာလား'

'ကျွေးတာပေါ့ ညီမလေးရယ်'

www.burmeseclassic.com

www.burmeseclassic.com



နေသူ ကိုယ့်ကိုယ်ကိုယ် တော်လှချည်လားဟု ကြွေးကြော်မိသည်။ ရုပ်ရှင်တစ်ကားလုံးသာ ပြီးသွားသည်။ ဇာတ်ကားရဲ့အရသာ ဘာမှန်းမသိ ဖြစ်သွားသည်။ တစ်ယောက်နှင့်တစ်ယောက် စိတ်ချင်း ဆက်နွယ်ပြီးသားလို ဖြစ်နေပြီ။

'ညီမလေး ရုပ်ရှင်ပြီးတော့မယ်'

'မုန့်သွားစားကြမယ်လေ'

ရုပ်ရှင်ပြီးသွား၍ မီးလင်းသွားချိန် နေသူက ကောင်မလေး လက်ကို ဆွဲကိုင်လိုက်ပြီးအထွက်တွင် နေသူ တည့်တည့်မတ်မတ်ကို ရှောက်ထဲကျသွားပြီ။

'အောင်မလေး… ဘာကြီးတုန်း'

သူ လက်ကိုင်ထားသော ကောင်မလေးသည် စင်စစ် မိန်း ကလေးတစ်ယောက်မဟုတ်တော့ပေ။ မီးရောင်မှဲ့မှောင်မှောင်ကြားမှာ ကောင်မလေးမဟုတ်သော မာမရှိန်းကြီးကို နေသူ မသိလိုက်။ စင်စစ် တကယ့်မာမရှိန်းကြီး ဖြစ်နေသည်။

'အောင်မလေး အခုမှ ဘာကြီးလဲ လုပ်မနေနဲ့၊ ခုနကတော့ ရီသွဲ့သွဲ့တွေလာပြောနေပြီး၊ ဒါပဲနော်၊ ခုတစ်မျိုး တော်ကြာတစ်မျိုး မလုပ်ရဘူး၊ အော်လိုက်မှာနော်'

မာမရှိန်းက ကန့်ကလျှနှင့် တစ်ခါတည်း နေသူ လက်မောင်း ကို ဖမ်းဆွဲထားသည်။

'ဟာ… ခင်ဗျား ဘာလုပ်တာလဲ၊ ပြဿနာပဲ'

'ဘာပြဿနာလဲ၊ ကောင်လေး တို့နဲ့လိုက်ခဲ့ရမယ်နော်'

'မလိုက်ဘူး၊ မလိုက်ဘူး'

'ကောင်လေးကို ဆိုဒ်မျိုးလေးနဲ့ဆိုတော့ တို့ အဆိုင်းအဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



ခရေစီဖြစ်ကြမှာ၊ ကောင်လေးက လူသာငယ်တယ်၊ တုတ်တုတ်နိုင် နိုင်ကြီး ရှိတာပဲ'

မာမရှိန်းက နေသူကို ခေါင်းတပြန် ဖင်တပြန် ကြည့်ပြီး ပြောနေသည်။ နေသူ ဘယ်လိုမှ ထွက်ပြေးလို့ရနိုင်တော့။ ရုံထဲမှ လူတွေကလည်း ဝိုင်းကြည့်နေပြီး ရယ်နေကြသည်။

'ခင်ဗျား ကျွပ်နားကို မကပ်နဲ့နော်'

နေသူ အသားကုန်ဖွတ်အော်သည်။ မာမရှိန်းကြီးက အတင်းကို တွယ်ကပ်ပြီး နေသူကို လက်မောင်းထုလိုက်၊ နဖူးပုတ်လိုက်၊ ပါးလိမ်ဆွဲလိုက်နှင့် မာမရှိန်းတို့ အမူအရာမျိုးစုံဖြင့် နှဲ့နှောင်းပြနေရဲ့။

'ရှင် တို့ကို ကိုင်တုန်းကတော့ ကိုင်ထားပြီးတော့'

'ခင်ဗျား ပေါက်ကရတွေ လျှောက်ပြောမနေနဲ့'

'အောင်မလေး ပြောရက်လိုက်တာ၊ ရှင်တို့ယောက်ျားတွေက လေ၊ အိုင်တွေ့တိုင်း ခြေဆေး ကလီကမာတွေ သိပ်များတာပဲ၊ တို့ ဘဝ ရေတိမ်နစ်ပါပြီ'

'ခင်ဗျား အသံပြဲကြီးနဲ့ ဖွတ်အော်မနေနဲ့၊ ခင်ဗျားသာ ကျွပ်ကို မိန်းမဟန်ဆောင်ပြီး မြူဆွယ်နေတာ'

'အောင်မလေး ဘယ်သူက အရင်စပြီး မြူဆွယ်တာလဲ၊ ကိုယ့်ဘာသာကိုယ် အပူရှောချင်လို့ ငြိမ်ငြိမ်လေးနေတာကို ရှင်က လာဆွနေတယ်၊ ရုပ်ရှင်ရုံမှောင်မှောင်မည်းမည်းထဲမှာ ရှင် တို့ကို ဘာတွေလုပ်သလဲ အကုန်သိတယ်'

'ဟာ… ဒုက္ခပဲ၊ ဒီမိန်းမလျှာတော့'

'ဘာ မိန်းမလျှာလဲ၊ မိန်းမဘဝကို တန်ဖိုးထားလို့ ခုလိုချင် တဲ့ သတ္တိမျိုးနဲ့ မာမရှိန်းလုပ်နေတာ၊ တို့လိုသတ္တိမျိုး ဘယ်သူ့မှာရှိ

www.burmeseclassic.com

www.burmeseclassic.com



သလဲ၊ ထမင်းထုပ်နဲ့ လိုက်ရှာကြည့် ထမင်းထုပ်သိုးသွားမယ်'

မာမရှိန်းက ကက်ကက်လန်အောင် ရန်တွေ့နေပြီ။ နေသူ အရှုတ်တကွဲ အကျိုးနည်းဖြစ်နေပြီ။

'ခင်ဗျား တော်တော့ဗျာ၊ ဘာမှဆက်မပြောနဲ့တော့၊ ကျုပ်ဆီက ငွေညှစ်ချင်လို့ လီဆယ်စကားတွေ ပြောနေတာ'

'ဘာ··· ငါကများ နင့်ဆီက ငွေညှစ်ချင်တယ်၊ အောင်မလေး အရပ်ကတို့ရဲ့ ကြားလို့မှ ကောင်းကြဲသေးရဲ့လား၊ ဒီလိုလှတပတ မိန်းမလျာမျိုးကို နင်မို့ ပက်ပက်စက်စက် ပြောရက်တယ်၊ နင့်လို အကောင်မျိုးကို ငွေအထပ်လိုက်ပုံပေးပြီး လုပ်ချင်တာလုပ်ခိုင်းလို့ ရတယ်၊ သဘောပေါက်'

'အောင်မလေး မသတီစရာဗျာ၊ ထွီ···'

နေသူက ရွံ့ရှာသည့်ပုံစံလုပ်ပြသည်။

'ဪ··· နင်က ငါ့အကြောင်းကို မသိသေးဘူးထင်တယ်၊ ဟော့··· မာမီပုလဲတဲ့ဟေ့၊ ဂန်ဒူးလောကမှာ နာမည်ကြီးပဲဟေ့'

မာမရှိန်းကြီးက ဟစ်ကြွေးပြီး နေသူ့ခါးကြီးကိုဖက်ထားသည်။ နေသူလည်း အတင်းရုန်းထုတ်ပစ်ကာ ထွက်ပြေးလေတော့သည်။ မာမရှိန်းကြီးမှာ ပက်လက်ကလေးလန်ပြီး ကျန်ရစ်ခဲ့သည်။ ပါးစပ်ကလည်း ပွစိပွစိဆဲ၍ အော်ဟစ်ကျန်ခဲ့လေရဲ့။

နေသူ့မှာတော့ ကားတိုက်ခြင်းနှင့် လူတိုက်ခြင်းကို မမှုတော့ဘဲ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးလေပြီ။ ရိုစီကွင်းရဲ့ အဆင်လှလှထောင်ချောက်ထဲ ပွဲခနဲမိသွားရှာသော နေသူ ခြေပေါက်ပါ မှားရချေပြီ။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ညနေခင်းရဲ့ လျှို့ဝှက်ချက်တွေထဲ ကန်ရေပြင်ပေါ် တောက်ပနေသော ဆည်းဆာရောင်သည် ပြိုးပြိုးပျက်ပျက်နှင့် တခုတ်တရ လှပနေ၏။

ရင်ခွင်မှာ ဖြစ်တည်သော အဖွဲ့အနွဲ့များသည် နိမ့်ချည်မြင့်ချည်နှင့် ဝေ့ဝဲလှုပ်ရှားနေ၏။

ပတ်သက်မှု သဘောတရားသည် ရင်ခွင်ရှိသော သူတိုင်းအကြုံးဝင်ချေရဲ့။ ကျွန်တော် ကန်ရေပြင်မှ ဝဲဂယက်များကို ရေတွက်ရင်း တစ်စုံတစ်ခုအတွက် အပြစ်တင်လိုစိတ်တွေ ကသောင်းကနင်းနှင့် ကြီးစိုးနေသည်။

ရိုးစင်းလှသော တွေးတောစရာများဖြင့် ခြယ်မှုန်းစင်ကြယ်နေ၏။ ရိုစီဂျင်းကို ခင်မင်မှုသက်တမ်းတစ်ဝက်မရောက်ခင် လှလှပပ ဆေးတော့ တားမြစ်သင့်တန် တားမြစ်ရပေတော့မည်။

ရိုစီဂျင်းက ကျွန်တော် ချိန်းဆိုသော အချိန်ထက် အနည်းငယ်စောစွာ ရောက်၏။ သူမမျက်ဝန်းလေးတွေသည် အကဲခတ်ရမရလှသကျ

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ဖမ်းစားနိုင်စွမ်းရှိလေသည်။ ပီပြင်လှသော စုတ်မှန်းရေးဆွဲချက်တွေသည် ပကတိမာယာတွေနှင့် တစိုးတစိမျှ ဖုံးလွှမ်းစေပုံနေပြီလော။

ရိုစီဂျင်းသည် ဆန့်ကျင်ဘက်တွေရဲ့ အလှသရုပ်ဖော်ဘုရင်မတစ်ပါးပါ။ ကျွန်တော့်အတွက် ခက်ဆစ်တွေချို့တဲ့နေတဲ့ ကဗျာတစ်ပုဒ်ပါ။

ကျွန်တော်လည်း ရိုစီဂျင်းကို နားလည်ရခက်သည့် အချက်တလွဲ၍ အခြား ပင်ပန်းစရာ ထွေထွေထူးထူးမရှိပေ။

ရိုစီဂျင်း စမေးသော မေးခွန်းမှာ ကျွန်တော့်ရင်ထဲက အသံတွေပါ၏။

'လွှင့်လွှင့် နှင့်သူငယ်ချင်းအတွက် ရိုစီကို အပြစ်တင်မလို့လား'

'အပြစ်တင်တာထက် ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ မေးချင်လို့ပါ'

'သူက လွှင့်လွှင့်လို မရိုးသားဘူးလေ'

'လူတိုင်း ကိုယ်စိတ်ဝင်စားတာနဲ့ တွေ့ရင် တစ်နည်းမဟုတ်တစ်နည်း မရိုးသားကြဘူး၊ ဒါကို အလိမ္မာနည်းနဲ့ မဖယ်ရှားဘဲ ပညာပေးတဲ့ပုံစံနဲ့ ဒုက္ခပေးနေသလို ဖြစ်နေတယ်'

'လွှင့်လွှင့် အပြစ်တင်လည်း တင်စရာပဲ၊ ရိုစီက ယောကျ်ားတွေကို မယုံတဲ့သဘောနဲ့ ပညာပေးတာ သဘာဝ ဘယ်တော့မှ မကျဘူး၊ ငြင်းပယ်ပစ်တာထက်စာရင် တစ်ခုခုတော့ ထိခိုက်ရှုံးပွန်းပဲ့ရုံလေး လုပ်သွားတာဖို့ အရသာရှိမလားလို့'

ရိုစီဂျင်းက ပေါ့ပေါ့ပါးပါးလေး ပြောသည်။

'လူတိုင်းဟာ သူ့ဂင်မြင်ချက်ကို ဖြောင့်ဖြောင့်တန်းတန်း

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုရင် စကားအရေးအတင်ဆိုတာမျိုးရှိတော့မှာ မဟုတ်ဘူး'

'ရှိစီ သဘောတရားကို လွှင့်လွှင့် သေသေချာချာ နားမလည်သေးတာ အပြစ်တစ်ခုမဟုတ်ပါဘူး၊ ရှိစီဘဝမှာ မာယာများတဲ့ ယောကျ်ားတွေနဲ့ တွေ့မှာ တကယ်ကို ကြောက်နေလို့ ခုလို ဘက်စုံထောင့်စုံ ကာကွယ်ထားတာပါ'

'ဒါကတော့ မရှိစီအပိုင်းလေ၊ ကိုယ်က အခု မကောင်းသောသတင်းနဲ့ယှဉ်ပြီး အလှအပကဏ္ဍမှာ ထူးချွန်ပြောင်မြောက်နေတာလေ၊ တစ်ချိန်ချိန် မရှိစီကျဆုံးသွားခဲ့ရင် ပတ်ဝန်းကျင်ရဲ့ အမြင်တွေက အကောင်းဘက်မှာရှိတော့မှာ မဟုတ်ဘူး၊ လောကမှာ သဘာဝကျကျ လိုက်လျောညီထွေနေနိုင်ထိုင်နိုင်တာ အဆီလျော်ဆုံးပဲ'

ရှိစီကျင်း ကျွန်တော် ပြောစကားကြောင့် ခေတ္တတွေဝေမှိန်းမောသွားသည်။ သူမ၏ချစ်စဖွယ်ကောင်းသော မျက်ဝန်းကလေးကို မေ့လပ်မေ့လပ် လုပ်နေရဲ့။

'ကျွန်တော် ပြောတာ လွန်များလွန်သွားသလား'

'မလွန်ပါဘူး၊ တစ်ခါတလေ ရှိစီက ကိုယ့်ဘဝကိုယ်ပြန်တွေးပြီး အဆီအငေါ်မတည့်တာတွေ၊ ဓောက်ထိုးဖြစ်နေတာတွေ သတိရမိလို့ပါ'

'မရှိစီ ဘဝမှာ အစစအရာရာ ပြီးပြည့်စုံနေပြီပဲ၊ ဘာတွေများ အဖုအထစ်တွေ ရှိနေလို့လဲ၊ ကျောင်းကိုတောင် ကိုယ်ပိုင်ကားနဲ့ တက်နိုင်သူပဲ'

ကျွန်တော်က သိချင်စိတ်တစ်ပဲသား စပ်စုလိုစိတ် နှစ်ကျပ်ခွဲသားလောက်နှင့် မေးလိုက်သည်။

'လွှင့်လွှင့် မသိတဲ့ဘဝတွေ ရှိစီမှာ ရှိသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အခွင့်သာရင် သိခွင့်ရစေချင်တယ် မရှိစ်'

'လွှင့်လွှင့် သိပိုင်ခွင့် ရှိပါတယ်၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ လျှောက်ပြောခွင့် မရှိဘူး၊ အဲဒါဆို ရှိစ် လွှင့်လွှင့်ကို သတ်ပစ်ချင် လောက်အောင် မုန်းတီးသွားလိမ့်မယ်'

'စိတ်ချပါ၊ ကျွန်တော် ဘယ်သူ့ကိုမှ မပြောပြပါဘူး၊ ဟိုပုံပြင် ထဲကလို သစ်ခေါင်းကြီးထဲသွားအော်ပြီး သစ်ခေါင်းကို စည်တော် လုပ်ခါမှ ဘုရင်ကြီးရဲ့လျှို့ဝှက်ချက်တွေ ပေါ်သလိုဖြစ်နေမှာစိုးလို့'

'လွှင့်လွှင့်လည်း ရေမြောင်းပေါက်တစ်ခုထဲ အော်လိုက်ပေါ့ စည်ပင်ကမြောင်းဖော်ရင် ရှိစ်လျှို့ဝှက်ချက်တွေ ပေါ်ပြီပေါ့'

ရှိစ်ဂျင်းက ဣန္ဒြေရရလေး ရယ်ရင်းပြောသည်။ ရှိစ်ဂျင်း သည် မိုးရေထိ၍ လန်းဆန်းပွင့်လန်းနေသော ပန်းလေးတစ်ပွင့်နှယ်

'ရှိစ်က ပြောပြတာထက် လက်တွေ့ပြရတာ ပိုသဘောကျ တယ်၊ လွှင့်လွှင့် ရှိစ်နဲ့ အခုသွားမယ့်တစ်နေရာကို လိုက်ခဲ့ပါလား'

'လိုက်ခဲ့မယ်လေ၊ ဒါပေမဲ့ အခုညနေစောင်းနေပြီ၊ အိမ်ပြန် နောက်ကျလိမ့်မယ်'

ကျွန်တော်က တွေးတွေးဆဆပြောသည်။

'ငါးနာရီကျော်ကျော်ပဲ ရှိပါသေးတယ်၊ အိမ်ကကားလာ မယ်၊ အပြန်ကျရင် လွှင့်လွှင့်ကို လိုက်ပို့ပေးပါ့မယ်'

'ဟုတ်ပါတယ်လေ၊ တော်ကြာ ကျွန်တော်က သိချင်တဲ့ ကို မသိရလို့ တစ်ညလုံး ခိုးလို့ခုလုတွေဖြစ်နေဦးမယ်'

ရှိစ်ဂျင်းက မဲ့ပြုံးလေးတစ်ပွင့် ခြွေလိုက်သည်။ ညနေ နေရောင်ဖျော့ဖျော့မှာ ရှိစ်ဂျင်းနှုတ်ခမ်းလေးက ပင်ကိုအတိုင်း ဖူး နုနယ်နေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



'ဒီတော့ လွှင့်လွှင့် ရှိစ် ကန်ဘောင်ပေါ်က အရင်ဆင်းမယ်၊ လွှင့်လွှင့်နောက်ကနေ လိုက်ခဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ရှိစ်ကို စောင့်နေတဲ့ သားကောင်တချို့တလေ ရှိနေတယ်၊ ဒါတွေကို ဖယ်ရှားပစ်ရဦးမယ်'

'ဥပေက္ခာပြုထားလို့ မရဘူးလား'

'လက်ရဲခက်ရဲကိစ္စတွေ တအုံတမကြီး ပါလာနိုင်တယ်'

'ဗုဒ္ဓေါ၊ အက်သိန်ဂျာ နတ်သမီးကို ပါလက်စတိုင်းစစ်သွေးကြွတွေထဲ ဗရာကြော်သွားရောင်းနိုင်းသလိုမျိုး ဖြစ်နေမလား'

'ပေါက်ကရ'

ကျွန်တော်လည်း ရှိစ်ဂျင်းနောက်မှ မသိမသာလိုက်တော်မူခဲ့ရလေသည်။ ထင်သည့်အတိုင်းပင် ကန်ဘောင်အဆင်း ယက်ကန်သက်ကန်နှင့် ကောင်တစ်ကောင်ကို တွေ့ရသည်။

'ရှိစ် စောင့်လိုက်ရတာကွာ'

ပုံစံက ကိုးရိုးကားယားဖြင့် ရှိစ်ဂျင်းကို အမိအရဝင်ရောသည်။

'ကဲ… ရှင်လိုချင်တာ ကျွန်မဆီက အချစ်ပဲမဟုတ်လား၊ ဒါတွေချည်းပဲ အပြောခံရတာ ရှင်နဲ့ဆို ဒီနေ့တစ်ရာလောက်ရှိပြီ'

'၉၉ ယောက်ကို ပြန်မချစ်နိုင်ရင် တော်ပါ၊ တစ်ယောက်သော ကိုယ့်ကို'

'ဆောရီးပဲ ဆယ့်ုသမား၊ ရှင့်မှာ ရှိစ် စိတ်ဝင်စားနိုင်လောက်တဲ့ အရည်အချင်း ရှိလား'

'ရှိတာပေါ့၊ ရှိစ် ကြိုက်သလို စမ်းသပ်ကြည့်နိုင်တယ်'

'ဟုတ်ပြီ၊ စဉ်းစားချိန်တောင် မထားဘဲ ချက်ချင်းပဲ ဖွံ့ဖြိုးနိုင်တယ်၊ ဒါမျိုးကို ရှိစ်က စမ်းသပ်ချင်တာ၊ ပထမအနေနဲ့ ရှင်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလီယိုရောဂါသည်တစ်ယောက် လမ်းလျှောက်သလို သုံးမိနစ် လမ်းလျှောက်ပြနိုင်မလား'

ကိုးရှိကားယားကောင် ခေါင်းတွေကုတ်သွားရဲ့။ ဒီအချိန်မှာ မလုပ်နိုင်ဘူးပြောရင်လည်း အထင်သေးရာကျဦးမည်။ လုပ်ပြရင်လည်း မကောင်း။ သို့သော် မစိတ်ပျွမ်နှိုသူတွေရဲ့ ဝသီအလေ့အထ အတိုင်း…

'ဒါလေးများ လုပ်ပြနိုင်တာပေါ့'

'ခဏပဲနော်၊ ပတ်ဝန်းကျင်က ရှင့်ကို ကရုဏာသက်ကြမှာ ပါ'

အဲဒီလူမှာ မတတ်သာတော့ဘဲ ပိုလီယိုရောဂါသည်ပုံစံနဲ့ လမ်း လျှောက်ပြသည်။ တကယ်တော့ ရှိစီကျင်းသည် အမြင်အာရုံစူးစိုက်မှု နှင့် ပတ်ဝန်းကျင်လေ့လာမှု အားကောင်းသူ မိန်းကလေးတစ်ဦးဖြစ် သည့်အလျောက် တစ်ဘက်ကားလမ်းမှ ကူးလာသော ပိုလီယိုရောဂါ သည်တစ်ယောက်နှင့် အပေါ်ဖြစ်သူကို လှမ်းတွေ့ရခြင်းကြောင့် ခုလို လုပ်နိုင်ခြင်း ဖြစ်သည်။ သူတို့ ကန့်လန့်ဘက်လမ်းကို ရောက်သည့် အချိန်မှာ ကိုးယိုကားယားကောင် ပိုလီယိုအတု ဖန်တီးပြချိန်နှင့် တ ထပ်တည်းသွားခဲ့ရပြီ။ ဒါကို ရှိစီကျင်းက တွက်ဆ၍ ထောင်ချော ဆင်ခြင်းပင်။

ကိုးယိုးကားယားကောင်မှာ သူ့ရှေ့မှ တကယ်ပိုလီယို ရော သည်အစစ်ကို တွေ့သောအခါ သူ့ပုံစံကိုပြင်၍ လျှောက်မရနိုင်တော့

'ကိုအရှာ… ရှင် ဒီအတိုင်းလေးပဲ ခပ်တည်တည်နဲ့လျှော နေ၊ တော်ကြာ ဟိုဘက်က သူတို့ကို လှောင်ပြောင်သရော်တယ် ပြီး ပြဿနာရှာနေလိမ့်မယ်၊ သူတို့ကျော်သွားမှ ပြန်မှန်အတိုင်း လျှောက်'

www.burmeseclassic.com

www.burmeseclassic.com



ရိုစီကျင်းက စိုးရိမ်စိတ်လေသံလေးနှင့် သတိပေးလိုက်သေးသည်။ နဂိုကမှ ဖွန့်ကြောင်ချင်သောကောင်သည် ရိုစီကျင်း သတိပေးသံကို တသွေမတိမ်းလိုက်နာရလေတော့သည်။

အဲဒီမှာ ရိုစီကျင်းရဲ့ လှလှပပ ထိထိရှရှ လှည့်ကွက်ထဲ ဝင်သွားချေပြီ။

ပိုလီယိုရောဂါသည် ကောင်လေးနှင့် သူ၏အဖေဖြစ်သူ ထင်ရသော လူတို့ ရိုစီကျင်းတို့နားရောက်လာချိန်…

'ဦးလေး ဒီကောင်လေးက ဦးလေးသားလေးလား'

ရိုစီကျင်းက ကရုဏာလေသံလေးနဲ့ ရိုရိုသေသေမေးလိုက်သည်။

'ဟုတ်တယ် တူမကြီး'

'ငယ်ငယ်ရွယ်ရွယ်လေးနော်'

'သူက မွေးရာပါလိုဖြစ်နေပြီ၊ ခုလည်း ကန်ဘောင်ပေါ်တက်ပြီး လေညှင်းခံချင်တာနဲ့ ဦးလေးခေါ်လာရတာ'

'အစားအသောက်တွေရော ကောင်းကောင်းစားရဲ့လား'

'စားပါတယ်၊ ဆရာဝန်တွေနဲ့တော့ ကြပ်ကြပ်မတ်မတ် ကုသနေတာပဲ'

'ဒေါက်တာ ပြကြည့်ပါလား'

တစ်ခါတည်း ရိုစီကျင်းသည်၊ ဦးလေးကြီးနဲ့ ရေပက်မဝင် စကားတွေပြောနေသည်။ အဲဒီမှာ ကျောက်ကျနေတာက ကိုးရှိုကားသားကောင်။ သူ့မှာ ဟန်ဆောင်နေရတာ မသက်သာ။ အကောင်းအတိုင်းပြန်နေဖို့ကလည်း ဘယ်လိုမှမဖြစ်။

'သူကရော မွေးရာပါပဲလား'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး၊ ကြီးမှဖြစ်တာပါ'

ဦးလေးကြီးက ကိုးရိုးကားယားနေ့ကိုပါ မေးလေပြီ။

'သမီးနဲ့ ဘာတော်သလဲ'

'ဘာမှမတော်ပါဘူး၊ သမီးကို ရည်းစားစကား လိုက်ပြောနေတာပါ'

ဦးလေးကြီးက နှာခေါင်းရှုံ့ပြီး တစ်ချက်ကြည့်သည်။ မကြီးမငယ်နဲ့ ကိုးရိုးကားယားနဲ့။

'သမီးလည်း သနားတာနဲ့ သူ့ကို အဖြေပေးပြီး ဆေးကုမလို့ဲ့'

'တကယ်လား၊ ဝမ်းသာလိုက်တာ ရှိစီရယ်'

တစ်ခါတည်း အပ်ချလောင်း လုပ်လိုက်သလို နေ့မှာ ပိုလီယိုကင်းစင့်လူတစ်ယောက် ဖြစ်သွားသည်။ ရှိစီဂျင်းက အံ့ဩချင်ယောင်ဆောင်ပြီး...

'ရှင်... ရှင်... ဒါက ဘယ်လိုဖြစ်တာလဲ'

ခုမှ နေ့လည်း ရှိစီဂျင်းရဲ့အကွက်ထဲ ကွက်တိမိသွားချေပြီ။

'ရှင် တော်တော်အောက်တန်းကျတဲ့လူပါလား၊ ကျွန်မကတော့ တကယ့်ပိုလီယိုရောဂါသည်အစစ်ဆိုပြီး ဆေးကုပေးမလို့ စဉ်းစားနေတာ၊ ခုတော့ ရှင်က လူလိမ်လူညာပဲ၊ ရှင် ကျွန်မကို ပိုလီယိုရောဂါသည်အဖြစ် တစ်လတိတိ ဟန်ဆောင်နေတာပေါ့လေ၊ အခု ကြည့်စမ်း တကယ့်ရောဂါသည်အစစ်ရှေ့မှာတောင် ရွဲ့သလို စောင်းသလိုနဲ့ တခင်သက်သက်ပုတ်ခတ်နေတာ မဟုတ်လား'

'ဟာ... မဟုတ်ဘူးလေ ရှိစီ'

အဲဒီမှာ ဘိုးတော်ကြီးက တစ်စခန်းထလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကွာ၊ လူတစ်ဖက်သားကိုမှ ဒီလိုလိမ်လည်ပြီး စော်ကား ရသလားကွ၊ ဒါမျိုးဆိုတာ ဝဋ်လည်မယ်၊ ငါကတော့ တကယ်မှတ်နေ တာ၊ ခုတော့ မင်းဟာမိန်းကလေးတစ်ယောက်ရဲ့ အချစ်ကိုရရှိဖို့ ကလိမ် ကကျစ် လုပ်နေတာပဲ'

'ဦးလေး ဘာမှမသိဘဲနဲ့ ဝင်မပြောပါနဲ့'

ငနဲက ဦးလေးကြီးကိုပါ ဘုတောတောပါလေရော။

'ဟ… မင်းက ငါ့ကိုပြန်ပြောတယ်၊ မင်းဟာ တော်တော် ယုတ်မာတဲ့ကောင်ပဲ'

ရှိစီကျင်း အစဆွဲလိုက်တာ ပြဿနာတွေ အချေအတင် ဖြစ် ကုန်သည်။

'ကျုပ်က တကယ့်ပိုလီယိုရောဂါသည် မဟုတ်ဘူး၊ ဦးလေးတို့ ရှေ့မှာဆိုတော့ မကောင်းတတ်လို့ ဟန်ဆောင်နေရတာ'

'သူတောင်းစား… မင်း ဒါဆို ငါ့သားကိုပုတ်ခတ်ပြီး အရွဲ့ တိုက်တဲ့သဘောပေါ့၊ သေပေတော့၊ ဟော့… လုထွန်းတဲ့ကွ၊ ကမာရွတ် နယ်တစ်ခွင်မှာ အရင်ကလူမိုက်လုပ်ခဲ့တာ၊ သက်သက်မဲ့ လာမစော် ကားနဲ့'

'ခင်ဗျားက နေရာတကာ ဝင်ရှုပ်နေလို့ အခုလိုဖြစ်ရတာ'

'ဘာကွ'

ဘိုးတော်က ပြောပြောဆိုဆိုနဲ့ လမ်းဘေးရှိ အုတ်နီခဲကြီး ကောက်ကိုင်ပြီး ငနဲကို ထုရန်ပြင်သည်။ ငနဲလည်း ကြောက်လန့်ပြီး တစ်ခါတည်း ထွက်ပြေးသွားတော့သည်။ ဦးလေးကြီးတို့သားအဖ လည်း ရှိစီကျင်းကို နှုတ်ဆက်ကာ ကန်ဘောင်ပေါ်တက်ခဲ့သည်။

ကျွန်တော်လည်း ပွဲကြည့်ပရိသတ်အဖြစ် ဘေးမှကြည့်ရသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ တော်တော် ရယ်ချင်စရာကောင်းလှသည်။

သို့သော်…

'မရိစီ နေသာထိုင်သာ ရှိသွားပြီလား'

'ဒါတောင် သွေးပူလေ့ကျင့်ခန်းအဆင့်လောက်ပဲ ရှိသေးတာ'

'မရိစီက တခဲတုပတ္တိဉာဏ်တော့ ကောင်းသားပဲ၊ ချက်ချင်းထို တတ်လမ်းဆင်ပြီး ဒါရိုက်ကို ကပြလိုက်တာပဲ'

ကျွန်တော်က ချီးကျူးတော့ ရိုစီဂျင်းက မခို့တရို့လေးရယ်သည်။

'ဒီလိုကြောင်မျိုး ဒါနဲ့ပဲ တန်တယ်'

'မရိုစီ ကြာလာရင် တစ်ရွာလုံးနဲ့တစ်ယောက်ဖြစ်တော့မယ်၊ တစ်ချိန်ချိန်မှာ မရိုစီ မကြိုက်ခဲ့တဲ့သူတွေက ဝိုင်းတစ်ဝိုင်းထောင်ပြီး ပြန်ရန်ရှာနေရင် ဘယ်လိုလုပ်မလဲ'

'ဘယ်ရမလဲ၊ ရိုစီကလည်း သိုင်းလောကရဲ့စိန်ခေါ်သံထဲက နတ်ကလျာပဲပေါ့'

ကျွန်တော်တို့နှစ်ယောက် ပေါ့ပေါ့ပါးပါး ရယ်နေသည့်အချိန်တွင် နေရောင်ခြည်တွေ မှေးမှိန်လျော့ဆင်းသွားပြီ။

'ဘယ်လိုလဲ မရိုစီ၊ ဒရိုင်ဘာနဲ့ ကားရော မလာသေးပါလား'

'လာမှာပေါ့၊ ဖြည်းဖြည်းပေါ့'

သိပ်မကြာခင် ရိုစီဂျင်းအိမ်က ကားရောက်လာသည်။ ဒရိုင်ဘာ အဘိုးကြီးက…

'သမီး… ဘဘ နည်းနည်းနောက်ကျသွားတယ်၊ ကားနည်းနည်းပြင်နေလို့'

'ရပါတယ် အဘရ၊ ကားလည်း လူလိုပဲ ကျန်းမာရေး

www.burmeseclassic.com



နည်းနည်းချုချာမှာပေါ့၊ အဘ ဒါ သမီးပြောပြောနေတဲ့ လှွင့်လွှင်ဆိုတာလေ'

'ကဗျာဆရာဆိုတာလား'

အဘိုးကြီးက ကျွန်တော့်ကို ကြည့်ပြီး တစ်ချက်လေးရယ်သည်။ ကွမ်းဂျိုးတက်နေသော သွားတွေတောင် အစုံအစေ့မရှိတော့။

'အဘ… သမီးတို့ကို ကိုးဆယ်ဖွားမားမားဆီ အရင်သွားစြမယ်'

'မှောင်နေပြီ၊ ဖြစ်ပါ့မလား သမီးရဲ့'

'သူတို့ရပ်ကွက် မီးရသွားပြီ အဘရဲ့၊ သိပ်မကြာပါဘူး'

'အင်းလေ၊ သမီးလည်း ကိုယ့်အမေကို တွေ့ချင်ရှာမှာပေါ့'

'ကလေးတွေလည်း မျှော်နေရှာမှာပဲ'

□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

ကျွန်တော် ရိုစီကျင်းနှင့် ဒရိုင်ဘာအဘိုးကြီး ဘာတွေပြောနေမှန်း နားမလည်တော့။ တစ်ခုခုတော့ သေချာပေါက်ထူးဆန်းတော့မည်။

'ကဲ… လွှင့်လွှင့် ရိုစီ ပြောမယ်၊ အခုသွားမဲ့နေရာက မြို့စွန်ဆင်ခြေဖုံးရပ်ကွက်လေးတစ်ခုဆီကို၊ အဲဒီမှာ ရိုစီအမေရင်းနဲ့ ထူးမလေးတွေ ညီမလေးတွေ ရှိတယ်၊ လွှင့်လွှင့် တစ်ခုခုတော့ ထူးဆန်းနေမယ်'

'ဘာမှန်းကို မသိတဲ့ ကဗျာတစ်ပုဒ်ကို ဖတ်ရသလိုပဲ'

'အဆိုတော်တွေ မင်းသားတွေ ရေးထားတဲ့ ကဗျာတွေလိုပေါ့'

ရိုစီကျင်းက ဥပမာပြလိုက်သေး။

'အချိန်တန်ရင် သိရမှာပေါ့ လွှင့်လွှင့်ရယ်'

ရိုစီကျင်းက စူပါမတ်ကက်တစ်ခုထဲ ဝင်ပြီး စားစရာတွေနှင့် အဝတ်တွေ ဝယ်လာသည်။ ပြီးမှ ရပ်ကွက်လေးတစ်ခုရဲ့ ထိပ်မှာ ကားကိုရပ်သည်။ ဆိုက်ကားစီးပြီး ရပ်ကွက်ထဲ ဝင်တော့ မှောင်နေပြီ။ ရပ်ကွက်လေးက ညဦးပိုင်းထုံးစံအရ လူတွေ ဥဒဟိုနှင့် သွားအရုပ်

www.burmeseclassic.com

www.burmeseclassic.com



နှင့်သူ့စာတတ် ရှိကြသည်။ အရက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်တွေမှာ လူတွေအပြည့်။ မိန်းမတွေ အသုပ်ဆိုင်မှာစုပြီး စကားပြောနေတာ တွေလည်း ရှိသည်။

ဆယ်ကျော်သက်ကောင်လေးတွေ ကောင်မလေးတွေ ကျူရှင် မြန်လာတာကိုလည်း တွေ့ရသည်။ ဆူသံဆဲသံအချို့ ကြားရသလို တရားဒိုကေဆိုသံတွေလည်း ကြားရသည်။ ကိုရီးယားကားကို တစ်အိမ်တည်းတွင် စုကြည့်နေကြသူတွေရှိသလို ဘောလုံးပွဲစောင့်ကြည့်နေကြသော လူငယ်တွေလည်းရှိသည်။ ရပ်ကွက်အထာလေးတွေပေါ့။

အိမ်တစ်အိမ်ရှေ့တွင် ရိုစီကျွင်းက ရပ်လိုက်သည်။ အိမ်လေးက သွပ်မိုးပျဉ်ထောင်ကာ သေးသေးပုပုလေး။ ဘေးအိမ်တွေနှင့်လည်း ထပ်နေသလို လမ်းနှင့်အိမ်ဝလည်း အတော်လှမ်းသေးသည်။ မိုးတွင်းဆို ရေပြည့်နေသော အိမ်လေးမျိုး။ ရိုစီကျွင်း ဝင်တော့ ကျွန်တော်လည်း ထပ်ပြီးဝင်ရတာပေါ့။

'အမေ… အမေ'

'ဘယ်သူလဲ၊ သမီးလား'

'အမေ နေကောင်းရဲ့လား၊ သမီး ဒီရက်ပိုင်းမှာ အလုပ်တွေ များနေလို့ပါ'

အဘွားကြီးတစ်ဦး အိမ်ခန်းထဲမှ ထွက်လာသည်။

'ကလေးတွေရော'

'ဟိုဘက်အိမ်မှာ ကိုရီးယားကား သွားကြည့်နေကြတယ်'

'အမေ ဒီမှာ ကလေးတွေဖို့ မုန့်နဲ့အဝတ်အစားတွေ'

'အေးကွဲ့၊ သမီးဆရာမကြီးနဲ့ရော အဆင်ပြေရဲ့လား၊ သူရော နေကောင်းရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'သူ့ရောဂါက သိပ်တော့ အရှင်းမပျောက်သေးဘူး၊ အသက်အရွယ်ကလည်း ရလာပြီဆိုတော့ လှုပ်လှုပ်ရှားရှား မလုပ်နိုင်တော့ဘူး၊ အိပ်ယာထဲမှာပဲ နေနေရတယ်'

'အင်း… အသက်အရွယ်တွေလည်း ရလာပြီကိုး'

အဘွားကြီးက တုန့်တုန့်ရီရီ ပြောရှာသည်။ ထိုစဉ် ကလေးသုံးယောက် အိမ်ပေါ်ပြေးတက်လာသည်။

ရှိစီဂျင်းကိုတွေ့တော့…

'ဟာ… မမ လာတယ်ဟေ့၊ သမီးတို့ဖို့ မုန့်တွေပါလား'

'ပါတာပေါ့ သမီးရဲ့၊ မောင်လေးဖို့ရော ညီမလေးဖို့ရော အများကြီးပါတယ်၊ လိမ်လိမ်မာမာနေကြနော်၊ စာလည်းကြိုးစားကြဦး'

'ဟုတ်ကဲ့ပါ မမ'

'ဘွားဘွားကြီးကိုရော ဂရုစိုက်ကြနော်၊ အမေ မရှင်မြသာတင်ရော ဘာကြားသေးလဲ'

'တလောက မွဲရုံကလူတစ်ယောက်နဲ့ နောက်အိမ်ထောင်ပြုသွားတယ်လို့ ကြားတာပဲဟယ်၊ ပြောမနေပါနဲ့၊ ဒီကောင်မအကြောင်း'

'ဒါပေမဲ့ ကလေးတွေကို ပစ်ထားတာတော့ မကောင်းဘူးပေါ့လေ၊ ဒါနဲ့ ဦးလေးရော'

'နင့်ဦးလေးကတော့ ထုံးစံအတိုင်း အရက်ဆိုင်မှာပဲပေါ့'

'ဦးလေးက အရင်လို အရက်တွေနင်းကန်သောက်တုန်းပဲလား'

'အရင်ကလိုတော့ မသောက်တော့ပါဘူး၊ အလုပ်မှားရက်ထဲမှ သောက်တာပါ၊ မိသားစုအပေါ်တော့ သူ့စိတ်ရင်း ကောင်းရှာပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ နားထောင်နေရပေမယ့် ဘာကိုမှ မသိရှာ။ ပဟေဠိတစ်ခုသဖွယ်…

'အမေလည်း နေကောင်းအောင် နေနော်'

'ငါကတော့ဟယ်၊ အာဂန္တုအဖျားလောက်ပဲ ရှိတာပါ၊ ရေအိုးတစ်အိုးတော့ ကောင်းကောင်းနိုင်ပါသေးတယ်ဟဲ့'

အဘွားကြီးက ရယ်ရယ်မောမော ပြောသည်။

'သမီးလည်း သတိရပါတယ် အမေရယ်၊ ဒါပေမဲ့ သမီးဘ၀က…'

'မပြောပါနဲ့တော့ဟယ်၊ ငါတို့ နှင်မရှိလည်း နေတတ်ပါတယ်၊ ငါ့မြေးတွေနဲ့ နေနေရရင် ပြီးတာပဲ၊ နင့်ဘဝနဲ့နင် ပျော်နေရင် အမေလည်း စိတ်ချမ်းသာပါတယ်'

'သမီးလည်း အမြဲပျော်အောင်နေပါတယ် အမေရယ်'

'အေးအေ နောက်လည်း အားမှလာ၊ တကူးတကမလာနဲ့၊ အခုလည်း တော်တော်မိုးချုပ်နေပြီ၊ သွားတော့ ဒါနဲ့ ဒီသူငယ်က…'

'သြော်… သူက သမီးမိတ်ဆွေပါ၊ ကဗျာဆရာတစ်ယောက်ပဲ'

'အေး… အေး… ကောင်လေး၊ အဘွားကတော့ ဘာမှညှေ့ခံစရာမရှိဘူး'

'ရပါတယ် အဘွား'

ကျွန်တော်လည်း အလိုက်သိစွာ ပြန်ပြောရသည်။ ရိုစီကျင်းသည်း သူမ၏ အမေကို နှုတ်ဆက်ကန်တော့ပြီး ငွေတစ်သောင်းကန်တော့ခဲ့သည်။ အပြန်လမ်းမှာ ကျွန်တော့်ရင်ထဲတွင် မေးခွန်းများ ပဟေဠိထနေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



'မရိစီ... ဒါ ဘဝအစစ်အမှန်လား'

'သေချာနိုင်တယ်လို့ လွှင့်လွှင့် ယူဆရင် သေချာပါတယ်၊ ဒါဟာ ရိစီရဲ့ ဘဝအစစ်အမှန်လေးပါ၊ ရိစီတို့မိသားစုက အရင်တုန်းက လက်လုပ်လက်စား မိသားစုပါ၊ အဖေက ရိစီနှစ်တန်းလောက်မှာ ကားတိုက်ခံရပြီး ဆုံးသွားတယ်'

'ဪ'

'အမေက အရင်သန်မာတုန်းက ဘိန်းမုန့်ရောင်းတယ်၊ ရိစီမှာ အစ်ကိုတစ်ယောက်ရှိတယ်၊ ခုနှစ်နှစ်လောက် အသက်ကွာတယ်၊ ခုနက ကလေးတွေက သူ့သားလေးနဲ့ သမီးလေးတွေပေါ့၊ အစ်ကိုက အရမ်းရိုးလွန်းတော့ ရတဲ့မိန်းမက မိန်းမလည်နဲ့ သွားရတယ်၊ အစ်ကိုကို လက်ကြောတင်းအောင် ဘာမှမလုပ်ချင်သလို သားသမီးတွေကို ကြင်နာစိတ်လည်း မရှိဘူး၊ အစ်ကိုက လွန်ခဲ့တဲ့တစ်နှစ်ကပဲ ဖုန်ဘက်ကုန်လိုက်သယ်ရင်း ရွာလေးတစ်ရွာမှာ လှေမှောက်ပြီး ရေနစ်ဆုံးခဲ့တယ်'

'ဟာ... ကံကြမ္မာကလည်း မြေပူရာကင်းမှောင့်ပါလား'

'အစ်ကိုဆုံးပြီး သိပ်မကြာဘူး၊ သူ့မိန်းမလည်း ကလေးတွေတာဝန်ကို မယူနိုင်ဘဲ နောက်အခြားယောကျ်ားတစ်ယောက်နဲ့ နိုင်ငံခြားလိုက်ပြေးသွားတယ်'

'တော်တော်လူမဆန်တဲ့ မိန်းမပဲ'

'အခု အမေနဲ့တူမလေးတွေကို အမေ့ရဲ့မောင်က စောင့်ရှောက်နေရတယ်'

'သူကရော အိမ်ထောင်မရှိဘူးလား'

'ရှိပါတယ်၊ မိန်းမက ပန်းနာရင်ကျပ် ရောဂါနဲ့ ဆုံးသွား

www.burmeseclassic.com

www.burmeseclassic.com



ကြာပြီ၊ သားသမီးတစ်ယောက်မှလည်း မတွန်းကားခဲ့ဘူး'

'မရိစ် အမေတို့ကို အဝေးကနေ ထောက်ပံ့နေရတာပေါ့'

'အင်းပေါ့လေ၊ ကျွန်တော်တွေကို ဟိုဘက်အပိုင်းရောက်မှ ဆက်ပြောကြတာပေါ့'

ရိစ်ဂျင်းက စကားစကို ဖြတ်ချလိုက်သည်။ ကျွန်တော်လည်း မေးချင်တာတွေ အချို့ကို ပြန်မြိုထားရတာပေါ့။ ရိစ်ဂျင်း ဘဝလေးက ပြီးပြည့်စုံသော ခမ်းနားသော ဘဝမျိုးလေးမဟုတ်ပါလား။ ခုတော့လည်း တကယ့်ကို ကရုဏာသက်ဖွယ်။

ရိစ်ဂျင်း ကားပေါ်ရောက်တော့ ဘာစကားမှ မပြောနိုင်ဘဲ မျက်လုံးလေး ပုတ်ခတ်ခတ်နဲ့ မျက်ရည်ကျနေသည်။ ကျွန်တော်လည်း မနေနိုင်ဘဲ မေးမိသည်။

'မရိစ် ငိုနေတယ်'

ရိစ်ဂျင်း ငိုတာကို ကျွန်တော်ကလွဲ၍ အခြား ဘယ်သူမှမြင်မှာမဟုတ်ပေ။ သူမ စိတ်ထိခိုက်စရာတွေနဲ့ တွေ့နေတာကိုး။

'ရိစ်လေ မိသားစုကို ပစ်ထားပြီး ကျေးဇူးမသိတတ်တဲ့သမီးပဲ'

'ဒီလိုလည်း မဟုတ်ဘူး ထင်ပါတယ်'

ကျွန်တော်ကလည်း ဘာမှဂဃနဏမသိဘဲ ရမ်းတုတ်မှန်းတုတ်လုပ်ချေရဲ့။

'ရိစ်က လွင့်လွင့်တို့ ယောက်ျားလေးတွေ ထင်သလို ဇာစ်ကိုယ်ကောင်းဆန်တယ်၊ အတ္တကြီးတယ်၊ ဘဝင်မြင့်တယ်၊ မာနကြီးတယ်'

'အကြောင်းကြောင့် အကျိုးဖြစ်တာပါဗျာ'

www.burmeseclassic.com

www.burmeseclassic.com



“ရိုစီဘဝမှာ ရိုးသားမှုနဲ့ အေးဆွေတရား အရမ်းဝတ်မွတ်ခေါင်းပါးခဲ့တယ်၊ ရိုစီ တစ်ခုတော့လိုချင်တာ အမှန်ပဲ”

‘ဘာလဲ မရိုစီ၊ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ’

“ဒီဝတ်မွတ်ခေါင်းပါးနေတဲ့ ကိစ္စကို ကုလသမဂ္ဂတင်ပြရင်ကောင်းမလားလို့”

အကောင်းပြောနေရင်း ထဖွဲ့ဖောက်ပါလေရော။

“မရိုစီ၊ အရေးထဲ နောက်နေသေးတယ်”

‘ရွှေနေရင် လျှာရှည်မိမှာစိုးလို့’

‘ဒါဖြင့် ဘာလို့ ခုနက ငိုနေရတာလဲ’

‘ညက ကိုရိုးယားကားလေးကို သတိရလို့’

“ဒီလိုပဲ ပြောရတော့တာပေါ့၊ ကျွန်တော်ကတော့ အကောင်းမှတ်လို့”

“ရိုစီ စိတ်ကို ပျော်ပျော်ထားလိုက်တာပါ၊ လွှင့်လွှင့်ရယ်”

“အခု ဘယ်ကိုမောင်းနေတာလဲ မရိုစီ”

‘ရှင့်အိမ်ဂေဟာကိုပေါ့၊ ရှင် မပြန်ဘူးလား၊ ရှင်သိချင်တဲ့ ဇာတ်ဝင်ခန်းတွေကို မနက်ဖြန် ရိုစီဇာတ်သဘင်က တင်ဆက်ကပြ အသုံးတော်ခံပါလိမ့်မယ်၊ အခုတော့ အော်ပရာလောက်နဲ့ပဲ နှစ်သိမ့်စေချင်တယ်”

ကျွန်တော်လည်း အိမ်အပြန်လမ်းတွင် အတွေးတွေ မွှန်းကြပ်စွာ စိတ်လှောင်နေသည်။ ရိုစီဂျင်းရဲ့ ဘဝအစစ်အမှန်သည် တခမ်းတနားနေထိုင်ခြင်းဖြင့် ပြီးပြည့်စုံစေသည်မှာ မှန်သလော။ ဘဝင်ဝင်ဝန်ဆင်းရဲမှုများဖြင့် ဖြတ်သန်းနေရသလော။ မည်သည့်ဘဝသည် မှန်ကန်မည်လဲ။

www.burmeseclassic.com

www.burmeseclassic.com



အခုလက်တွေ့ မြင်ရသည့်ဘဝကတော့ ခါးသီးလှတဲ့ ရိုစီကျင်းသည် ဤခါးသီးလှသော ဘဝထဲမှ ရုန်းထွက်ကာ စိတ်ဓာတ် မြှင့်တင်၍ ချမ်းသာသည့် အသိုင်းအဝိုင်းတစ်ခုကြားတွင် ဘယ်လိုပုံစံ ဖြင့် သီးသန့်ရောက်ရှိနေသနည်း။

သူမ၏ဘဝသည် လှတန်းစားနှစ်ရပ်ဖြစ်သော အထက်တန်း လွှာနှင့် အောက်တန်းလွှာနှစ်ခုကြားတွင် အဘယ်ကဲ့သို့ မျှော်မထင်ဘဲ ကျနေသနည်း။

ကျွန်တော် အကြောင်းအရာတစ်ခုကို တွေ့တိုင်း ထောင်ချောက် သောထောင့်တွေက ပဟေဠိတွေ တဖွဲဖွဲဝင်လာကြသည်။

ရိုစီကျင်းသည် နားလည်ရခက်သော ပုစ္ဆာတစ်ပုဒ်ပင်။

ကျွန်တော် ထပ်တွေးမိတာက ဒီကိစ္စကို လူတိုင်းသိသွားခဲ့ လျှင် ရိုစီကျင်းကို အမုန်းတရားတွေဖြင့် နှိပ်ကွပ်မည့်သူတွေ များပြား လာလိမ့်မည်။ ရိုစီကျင်းရဲ့ ဂုဏ်သိက္ခာအတွက် ကျွန်တော် နှုတ်ကို စောင့်ထိန်းသေချာမှဖြစ်မည်။

ကျွန်တော် ရိုစီကျင်းရဲ့ စိတ်ဓာတ်ကလေးကို သဘောကျခဲ့တာ တော့ အမှန်ပင်။ ခုချိန် ရိုစီကျင်းသည် ကျွန်တော့်အပေါ် တစ်စုံတစ်ရာ လှည့်စားခြင်း၊ မုသားသုံးခြင်း၊ လှည့်ကွက်ဆင်၍ ထောင်ချောက် လုပ်ခြင်းမျိုး မရှိသေးဟု ယူဆရသည်။ ရေရှည်တော့ မပြောတတ်။ ကျွန်တော့်အပေါ် ရိုစီကျင်း ဤကဲ့သို့ ပက်စက်လှသော စိတ်ထားမျိုး ရှိနိုင်။

ရိုစီကျင်း၏ ပကတိဖြူစင်သန့်ရှင်းသော စိတ်နေစိတ်ထားကို ကျွန်တော် ခန့်မှန်းတွက်ချက်သုံးသပ်မိပါသည်။

ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် ပြန်မေး၍ စစ်တမ်းထုတ် ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ… မင်းလည်း ရိစီကျင်းကို ချစ်နေပြီလား'

ဒါတော့ ကျွန်တော် မပြောတတ်သေးပါ။ ကဗျာကို စတင်ရင်ခုန်တတ်စအရွယ်ကလို ရှိန်းတိန်းဖိန်းတိန်းပုံစံမျိုး မဖြစ်သေးသရွေ့ ရိစီကျင်းအပေါ် ရင်ခုန်မှု အလျှဉ်းမရှိသေးကြောင်း ဝန်ခံမိပါသည်။

သို့သော် တစ်စုံတစ်ခုတော့ စွဲလမ်းမှုရှိသည်။ ရိစီကျင်းနဲ့ မတွေ့ရလျှင် မနေနိုင်သော မသိစိတ်သေးသေးလေး။

အချစ်ဆိုတာကို စားသုံးမှုနဲ့တာ တစ်ခါလောက်ပဲ
အရိုးစူး ရှတာတအက်ကို
တစ်ခါတလေကျရင် ဘဝတစ်ခုလုံး ခြစ်ထုတ်ရ
တန်ဆာပလာတွေ ကိရိယာတွေစုံလို့
အချစ်ဆိုတာ အနာဂတ်ကို စောင့်မျှော်နေတဲ့
ရင်ခုန်သံရက်လွှန်ကြေးတွေပဲ…။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

ကျောင်းထဲတွင် Water ခေါ်ကဲ့ဟု နာမည်တွင်နေသော ကျောင်းသားတစ်ဦးရှိသည်။ နာမည်ရင်းက ဝင်းမင်းထွန်း။ ငွေရှိသည်။ ရုပ်ရည်က မင်းသားတစ်ယောက် ရုပ်ရည်မျိုး။ ဒါပေမဲ့ စိတ်က ပုံမှန်မရှိဘဲ တွေတွေဝေဝေလေးနှင့် ယည်ယည်လေး ရူးနေသူ။ အရမ်း ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်။ ဒီကောင်ကို ဘာလို့ ဝါးတားခေါ်ကဲ့ဟု ခေါ်သလဲဆိုတော့ စကားပြောရင် အမြဲတမ်းရေနှင့်ပတ်သက်သည့် အကြောင်းအရာတစ်ခု အမြဲပါ၏။ သူနှင့်စကားပြောသူက ရေ အကြောင်းအရာ မသိလျှင် ခပ်နုံနုံကောင်ဟု သူက သတ်မှတ်ထား သည်။ ရေနှင့်ပတ်သက်လျှင် သူ မသိတာ ဘာမှမရှိ။ အကုန်သိသည်။ စကားပြောလျှင်တော့ တောင်စဉ်ရေမရပါပဲ။ ဒီကောင့်ကို ခိုက်သည့် ကောင်မလေးတွေနှင့် အမြဲခွာပြဲရန်ဖြစ်တာကတော့ ဒီကောင့်ရဲ့အမြဲ တမ်းတာဝန်တစ်ခုပင်။ သူပြောသလို ရေနှင့်ပတ်သက်ပြီး မပြောနိုင် မပြောတတ်ပေ။ အဲဒီလို Water ခေါ် ရေကို ခရေစီဖြစ်နေသော ဝင်းမင်းထွန်း ခေါ် ဝါးတားခေါ်ကဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်က ကောင်မလေးတွေ၏ ချစ်ခြင်းကို တယုတယ ခံယူချင်သူဖြစ်ပြီး သူ့ကိုချစ်ရင် ရေနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့် ပြန့် သိထားရမည်တဲ့။ တော်တော်ကို ရှုးကြောင်ကြောင်နိုင်သည့် အကောင်ပင်။ ရေအကြောင်းသာ သေသေချာချာသိထားသော ကောင်မလေးဖြစ်ပါက ဝင်းမင်းထွန်း အရမ်းသဘောကျသည်။ သူ မသိသော ရေအကြောင်းကို ပြောသာပြော သူကိုယ်တိုင်လည်း အရမ်း စိတ်ဝင်စားသည်။

သူနှင့်တွဲဖူးသည့် ကောင်မလေးတွေ တော်တော်များများ လည်း သူ့လိုပဲ ဝါးတားဂေါက်ကလေးများ ဖြစ်ကုန်ကြသည်။ သူတို့ အသည်းခွဲသော ကောင်မလေးတွေမရှိသေး။ သူက ကောင်မလေးတွေ ကို အသည်းလိုက်ခွဲသောကြောင့် ဒီကောင်သည်လည်း တက္ကသိုလ်ထဲ တွင် အထင်ကရဖြစ်နေသည်။

မြွေမြွေချင်း ခြေမြင်ဆိုသလို ဝါးတားဂေါက်က အလှဘုရင် ရှိစီကျင်းကိုတော့ ဘယ်တော့မှ ထိပ်တိုက်ရင်မဆိုင်ဘဲ ရှောင်သည်။ အခြားမေဂျာကွင်းတွေကို သူ့အရှုးကွက်တွေနှင့် အသည်းခွဲနေတာ ကြာပြီ။ အရှုးက တစ်မျိုးသာဆိုသလို သူ့ကိုကြွေတဲ့ ကောင်မလေးတွေ က များသား။ ကင်တင်းမှာ တစ်နေ့ ကောင်မလေး တစ်ယောက် ထည်လဲတွဲ ထိုင်လေ့ရှိသည်။ တစ်ခါတလေများ နှစ်ယောက်ပူးလေ။ အခြားကျောင်းသားတွေအဆိုအရ ခွေးရူးကောင်းစား တစ်မွန်းတည့်ဆို ပေမဲ့ ဒီကောင်ကောင်းစားနေတာ ပထမနှစ်တစ်နှစ်လုံး ဖြစ်နေပြီ။

ချောမောလှပသော ကောင်မလေး တော်တော်များများ ချွေးချွေးမြည့်မြည့်လေးနဲ့ အသည်းကွဲကျန်ခဲ့တာကို ယောကျာ်းသား အများစုက မကျေနပ်ကြ။

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လုပ်သွားပုံတွေကလည်း တကယ့်အရူးကွက်တွေပါပဲ။ ဥပမာ ကောင်မလေးတစ်ယောက်နဲ့ ကြည့်သွားရင် ဒီကောင်က ရေနွေပတ်သက်ပြီး အကြောင်းတွေကို ကမ္ဘာနဲ့ချီပြောရင်း ကောင်မလေးကို မေးခွန်းတွေထုတ်သည်။ ကောင်မလေး မဖြေနိုင်လျှင် ကဲ့ရဲ့ပြီး ကောင်မလေးဖြေနိုင်လျှင် ငြင်းပစ်သည်။ အဲဒါနှင့် ဒီကောင်က ဒါ ကောင်မသိဘူးဆိုသည့် မှတ်ချက်နှင့် ကောင်မလေးတွေကို ဘွားထား ပစ်ခဲ့စမြဲ။

ကျွန်တော်တို့ ကြည့်မရတဲ့အထဲတွင် အဲဒီဝါးတားဂေါက် လည်း ပါသည်။ ပုံစံက မထီမဲ့မြင်ပုံစံနှင့် ထောင့်မကျိုး။ ကင်တင်း ထဲထိုင်လျှင်လည်း ခေတ္တ်ကြွားခေတ္တ်ကြွားနှင့်။ ဘယ်သူ့မှ ဂရုမစိုက် သည့် ပုံစံနှင့်။ စားကြပ်ကဏ်ခက်တစ်လုံးနှင့် ဘယ်သူ့ကိုမှ ဖုတ်လေ သည့်ငါးပိ ရှိသည်ဟု မထင်။ ကျွန်တော်တို့ကင်တင်းမှာထိုင်နေတုန်း ဝင်းမင်းထွန်း ပြဿနာတစ်ခု တက်ဖူးသေးသည်။ ကင်းတင်းမှာ ရှိသည့်သူတွေ တဝါးဝါးနှင့် သဘောကျကျွန်ခဲ့တဲ့ ဖြစ်ရပ်ကလေး။

ကျွန်တော်ရယ်၊ ရဲခေါင်လှိုင်ရယ်၊ နေသူရယ် ကင်တင်းမှာ ထိုင်နေပြီး ၃၇ မင်းနတ်အကြောင်းတွေ ငြင်းခုန်နေကြရဲ့။ မယုံသူတစ် ဖက် ယုံသူတစ်ဖက်နဲ့။ အဲဒီမှာ ဝင်းမင်းထွန်း (ခ) ဝါးတားဂေါက်တစ် ယောက် ရေသန့်ဗူးလေးကိုင်ပြီး ဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်သည်။

'စားပွဲထိုး လာပါဦး'

ကျွန်တော်က နဂိုကမှ ကြည့်မရသော ဝင်းမင်းထွန်းကို

'လာပြီ၊ ရေထဲချနှစ်သတ်ခံရတဲ့နတ်တစ်ပါး'

ဝင်းမင်းထွန်းက သူထိုင်နေသော ဝိုင်းကိုလက်ညှိုးထိုးပြီးပြော

'ကောင်လေး ဒီစားပွဲကို ရေသန့်သန့်လေးနဲ့ သုတ်ပေးစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးလေးက အဝတ်တစ်ခုကို ရေဆွတ်၍ သုတ်ပေးရ သည်။ စားပွဲမှာ ရေသုတ်လိုက်သဖြင့် ပိုသန့်မလာဘဲ အညစ်အကြေး များ ပွလာသည်။

ဝင်းမင်းထွန်းက တစ်သျှူးစဖြင့် ထပ်သုတ်ခိုင်းသည်။ စားပွဲ ထိုးလေးက မျက်နှာလေးစူပြီး ထပ်သုတ်ပေးရပြန်သည်။

'ဘာမှာမလဲ ဆရာသမား'

'နွားနို့တစ်ခွက်၊ ပျစ်ပျစ်လေး'

အကြောင်းသိသော စားပွဲထိုးလေးက ခပ်ရွှံ့ရွှံ့ပြောသည်။

'သိပ်မပျစ်တော့ဘူး၊ ရေနည်းနည်းရောထားတယ်၊ ရေသန့် နော်'

'နွားနို့ထဲ ရေရောတာ အကျင့်ဖြစ်နေပြီ၊ ဒါပေမဲ့ ရေသန့်သန့် လေး PH, အစစ်ဖြစ်ရမယ်'

'ဟုတ်ကဲ့ စိတ်ချ'

ဝင်းမင်းထွန်းက စားပွဲထိုးလေးကို ထပ်အော်ပြောလိုက်သည်။

'ကောင်လေးရေ… ရေဗက္ကဝင်းသီချင်းလေး ဖွင့်ပါ'

'ရေဗက္ကဝင်းအခွေတော့ မရှိဘူး၊ ဖြူဖြူကျော်သိန်းဖွင့်ပေး မလား၊ ရေဆိုတာကလည်း အဖြူရောင်သန့်သန့်ပဲလေ'

'ဖွင့်ချင်တာဖွင့်ကွာ'

ဝင်းမင်းထွန်းက စိတ်မရှည်ဘဲ အော်လိုက်သည်။ သူ့လွယ် အိတ်ထဲမှ နားကြပ်ကတ်ဆက်လေးထုတ်ကာ သီးချင်းနားထောင်နေ သည်။ စားပွဲထိုးလေးက နွားနို့လာချတော့ နားကြပ်လေးကို ဖြုတ်ပြီး နွားနို့သောက်နေသည်။

ထိုစဉ် ဆိုင်ထဲသို့ ဘိုးတော်ဝတ်စုံနှင့် အသားမည်းကြီး 

www.burmeseclassic.com



တော်တစ်ပါး ဝင်လာပြီး အလှူလိုက်ခံနေသည်။ စိတ်ပုတီးအကြီးကြီး ဆွဲထားကာ မုတ်ဆိတ်မွေးရှည်ရှည်နှင့် ညှင်းသိုးသိုးနိုင်လှသော ဘိုးတော်ပင်။

'သတ္တဝါတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လောဘမီး ဒေါသမီး၊ သောကမီး၊ မောဟမီး၊ ကိလေသာရာဂတဏှာမီး၊ အတ္တမီး ရမ္မက်မီး ငြိမ်းအေးနိုင်ပါစေ၊ ရေလိုအေးပြီး ပန်းလိုမွှေးကြပါစေ'

ဘိုးတော်က မေတ္တာပို့ဆုတောင်းရင်း ဝင်းမင်းထွန်းနား ရောက်လာသည်။

'ဘိုးတော် မီးကို ရေနဲ့ငြိမ်းသတ်နိုင်ပါတယ်'

ဝင်းမင်းထွန်းက အရစ်ရှည်လိုက်ရာ ဘိုးတော်မှာ တွန့်ခနဲ ဖြစ်သွားသည်။

'ရေနဲ့ငြိမ်းလို့မရတဲ့မီးတွေ ရှိပါတယ်'

'ဘိုးတော်ကလည်း မေတ္တာရေစင်ဖျန်းလို့ လန်းဆန်းသွားတာ ပဲ၊ ရေဆိုတာ လူသားတိုင်းအတွက် မရှိမဖြစ်ပဲ၊ ရေအသက်တစ်မနက် ပဲ'

'ဒါပေမဲ့ သားတော်ရေ ရေနံမှ်ရာစီး မီးမြင့်ရာလောင်ပါ'

ကင်တင်းတွင် အရွှန်းနှင့်လှေလှူး မျက်ကလူးဆန်ပြာ တွေကြပြီ။

'ဘိုးတော်ရယ် ဘယ်လောက်ပဲ မီးအားကောင်းကောင်း ရေ များများ သုံးနိုင်ရင် ငြိမ်းပါတယ်၊ မီးများမီးနိုင်၊ ရေများရေနိုင်ပေါ့'

'မငြိမ်းသောမီးတွေ ရှိတယ်ကွဲ၊ လောကမှာ လူတွေရဲ့လောဘ ကြောင့် ဖြစ်ပေါ်လာတဲ့ လောဘမီး၊ အတ္တကြောင့်ဖြစ်လာတဲ့ အတ္တမီး'

'ဘိုးတော်ရာ ခင်ဗျားကြည့်ရတာ တော်တော်တောင် ပူနေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား စိတ်ထဲမှာ ဒေါသမီးတွေ များနေပုံပဲ၊ မေတ္တာရေစင်လေး ဖျန်းသင့်တယ်၊ ခင်ဗျားက တံလျှပ်ကို ရေထင်နေတာပဲ၊ ဂင်္ဂါမြစ်ရေမှာ ခင်ဗျားစိတ်တွေ ဆေးကြောသန့်စင်သင့်တယ်'

'ဟော့ကောင် မင်းမိကျောင်းမင်းကို ရေခင်းလာမပြနဲ့'

'ခက်တာပဲ၊ ခင်ဗျားနဲ့ စကားပြောရတာ အဂ္ဂိုက်ကာစ ပြဿဒ်မီးလောင်ပဲ၊ ခင်ဗျား ရေအကျိုးဆယ်ပါးကို သိသင့်တယ်၊ ဗုဒ္ဓဘုရားကို သောက်တော်ရေကပ်၊ ရေသပ္ပာယ်ဆုတောင်းသင့်တယ်၊ လူ့ဘဝဆိုတာ ရေပွက်ပမာပဲ'

ဘိုးတော်လည်း ဝင်းမင်းထွန်းစကားတွေကြောင့် အူကြောင်ကြောင်ဖြစ်သွားသည်။ ဒါပေမဲ့ လူကြီးပီပီ သူလည်းအလျှော့မပေးချင်သဖြင့် ဆက်လက်ငြင်းခုန်ဖို့ စိတ်ဓာတ်တွေထက်သန်နေသည်။

'ရေက ကောင်းကျိုးပေးတာရှိသလို မပေးတာတွေလည်း ရှိတယ်၊ အချိန်အခါ မဟုတ် မိုးရွာခြင်းကြောင့် ကောက်ပဲသီးနှံတွေ ပျက်ဆီးတယ်၊ ရေကြီးလို့ ကမ္ဘာအရပ်ရပ်မှာ ရေဘေးဒုက္ခသည်တွေဖြစ်ကုန်တာတွေရှိသေးတယ်၊ မင်းတောင် ရေထိုးရောင်းတဲ့ ကြက်သားစားဖူးတာပဲ၊ အချို့က ရေကြည်ရာမြက်နုရာရှာရင်း ရေကြည်လည်းနောက် မြေရာလည်းပျောက်ဖြစ်တတ်တယ်၊ တစ်ခါတလေကျတော့ မပြည့်တဲ့အိုးထဲက ရေဟာ ဘောင်ဘင်ခတ်တတ်တယ်'

'ဘာဗျ၊ ခင်ဗျားက ရေအကြောင်းဘယ်လောက်နားလည်လို့လဲ'

တစ်ယောက်နှင့်တစ်ယောက် ထျှရန်ဖြစ်တော့မည့်သဘော ရှိသဖြင့် ဆိုင်ရှင်နှင့်စားပွဲထိုးများက ဝင်ရှင်းရလေသည်။ ဘိုးတော်လည်း ချော့မော့၍ ပြန်လွှတ်လိုက်ရသည်။ ဝင်းမင်းထွန်းကတော့

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလေးမှ မကျေနပ်။ ပွစိပွစိပြော၍ ကျန်ခဲ့သည်။ အချို့ပိုင်းကကောင်တွေက ဆိုင်ရှင်ဆီသွားပြီး ကက်ဆက်ထဲ သီချင်းခွေတစ်ခွေ ရှာပြီးထည့်လိုက်သည်။

ထွန်းအိမ်ခြွေ၁ဗိုနင်ဘရိတ်ကီတို့ဆိုတဲ့သီချင်း…။

*'မီးနဲ့ရေ ××× ဘာကိုရွေးမလဲ ××× ရေနဲ့မီးနဲ့ကြားမှာ နှလုံးသားလေးက မဆုံးဖြတ်ရဲဘူး'*

*

ကျွန်တော် ဒီတစ်ခေါက် ရိုစီကျင်းနဲ့ တွေ့ဆုံရတာ သိပ်ရှင်ရှင်လန်းလန်းမရှိပါ။ သူမနှင့်တွေ့ရမှာ ပျင်းရိဖွယ်တစ်ခုလို ငြီးငွေ့နေသလားလို့။ နောက်ပြီး ပဟေဠိတစ်ခုလိုဖြစ်နေသလား။

ကျွန်တော်နှင့်ထပ်တူ ရိုစီကျင်းလည်း သိပ်ရှင်ပျမှုမရှိ။ နှစ်ယောက်သား သဘောတရားတစ်ခုအရ တွေ့ဆုံကြသလို ဖြစ်နေရဲ့။ ရိုစီကျင်း မျက်နှာလေး မသိမသာလေးညှိုးငယ်နွမ်းရိနေသလိုပင်။ ကျွန်တော်လည်း သူမဘာဖြစ်နေသလဲ မေးချင်စိတ် သိပ်မရှိ။ သို့ပေမဲ့ ဝတ္ထုရားစကားအချို့ ပြောဖြစ်ကြသည်။

'မရိုစီ တစ်ခုခုကို ခံစားနေရတဲ့ပုံပဲ'

'ဘာမှမဖြစ်ပါဘူး၊ တစ်ခါတလေကျရင် ကိုယ့်ကိုယ်ကိုယ် မတရားဘူး ထင်မိတယ်၊ ရိုစီ အခု တတိယနှစ်ထဲ ဝင်တော့မယ်၊ တက္ကသိုလ်တစ်ဝန်းလုံး နာမည်ဆိုးတွေနဲ့ပဲ ကျော်ကြားနေရတဲ့အဖြစ်ကို တွေးရင်းနဲ့ တစ်နေ့ဝင်ရှုလည်မလား စိုးရိမ်မိတယ်'

'ဒါလေးများ မရိုစီရယ်၊ အချိန်မီ နောက်ဆုတ်လိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ပြီးတာပဲ၊ ကိုယ့်စိတ်ထဲမှာ မပါတော့ရင် ဘာမှဆက်မလုပ်တာ အကောင်းဆုံးပဲ၊ မရိစီက ဘာမှ ဝင်လှည့်စရာမရှိပါဘူး၊ ကိုယ်က တုံ့ပြန်တာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့လေ၊ ဘယ်သူမဆို ကိုယ့်သဘောမကျရင် ငြင်းပယ်ပိုင်ခွင့်ရှိတယ်၊ ပညာပေးတယ်ဆိုတာက လည်း နောက်ထပ်ဒုက္ခမပေးနိုင်အောင် ဦးချိုးပစ်တဲ့သဘောပါ။ မရိစီ ဘက်က အလွန်မရှိပါဘူး၊ ဒါတွေအားလုံးဟာ သမ္မာရိုးကျတွေပါပဲ'

ကျွန်တော်က အကောင်းဘက်ကနေ ရပ်တည်ပြီး ရှင်းပြသည်။

'လွင့်လွင့် ဘာလို့ ရိစီဘက်က လိုက်ပြောရတာလဲ၊ တကယ် ဆို ရိစီက ဆိုးဝါးနေတာပဲ၊ လွင့်လွင့် အပြစ်ကလေးတစ်စက်တလေ လောက်ပြောဖို့ကောင်းတယ်'

'ဩော်... ဘာပြောစရာရှိလို့လဲ မရိစီရယ်၊ လူတိုင်းဟာ ကိုယ့်စိတ်သဘောနဲ့ကိုယ် ရှင်သန်နေကြတာပဲ၊ မရိစီ စိတ်ကို လွင့်လွင့် ဝင်စွက်ဖက်ရင် ကောင်းတာတွေပါလာမယ် ဆိုးတာတွေပါလာမယ်။ ဒါတွေရဲ့နောက်ဆက်တွဲအဖြစ် အမှားတွေအမှန်တွေရောထွေးပြီး တလွဲ တွေ အကြံပေးမိတာတွေဖြစ်လာမယ်၊ အကောင်းဆုံးက စိတ်သာရှင် စေ ဘုရားဟောပဲလေ'

'ရိစီ မှတ်သားထားပါမယ် လွင့်လွင့်ရယ်၊ ရိစီဘဝဟာ တကယ်တော့ ကိုယ့်ကိုယ်ကိုယ်တောင် မပိုင်ဆိုင်နိုင်တဲ့ဘဝလေးပါ'

'ဘာကြောင့်ဒီလိုပြောနိုင်ရတာလဲ'

'လူတစ်ယောက်တိုင်းမှာ အတိတ်ဘဝက အကြောင်းတရား လေးတွေရှိခဲ့တယ်'

'ဟင်... မင်းသိခ်ဝဏ္ဏထဲက စာသားတွေပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အရွှန်းဖောက်တော့ ရှီစီကျွင်း ဆတ်ခနဲပြုံးသည်။ ဖျတ်ခနဲကြည့်သည်။

'ကျွန်တော် မသိချင်လို့ မရဘူးလား'

'ဘာဖြစ်လို့လဲ'

'မရှီစီက ဟိုတစ်ခါလို ဘယ်သူမှ ပြန်မပြောနဲ့လို့ ကတိ တောင်းမယ် မဟုတ်လား'

'ပြန်မပြောတတ်တဲ့သူမို့ ဖွင့်ပြောရတာပါ'

'ဒါဆိုလည်း မြန်မြန်ပြောပါ၊ ကဗျာတစ်ပုဒ် ခံစားသလို နားထောင်ပေးပါ့မယ်'

ကျွန်တော်လည်း လက်လေးထောက်ပြီး ပုံပြင်နားထောင် သလို အမူအရာလုပ်ပြသည်။

'ရှီစီဘဝက ဟိုတစ်ခါသွားတဲ့ ဆင်ခြေဖုံးရပ်ကွက်ထဲက ရှီစီဘဝကလေးပါပဲ၊ အဖေဆုံးပြီး ရှီစီကို အမေကဆင်းရဲတဲ့ဘဝလေး ထဲမှာ သမီးလေးကို မထားနိုင်ဘူးဆိုပြီး ချမ်းသာတဲ့အသိုင်းအဝိုင်း တစ်ခုထဲ ထည့်ပေးခဲ့ပါတယ်၊ ငွေရှိပြီး သားသမီးရတနာရှားပါးတဲ့ လင်မယားနှစ်ဦးက ရှီစီကို အပြီးအပိုင်မွေးစားခဲ့ပါတယ်၊ ဒါပေမဲ့ ရှီစီအမေနဲ့ အစ်ကို့ကို အမြဲသတိရလျက်ရှိပါတယ်'

'ဪ… ဒါကြောင့် မရှီစီ ချမ်းသာတဲ့အသိုင်းအဝိုင်းထဲ ရောက်သွားတာကိုး'

'အခုမွေးစားထားတဲ့ လင်မယားထဲက မယားလုပ်တဲ့ ရှီစီ မွေးစားအမေက အခု အိပ်ယာထဲမှာ ရောဂါဝေဒနာတစ်ခုနဲ့လဲလျောင်း နေရပြီ၊ မွေးစားအဖေကတော့ လွန်ခဲ့တဲ့သုံးနှစ်က ဆုံးပါးသွားပြီ၊ မွေးစားအမေကလည်း အခု မီးစာကုန်ဆီခမ်းသေရမဲ့နေ့ကို မျှော်နေရ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ နာတာရှည်ရောဂါဝေဒနာသည်တစ်ဦး ဖြစ်နေပါပြီ၊ သူတို့က ရိုစီကို အရမ်းချစ်ပါတယ်'

'ဒါဆိုရင် သူတို့ပိုင်ဆိုင်သမျှတွေ မရိုစီကို အကုန်လွဲပြောင်းပေးအပ်ခဲ့မှာပေါ့၊ မရိုစီ ချမ်းသာပြီပေါ့'

ကျွန်တော်က ဝမ်းသာအားရ ပြောပေမဲ့ ရိုစီဂျင်းကတော့ တွေဝေသွားရဲ့။

'ရိုစီ ချမ်းသာပေမဲ့ စိတ်မချမ်းသာခဲ့ပါဘူး'

'ဘာဖြစ်လို့လဲ၊ အခြားသားသမီးတွေ များနေလို့လား'

'မဟုတ်ပါဘူး၊ အဲဒီမွေးစားမိဘတွေမှာ တစ်ဦးတည်းသောသားတစ်ယောက် ရှိတယ်'

'မရိုစီစာတ်လမ်းကလည်း ပုဂံရာဇဝင် တုတ်ထမ်းပြောသလိုဖြစ်နေပြီ'

'ဒီထက်ရှုပ်တာတွေ လာမယ်၊ အဲဒီသားနာမည်က မင်းအောင်ဖိုလ်တဲ့၊ ရိုစီနဲ့ သက်တူရွယ်တူပဲ၊ မွေးစားမိဘနှစ်ပါးက ရိုစီနဲ့သူကို လက်ထပ်ပေးဖို့ သဘောတူထားကြတယ်'

'ကောင်းတာပေါ့၊ ဇိတ်ချင်းဇိတ် ကိုယ့်အိတ်ထဲဇိတ်တာပေါ့'

'ကျေးဇူးရှင် စကားပြောရင် စကားပုံတွေထည့်ထည့်မသုံးပါနဲ့၊ ပြောမဲ့စကားတောင် ဘယ်ချောင်ကပ်သွားသလဲမသိဘူး၊ ရိုစီလည်း မွေးစားမိဘတွေရဲ့ ကျေးဇူးရှိလို့ အဲဒီသူတို့သားကို မငြင်းဆန်ခဲ့ဘူး၊ ရိုစီ ကျောင်းပြီးသွားရင် သူနဲ့လက်ထပ်ရမယ်၊ ရိုစီ စိတ်အရှုပ်ညစ်တာ အဲဒါပဲ၊ ရိုစီ ကျောင်းထဲမှာ ယောကျ်ားလေးတွေရဲ့အလေးညီးတို့ စီဝိုင်းချွေခဲ့တာတွေ အခုမှဝဋ်လည်ခဲ့ပြီ၊ အဲဒီမင်းအောင်ဖုလ်ဟာ မျက်စိရွေစောင်း သွားခေါ်ခေါ်နဲ့ ခြေတစ်ဖက်မသန်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'စောလုံးမင်းရဲ့သား စောယွမ်းအမျိုးဆက်တွေလား မသိဘူး'

ကျွန်တော် နောက်ပြောင်နေသည်ကို ရိုစီကျင်း စိတ်မဆိုးပါ။

'ဒါကြီးကို မရိုစီက လက်မထပ်ချင်ဘူးပေါ့'

'မလွဲသာမရှောင်သာလို့ အခု တကယ်လက်ထပ်ရတော့မယ်လေ'

'သူက အခုဘယ်မှာလဲ'

'ကနေဒါမှာ အလုပ်သွားလုပ်နေတယ်'

'ဟာ… ဒါများ ရိုစီရယ်၊ ဒီလူကို မျက်နှာပလက်စတစ်ဆာဂျယ်ရီလုပ်လိုက်ပေါ့'

'အဲဒီလိုလုပ်ရင်တော့ ရတာပေါ့၊ ဒါပေမဲ့ ရိုစီကမှ သူ့ကိုမေတ္တာမရှိတာ'

'ဟိုရုပ်ရှင်မင်းသားကောင်ကို အခုထိ ရင်ခုန်နေလို့လား'

ကျွန်တော်က သိသိလျက်နဲ့ မေးသည်။

'ပြီးခဲ့တာတွေ ပြီးပါပြီ၊ ပြန်လည်ဆက်စပ်စရာ မရှိတော့ဘူး၊ အခု ကိုမင်းအောင်ဗိုလ်ကို ရိုစီက ချစ်သူတစ်ယောက်အဖြစ် ဘယ်လိုမှရင်မခုန်တာတော့ အမှန်ပဲ၊ ရိုစီ တကယ်လို့ သူ့ကိုလက်မထပ်ရင်လည်း မွေးစားမိဘတွေကို ကျေးဇူးကန်းရာ ကျမယ်၊ ခက်တော့ခက်နေတာပဲ'

'သူကရော ရိုစီကို လက်ခံပြီး ချစ်ရဲ့လား'

'သူက မိဘတွေရဲ့ဆန္ဒကို မလွန်ဆန်တဲ့အပြင် ရိုစီကိုလည်း ချစ်ပါတယ်၊ အဲဒီအချက်ကို ရိုစီက ဘေးကြပ်နံကြပ်ဖြစ်နေတာ၊ နောက်ပြီး မွေးစားအမေရဲ့ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးရမယ်လေ၊ ဒီလိုမှ မလုပ်ရင် ရိုစီ လူမဆန်ဘူးဖြစ်သွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟိုကိုမင်းအောင်ဗိုလ်နဲ့ရော ညှိလို့မရဘူးလား'

'သူ့ကိုသွားညှိရအောင်လည်း ရိုစီမှာ ရည်းစားမှမရှိတာ၊ ရှိရင်လည်း သူက သဘောတူမှာမဟုတ်ဘူး၊ ခုလည်း ကားမောင်းတဲ့အဘကို သူစောင့်ကြည့်ခိုင်းထားပြီး ရိုစီကို အကဲခတ်ခိုင်းနေတဲ့သူ့လူတွေလည်းရှိတယ်၊ တစ်ပတ်ကို သူက ဖုန်းသုံးခါလောက် ဆက်တယ်'

'ဟာ… အဲဒီလောက်တောင်လား၊ ဒါဆို ရိုစီကျောင်းထဲမှာကြောင်တဲ့အကောင်တွေကို ဆော်ပလန်တေးတာတွေ သိမှာပေါ့'

'သိပ်သိတာပေါ့ လွင့်လွင့်ရယ်၊ ဒါတွေဟာ ရိုစီမလုပ်ချင်ဘဲလုပ်နေရတဲ့အရာတွေပါ၊ ထားပါတော့၊ ရိုစီ ကျောင်းပြီးရင် အဲဒီကိုမင်းအောင်ဗိုလ်နဲ့ လက်ထပ်ရတော့မယ် လွင့်လွင့်'

'ဘယ်တတ်နိုင်မလဲ မရိုစီရယ်၊ လူဆိုတာ ကံကြမ္မာစေရာကိုလိုက်ကနေတာပဲ မဟုတ်လား၊ မရိုစီပြောသွားတာတွေက တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းလေးတစ်ပုဒ်ပါပဲ၊ ကျွန်တော်တို့အားလုံးဟာတစ်ဦးနဲ့တစ်ဦး တူကြတာမှ မဟုတ်ဘဲ၊ ပေါက်ဖွားလာတဲ့ မိခင်ဝမ်းချင်းလည်းမတူဘူး၊ ဇီဇချင်းလည်းမတူဘူး၊ ခံစားကြရတဲ့ ဒုက္ခချင်းလည်းမတူဘူး၊ ကိုယ့်အဖြစ်နဲ့ကိုယ် ရှိကြတဲ့ လောကကြီးထဲမှာ ဘယ်သူ့ကိုမှ အပြစ်မတင်တာ အကောင်းဆုံးပါပဲ'

'ရိုစီ သူ့ကိုလက်မထပ်ချင်ဘူး'

'မရိုစီ သူ့ကိုငြင်းပယ်စရာတွေ မများအောင်နေတာအကောင်းဆုံးပဲ'

'ကဲ… ကဲ… ဒါတွေထားလိုက်ပါတော့၊ ရိုစီ ဘာပဲဖြစ်ဖြစ်နေ လွင့်လွင့်ကတော့ ရိုစီရဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက်ပဲနော်'

'ဒါတော့ စိတ်ချပါ၊ အခကြေးငွေမယူဘဲ တိုင်ပင်ပေးပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီး တစ်ခုပြောရဦးမယ်၊ ရိုစီ အရင်လို ယောက်ျား လေးတွေကို ပညာပေးတာတို့ သင်ခန်းစာပို့ချတာတို့ ဆုံးမတာတို့ လက်တုံ့ပြန်တာတို့ မလုပ်တော့ဘူး၊ ဒါတွေဟာ တစ်ချိန်က ပြီးဆုံးခဲ့ ပြီလို့ ရိုစီ သတ်မှတ်ထားမယ်'

'အကောင်းဆုံးပေါ့ မရိုစီရယ်၊ လူမုန်းလည်း မများတော့ဘူး၊ သူများချစ်တာတွေလည်း မခံယူရတော့ဘူး၊ ကောင်းတယ်'

ကျွန်တော်က ရိုစီဂျင်းဘက်က ထောက်ခံအားပေးသည်။

'လွှင့်လွှင့် ရေးထားတဲ့ကဗျာတွေရှိသေးလား'

'ဒီရက်ပိုင်းအတွင်း ကဗျာအသက်ဓာတ်မကြွလို့ မရေးဖြစ် သေးဘူး'

'ရိုစီ ကဗျာတစ်ပုဒ်လောက် ဖတ်ချင်လို့'

'စိတ်ညစ်နေတဲ့အချိန်မှာ ကဗျာမဖတ်ပါနဲ့ မရိုစီရယ်၊ စိတ် ညစ်နေတဲ့အချိန်မှာ မုန့်သွားစားတာ အကောင်းဆုံးပဲ'

'ဟုတ်တယ်၊ ညစ်တာကစိတ်၊ စားတာက ပါးစပ်၊ မတူ ဘူး၊ ဘာသွားစားကြမလဲ'

'ချဉ်ခြင်းတပ်ရရင်တော့ မြေကြီးတွေ ခွာပြီးစားချင်တယ်'

'ပေါက်တတ်ကရ လွှင့်လွှင့်ကလည်း'

ရိုစီဂျင်း ခုမှ အရင်လို ပြုံးနိုင်ရယ်နိုင်တော့တယ်။ ကျွန်တော် တို့နှစ်ယောက် မုန့်စားဖို့ ကန်ဘောင်ပေါ်မှ ဆင်းခဲ့ကြသည်။

ရှစ်မိုင်ရှိ J-8 သွားရင်ကောင်းမလား တိုင်ပင်ကြသည်။ ထိုစဉ် ရိုစီဂျင်း ဟမ်းဖုန်းမှ တတွီတွီမြည်လာတယ်။ ရိုစီဂျင်းလည်း ဖုန်းကို ဖွင့်သည်။

'ဟဲလို… ပြောပါ၊ ရိုစီပါ'

www.burmeseclassic.com

www.burmeseclassic.com



'ရှိစီ' ရှိစီကိုသားကြီးလာအဖော်အခါကသိမ်းဒါအသိမ်းအဆောင်တွေရောပေါ့အခုပါသည့်ကညည်းတန်သန်
မြစ်မြေပယ်ရှိနေထိုမြေကြီးမြေပြန့်ပေါ်ကယ်ပါမိသေစဦးထိုတွေ့ရောက်ရုပ်ပန်းမှာကိုရှိနေတယ်လို့တဲ့'

'ဟုတ်လားရှင့်တဲ့ထက်ဟုတ်'

ရှိစီကျီးကျုံရုံးမြန်းမြန်းကြည့်ကိုသိကိုသည်၍စည်။

'တဲ့ - ကဲလှုပ်လှုပ်ရှော့်ရုန်းဆော်ဆန်ရာဝတ်ရှားဟောကျောအနေအထားအညီစည်း
အသောက်မြေကြီးမြေပြင်ရှိနေတဲ့ပို့တိုက် ရှိရှိက်ချောင်းရုပ်မားလုံးတိုက်ရဲ့ကျိုက်ထိုရှုပ်တွေ့ယွေသေးမယ်'

'ကျွန်တော့်ချစ်ရောက်ရောက်ကလို့ကျော်ဦးရည်းဟောလား'

'ရပါ့ရာမဲ်တဲ့ယထိုအဆိုရုံမြို့ဖြစ် ရိုးဇိါ ရောက်သိုက်သိမ့်ယံကွာအမျှည်စောင်မော့်'

ရှိစီကျိုးကျုံဝံသကွာဖော်ကွာဓိကာစိုးထိုမြေကြီးမြေပြင်မှာကျောက်ချွန်းရေပြင်ဘက်ကွက်
သွားသွားညည်မည့်ကျွန်တော့်တည်သည်ဟာစိတ်ပါနဲ့ခေါ်မှုပိုးရှိစိုးရှိမ်ကျားဆိုရှိစိုးကြိမ်စိတ်
ရှိုးမျှော်မျှော်ကျိုးကြီးချွင့်မှုပြုမြစ်မြေကော်ဝေသောမျက်စေ၏။

ရှိစီကျိုးကျုံးဟာယ်ဝကိုမိန်ကိုခိုင်းလေးရှိုးမျိုးထဲစမ်းပါစ်ဆိုချိန့်ရဲ့လျို
ဝှက်ချက်မှုတွဲရာကွာရေးတစ်ခုထဲသောကျောအချိန်အသစ်အဆေးလာတစ်ခါတစ်ခါအဆုံးတွေကုန်တော့
ရှိသကိုးပြုမှုစပြီးရုပ်ဆုံးသိုးဆိုးဒေသအလေ့ဟောဝဲဘဲပြောမြောင်းကြွန်တော့်တဲ့ဂျီးယံကိုသိတို
ကို ထိုးအကျော်ဖြစ်ကျီးရှိမည်သည့်မည်။

ဘယ်ဆယ်ခေတ်ကချိုးကြောမှာအလို့ခဲ့ ရှိစီကျိုးကြီးချွင်းနှင့် အော်ရုံးမျှော်ရေး
ကျွန်တော့်တို့ရိုက်ကျူကြကျီးကျိုးတွေ့ဝိုင်းဝိုင်းဝင်တိုင်ရှိစီကျိုးကြီးကျင်း
ဘာကိုခံထိုးအဆင်းနှင့် မဖြစ်မြန်ဆိုရသလဲဟုလဲ့ မသူခဲ့ပဝင်တစ်တနေ့အရှိဆ
ကျွန်တော့်ကိုသိုးအားအနေဝှာကောင်းရဲဝန်းသလား။

ကျွန်တော့်ရင်ခုန်ခဲ့ရတဲ့စရိုးစရိုက်ဆိုပ်မြှားတူအကြောင်းပြောပြပါ
မသိအချိန်ကျိုးကြီးကျိုးအဆိုဝှေ့မှုကြွက်လျှော့ပဲခုန့်ခဲ့ရသောရေးဆောင်ရေးအသာလောက
ယေခတ်ဝဲ့ဖြစ်မြန်းကြီးဖြစ်ပြီး သည်သည်ဟာဘာခေတ်ဝတ်ဝတ္ထုတော့ရှိုးဖြစ်ပါ။

ရှိစီကျိုးကြီးကျိုးအဆိုဝှေ့မှုကြွက်လျှော့နေဂျိမ်ဝင်ရာအောင်ထားကြောင်းပြောပြသူတ်ရဲ့သူလေး

www.burmeseclassic.com



ကိုယ်ပိုင်ပိုင်စိုးပိုင်ခွင့်ကျွန်းမှန်းထိုင်ရှိ ရိုးရိုးအသားသားအောင်မြင်ခဲ့တဲ့ကိုကိုချစ်ချစ်ရာတော။ ကျွန်းမျှော်ပိုင်အရှိုးအကိုးဆိုတဲ့တော့ ရာပြည်နှစ်ပုံပြည်စဥ် အချိန်လူစ်ခါနှစ်ခါရှိနှင့်ဖွားမိန်မြှေမိပေ။ ဒါကြောင့်ကြောင့် အခွန်မျှော်မှန်းထည်းဖစည်း ဘုန်းကြုံကြိုးကြောင်နဲ့ခိုက်ခဲ့ရည်းမည်။

ရှိစီကျွန်းကျွန်းချစ်ကျွမ်းကိုနှဲကိုယ်ရာဆိုဘာကိုလူတော်များလုပ်ထောင် အေးအေးစစ်တောင်း ဆုံးဆိုးပေပ်ကျွန်းမျှော်မှန်းနဲ့တွဲနေသူအားပိုမင်ပိုဝင်ပါဝင်ပါ။

ရင်ခုန်ကြိုက်နှစ်ပြိုင်ဆွင့်ပလိုပဲပမျိုးဆိုခိုင် ခိုင်ချွိုင်ဆွင့်ပဝရှိ။မရှိုးအမှိုးအတွေ ရှိုးသိုးသွင့်ရှိုင်မှိုးဖြိုး ကြိုးသွင့်ဆွင့်ပစရှိမရှိ။

လှပမှောဝဲ့နရှင်းချစ်မှုနှိုးသွင့်အားစဉ်ပွစ်ပွင်းသည်ကျွန်းမျှော်နှင့်ဆုံဘောင်းသား ထဲဝွစ်ဝွတ်းမှုန်ကြိုင်ကြိုင်ငါနဲ့ရှိပဲ့ ရှမ်း အွန်းနေစေစေလား။

□ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

'ဟေ့ကောင်… ဓေယျာ မင်း ခုရက်ပိုင်းအတွင်း ရှိစီဂျင်းနဲ့ အတွဲများနေတယ်နော်၊ ကျောင်းထဲမှာရော အဆောင်မှာရော နာမည်ထွက်နေပြီ'

နေသူက အပြစ်တင်တာထက် မနာလိုတာ များနေသော လေသံဖြင့် ပြောသည်။ ခုတင်ပေါ် စာဖတ်နေသော ရဲခေါင်လှိုင်က

'ဟုတ်တယ် ဓေယျာ၊ ရှိစီဂျင်းရဲ့ လှည့်ကွက်ထောင်ချောက်ထဲ မင်းဝင်သွားမှာစိုးလို့ ငါတို့က ပြောနေရတာ၊ ဒီကောင်မက မိန်းမလည်ကွ၊ မင်းလည်း အသိသားပဲကွာ၊ အရင်ဆို သူများတွေတောင် မင်းက တားမြစ်နေကျ၊ ခုမှ ဘာလို့မင်း ရှိစီဂျင်းကို တမ်းတမ်းစွဲဖြစ်နေရတာလဲ'

'ငါတို့က ရိုးရိုးသားသားပါပဲကွာ'

'အေး… အဲဒါ ရိုးရိုးသားသားကနေ ဆန်းဆန်းပြားပြား ဖြစ်မှာစိုးလို့ ငါတို့က သတိပေးနေရတာကွ၊ မင်းက ရှိစီဂျင်းကို ကိုယ်ခရေစီဖြစ်တဲ့ နမိတ်ပုံမှတ်နေလား၊ တစ်ချိန်ချိန်မှာ မင်းကို သူ ရိုက်ချသွားလိမ့်မယ်၊ အဲဒီကျမှ မင်း ရှူးသွပ်သွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



နေသူက မလိုတဲ့သဘောမျိုးနဲ့ပြောသလိုဖြစ်နေရဲ့။ ကျွန်တော်လည်း ကိုယ့်သိက္ခာကို ထိပါးလာတာမို့…

'ဟောကောင် နေသူ၊ မင်း ငါ့ကိုဘာမှဝေဖန်စရာမလိုဘူး။ ငါ့သမိုင်း ငါရေးနေတာ၊ မင်းလိုအခွင့်အရေးယူတဲ့ကောင် မဟုတ်ဘူး'

'ဓေယျာ ငါက မင်းကို စေတနာနဲ့ပြောတာကွ၊ မင်းက မအူမလည်နဲ့'

'တော်တော့ကွာ၊ မင်း ဘာမှဆက်မပြောနဲ့'

ရဲခေါင်လှိုင်က ကြားထဲက ဝင်ဖြေရှင်းရသည်။ အခြေအနေက တင်းမာလာတာကိုး…

'နေသူ မင်းကလည်း အချင်းချင်းတွေကို ဒီလိုမပြောနဲ့လေ၊ ဓေယျာကလည်း အဲဒီလောက်ထိ မညံ့ပါဘူး၊ သူ့ကိစ္စ သူသိပါတယ်'

'ငါက ဒီကောင်တစ်ခုခုဖြစ်မှာစိုးလို့ သတိပေးနေတာပါ'

ကျွန်တော်လည်း ဒေါသစိတ်နဲ့ ရှူးရှူးဒိုင်းဒိုင်းဖြစ်သွားသည်။

'ဆောရီးကွာ၊ ငါ တောင်းပန်ပါတယ်၊ နေသူ မင်းတို့ပြောတာတွေလည်း ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ရှိစီကျင်းဟာ မင်းတို့ထင်သလို မဟုတ်တာတော့ အမှန်ပဲကွာ၊ သူ့စိတ်ဓာတ်ကို ငါ ကောင်းကောင်းသိပါတယ်၊ ငါ့အပေါ်မှာတော့ သူ ဘာမှမလုပ်ပါဘူး'

'ငါတို့က မင်းအတွက် စိုးရိမ်လို့ ပြောတာပါ၊ မင်းဘာမှ မဖြစ်ရင်လည်း ပြီးတာပဲ'

နေသူက စိတ်လျှော့ကာ ကျွန်တော့်ပခုံးကိုဖက်၍ ပြောသည်။

'ဘာပဲပြောပြောကွာ ဓေယျာ မင်းလည်း ရှိစီကျင်းအကြောင်း ငါတို့ထက် ပိုသိချင် သိမှာပေါ့၊ နေသူ့ကိုလည်း အထင်မလွဲပါနဲ့ကွာ၊

www.burmeseclassic.com



စေတနာအနှာအမျိုးလို့သဘောတရားကိုးစပ်ပိုက်ထားတော့ခင်ဗျားတို့ရှေ့မှာရှုံနဲ့တွ
စိတ်စိမ်းခဲ့ကြရပြီပါနဲ့'

'ဒေါ်ညိုဆဲရှိဦးကြွပါ ဗျည်းစည်ခင်းခြေးတို့ဆိုကခင်ဆန်ဝါးမှုဆီဝယ်
ရှိစီရှူးတိုင်းမှုတဝပါးခင်းခြေးတို့ထင်ပိုင်နှိုးဟုခံတှုံဘူးပါ ဖျော်ခိုကိုကို
ငါ့ကိုးငါ့အချိမြဲခြေပြဝယ်ဝယ်လိုင်ဖျွန်ရှိမ်ရန်ဆီခေါ်းခြေးတို့ပြောပြနိုင်ပြီမယ်
'ဒေါ်ရေးပါကျွတ်ကြွခင်းမခံထားရှင်ဖျုပိုဘို ဝိုဖျဲခဲ့တိုဖန်ဆန်နုတွေဘု
ဒါဖြေမှုံမှာတွဲ ကွာလှုံခွင့်ဆိုကျို့စားဆောင်ရွက်ရှိုးကျွေးပြဲခံနိုင်ပါ
ရှိစီရှူးဂျစ်ကိုဆည်းစည်ခင်းဆိုးဘိုးဝါဘာဘိုကသုဆာဗော်ရန်သူတွေတို့
အပျော်ချင်းပြောစုစုစာစောနေရာစပ်ခုဆိုခုလို့ သဘောတရားရှာနေတာ'
'စိတ်ရှိထားပါရွက်ကြည်ဒီအဲဒီရောထဲမှာ ခေါ်ဝေါ်ရှစ်ရာပါဘူးတိုင်တိုင်
မှာ မှုဘူခြင်ကူညီဖို့ချစ်ရတွဲခိုကွပ်ဖိုးယှိကြိုက်ခြေဆံတုဝဘားဆိုးခံနိုင်စား
ပျော်ရွှင်စဖို့ရှေ့မှာခဲ့တွေပြောပြမြဲတွေနေပါပြီခင်'
ကျွန်တော်မတော်ဘူ သည့်ရှင်းရှင်းခိုတွဲ ကိုကာစာဘယ်ခြေခြင်းကြွ
လိုက်မိစဉ်မည်။
'ပြောပြမပြောရပြဲနဲ့ယံ့ခဲ့နေမှာတော့တော့မေဝါတာကျောကြားတော်
လေလေအခြေအနေရောက်ဆော်ဆိုင်းမှုံပြီးနေ ပြီတော်စိတ်ဝပ်ရှိမ်းမျိုးရှိမှာတော့
မြန်မခြံနေအသေရေခေါ်စစ်ဆေးဆိုဘိုကိုကြွသွားပိုင်ရှိပ်ရှာရှေ့ပြန်ပြစ်ဘယ်မို
သွားသူပြအရြေစနေတာယ်'
'ခက်တော်ဝဲတာခဲ့ရှုနေရှူးရှေ့ခဲ့နေတဲ့ထင်တာတည်းဘည်း'
ကျွန်တော်ခံထည့်ဆည်းခင်းခင်းရှိမ်းတွေ့ ကျိုးယ်ရှင်ပါရှင်းချင်းဆိုင်
ကာရုဘာရာဘာတော်စွတ်ရှုပြောခြေည်းစည်။
'ဒါတဲ့ဒါ တော်မွေဝင်ဆောဘာစ်ရှေ့စရန်ညည်းစည်အနဲ့တော်ခင်ခွင့် မြှောက်
ခင်းဖျန်းဖျင်း ရေရှိပိုင်ရှိရှိတ်ရှိဘာဆင်ဖျင်စနေဘူးတို့ရှိဖျော်ရှိုက်ပိုက်ဆောင်နေ
တယ်ဗျာယ်'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်မီကျွန်ုပ်ရောနေတူ့အမှုနဲ့ဆဲ့ဆုံးဝဖြည့်ပြည့်အပြီးနှပြီ'

'ခင်ကေးဂေါ်ထာဒိုင်ကေဒီမင်တင် ထောင်ထည်ထည်ထရေး ရှေးရေးနေတွပကွ၊ ခုအချ မိကူမိတွေတွေ တော့ခဝ်ဘုန်းအမွှေး ဆုံး၁ နောအုိဝင်ပိုဗိန် ထိမ်းသိမ်းမှုနေရ ယပ်ပ ယဲ ဂေဒီမင်တင် တော ဓာတ်ထော်ထော်ကေဝ်မှုဝ်ဆေးဘာ ကျော်ဘုရင်ဘျူးတွေ့တော့ ထိထိပျောင်းချေ့ အနေဝဘန်လက်ပဝ်ရှိရှိ၍ရှိန် တဲ့တုံ့ပဲတွဲပိခေတ်ခေါ်ရှမ် နော့နံသေး'

ရဲခေါင်မင်းတိုင်ကိုဘာသို့ကျိုးဖြှုတ့်ရေရမည့်ကြည့်ပ်အရှုံးပြန်ပြည်သည်။ အချက်မြောလည်ပတ်ညင်းဓင်းချိန်ကျင်း ချိုးကျမ်းမိမူ့သုဒိမသနေ ၁မှုနာသွက…

'အခုံ့အေရှုခဝ်ဘုရင့်အုထဲ မိုမဂေဒီမင်တင်ရှိမီ ကျိုးကျင်းဝ်ပဝ်မဆွည်ကြာည့်ကြီး ဖြိုးချိုပြီး ချိုမီ ကျိုးကျင်းကြီးကြိမ့်ပွဲခံတဲ့ ခင်တော့ တွေ့ညည်စည်ညှိနှုံ့ တုန်သာ ဆယ်ကတ် မြင်းပြိုင်ပြိုင်ကိုး'

ရိုစီ ရှိစီကျင်းယဝ်တော့ဘာမျိုးသာပွဲတွဲ ဂိုကျွန်းရှေးဆက်တောစတော့ တာ ဂေဒီမင်တော့တိုကျွင်နံ့ချုပ်ခဲပြောခြုံကိုပြည်ကြွပ်နိုင်ကြောင်းကော့ဆုံးသ ဒေဝ နောရှုနှသူ တိုးဧပါအပ်တော့ခဝ်တွေ့ခဲ့ရှင်နှ ရုံးဂခေါင်သွင်းပဲ၊၊

'အခုံ့ အိုရုံ ကျိုးကျင်းကြီးကြိမ့်ပွဲခံနေ့အောင်တော့ ပေါ့ချည်စည်ညှိတဲ့ ဝတွဲ တွေ သွားရှင်ပြီပါပြီ'

ရဲခေါင်မင်းတိုင်တော့တွက်ခွင်အသိပုံဆိုင်ပုံ ဗုံနှဲ့ရှဲ့ပုံဘဲ့ပုံပြုံဆော့ခေါ်ချည်သည်။ ဆတ္တဗ်ထော့ဘဲ့ဂ်မြှိုးပြီးကူဆို့ဒွပ်တည့်ထား ဝေသခင်ခင်ခင်ဗာင်။

'နေ၁မှုနာရွှေဆွဲဝ်တော်ခင်ခင်းမြဲ့လအိမ့်ဆောင်နေပြီးရှုပြီလား'

'ဘူမီဆုံးမိရှာနေရှုပဲနေခပ်ဘဝင်ဘွတွဲ့တူ ရဲ၁ူးဝင်ဓါ်ရိုညီရှေ့သင်းအတောဂါး ချွေးပြောထာရက်ရှိပ်ဝဝီပဝ်ဝုပ်နေ့ဝ်ခဲ့နေတဲ့ဂေကိုဗုံ့ရှုံ့ရုံးတော့ ဆင်ဝေနှင်တိုမဲ့လို'

နေ၁မှုနာသူ စိတ်ဘတ်စိုကျိုးကျူးဝိပ်ထိုတော်ဘဲ့ပြောခဲ့ပြည်သည်။

'ရှည်ဘည်မောဘဆော့ဝ်ရဲခြိုပါ်ကျူးဂေ့ကွူဝဲ့ဘိုလျှံ့ဆွဲ့ဘိုလျှော့ဆိုဘိုင်းခဲ့ ထဲ ဆိုကျုံဆော့နှုရှေ့ကျွေးတော့ ဆော်ရင်းဆောင်လိုခိုးဆိုမဲ့မယ်'

www.burmeseclassic.com



ရဲခေါင်လှိုင်က ကပ်စီးနည်းသူပီပီ သူ့အမြင်ကတစ်မျိုး။

'ဒါဆိုရင်လည်းကွာ၊ ငွေရှိတဲ့မုဆိုးမတစ်ယောက်ကို ယူထားလိုက်ပေါ့'

'ချေးသား မင်းယူပါလား'

နေသူနှင့် ရဲခေါင်လှိုင်က တစ်ယောက်ကိုတစ်ယောက် ဖွဲ့နေကြသည်။

ကျွန်တော့်စိတ်တွေကသာ ရိုစီကျင်းဆီ ရောက်နေသည်။

ရိုစီကျင်း ကျောင်းမတက်တာ ဒါနဲ့ပါဆို ငါးရက်လောက်ရှိပြီ။ သူ့အိမ်ကိုလည်း မသွားတတ်။ မသွားတတ်ဆို သိမှမသိတာကိုး။

ဟိုအိမ်ဟောင်းလေးကတော့ သဝ်သပ်ပေါ့ဗျာ။

*

ဒီနေ့ ကောင်းကင်တွင် တိမ်စိုင်တို့ရပ်တန့်နေပြီး သက်တံတွေသည် မှုန်းကောက်တွေဖြစ်နေပြီ။ ကျွန်တော် ရင်ခွင်ထဲ လှိုင်းပုတ်ခံရသော ကမ်းပါးလို ဖြစ်နေသည်။ ရိုစီကျင်း သယ်ဆောင်လာသော နှုတ်ဆက်မှုတစ်မျိုးသည် ကျွန်တော့်ကို နုတ်ဆိုးလက်ဆောင်ပေးသော ဆုလာဘ်တစ်ခုလား။ ရိုစီကျင်းနှင့် ကျွန်တော် ခွဲခွာဖို့ နိဒါန်းပျိုးချေပြီ။

'မရိုစီ မတားသင့်တဲ့အရာကို မတားချင်တာတော့ အမှန်ပဲ၊ ဘယ်အရာကိုမှ ပုံသေကားချပ် တရားသေတွက်ထားလို့ မရပါဘူး၊ မရိုစီကိုတော့ ကျွန်တော် အမြဲတမ်း သတိရနေမှာပါ'

'ရိုစီလည်း စိတ်မကောင်းပါဘူး လွင့်လွင့်၊ အမေ့ကျန်းမာရေးက သိပ်မကောင်းတော့ဘူး၊ ဆရာဝန်ကပြောတယ်၊ တစ်ပ်လောက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ခံတော့မယ်တဲ့၊ အဲဒါကြောင့် မင်းအောင်ဗိုလ် ကနေဒါကနေ ပြန်လာတော့မယ်၊ သူ့အမေကို အနီးကပ်ပြုစုပြီး ရိုစီနဲ့လက်ထပ်မယ်၊ အမေမသေခင်ပေါ့၊ လက်ထပ်ပြီးရင် ဒီကပိုင်ဆိုင်မှုတွေကို တစ်ဝက်လှူပြီး တစ်ဝက်ကို စီးပွားရေးလုပ်ငန်းထဲ ထည့်ပြီး ရိုစီက ကိုမင်းအောင်ဗိုလ်နဲ့ နိုင်ငံခြားကို အပြီးလိုက်သွားရတော့မယ်'

'ကောင်းပါတယ် မရိုစီရယ်၊ မရိုစီ ဘဝမှာ အရမ်းကောင်းသွားတာပေါ့'

'ရိုစီက ကိုယ့်အမိမြေကို မခွဲချင်ဘူး၊ သူနဲ့လည်း မလိုက်သွားချင်ဘူး၊ နောက်ပြီး မချစ်မနှစ်သက်တဲ့သူနဲ့လည်း မယူချင်ဘူး'

'ဒါကတော့ မရိုစီရယ်'

'ကံကြမ္မာဆိုတာက ဘာညာ ဒါပဲပြောမှာ မဟုတ်လား'

ရိုစီဂျင်းက သူ့စကားကို ပိတ်၍ ရွတ်နောက်နောက်လုပ်သည်။

'ကျွန်တော်ကတော့ မရိုစီကို လွမ်းကျန်ရစ်တော့မှာပဲ'

'ကြိုမလွမ်းနဲ့ဦး၊ ဒီက လေယာဉ်ပျံပေါ်က ခုန်ဆင်းပြီး ကျန်ချင်ကျန်ခဲ့မှာ'

'ကနေဒါရောက်ရင် လက်ဆောင်တွေဘာတွေ ပို့ပေးဦး'

ကျွန်တော်က အမျိုးအမည်မသိ ခံစားမှုကို မျိုသိပ်ကာ အရင်လို ပျော်ပျော်ပဲ ရှိကြောင်း ထုတ်ဖော်ပြသနေသည်။

'ရိုစီ မရှိတော့ရင် ကျောင်းတော်ကြီးမှာ ခြောက်ကပ်ပျင်းရိနေမှာပဲ'

'အောင်မလေး သူ့ထက်သူ လှစွမ်းကောင်းတွေ အများကြီးပေါ်ထွက်လာမှာပါ၊ ရိုစီက အခု 'အရွယ်တောင် ကျနေပြီ'

www.burmeseclassic.com

www.burmeseclassic.com



'မထင်ပါနဲ့နော်၊ တော်ကြာ တစ်သားမွေး တစ်သွေးလှလာမှာ'

'မနောက်ပါနဲ့ လွှင့်လွှင့်ရယ်၊ ရှိစီမရှိတော့ရင် ဘယ်သူမှ ရှိစီကို သတိရတော့မှာ မဟုတ်ဘူး၊ တစ်ခါတလေကျရင် တွေးမိတယ်၊ ရှိစီ ရှုံးသွားရင်ကောင်းမယ်၊ အမေကလည်း မွေးကတည်းက အရှုံးမလေး မွေးလာရင် ကောင်းမယ်၊ ရှုံးရင် ဘာမှမသိတော့ဘူး၊ အေးအေးပဲ'

'ပုထုဇနော့ဥမ္မ'

'တော်ပါတော့ ဆရာရယ်၊ ပုထုဇဉ်လည်း တစ်ကောမခေါ်နဲ့၊ ဥမ္မာလည်း တစ်ကောမခေါ်နဲ့၊ CDMA ဖုန်းက မကြားတစ်ချက် ကြားတစ်ချက်ပါ'

ကျွန်တော့်ကို ဆက်မပြောရန် လက်ကာပြသည်။

'လူတိုင်းဟာ အရှုံးတွေချည်းပဲ၊ နည်းနည်းရှုံးတာနဲ့ များများရှုံးတာပဲ ကွာခြားမယ်၊ လွှင့်လွှင့်တောင် အနုပညာရှုံးရှုံးသေးတာပဲ၊ မဟုတ်ဘူးလား'

'အဲဒါ ရှုံးတာမဟုတ်ဘူး၊ ရှုံးသွပ်စွာ ခံစားတာ'

ရှိစီဂျင်းက ခေါင်းကလေးလှုပ်ပြီး ရယ်လိုက်သည်။

'ရှိစီ ကနေဒါမသွားခင် ဒီမှာရှိတုန်း ကောင်းမှုကုသိုလ်တွေ လုပ်မယ်၊ အမေတို့ရပ်ကွက်လေးကို သွားပြီး အမေတို့ အိမ်လေးကို ပြင်ဆောက်မယ်၊ လမ်းကို ကတ္တရာခင်းမယ်၊ ရပ်ကွက်ထဲကလူတွေကို စေတနာအဖြစ် ထမင်းကျွေး အလှူလုပ်မယ်၊ အဝတ်အစားတွေ ပေးမယ်၊ နောက်ပြီး ပရဟိတမိဘမဲ့ကလေးကျောင်းအတွက် စာရေး ကိရိယာတွေ လှူဒါန်းမယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ မှန်မြတ်တာပေါ့ကွယ်'

ကျွန်တော်က ဂေါပကလေသံဖြင့် လေးလေးပင်ပင်ပြောသည်။

'ဘုရားသွားပြီး ငှက်လွှတ်မယ်၊ ငါးလွှတ်မယ်'

'တွေးကြည့်ရင် ပျော်စရာကြီးနော်'

'ဒါပေမဲ့ ရိုစီက ပါးစပ်ကနေပဲ သန္နတွေ ဖြစ်ချင်တာတွေ လျှောက်ပြောနေတာ၊ တကယ့်လက်တွေ့မှာ ဖြစ်လာပါ့မလား'

'ပြောပြန်ပြီ၊ ဘာလို့မဖြစ်လာရမှာလဲ မရိုစီ၊ နောက်နေပြန်ပြီ'

ကျွန်တော်က အတည်ပြောနေတယ်ထင်၍ လိုက်ထောက်ခံနေတာ ရိုစီဂျင်းက မရေမရာတွေနဲ့ ပြန်နောက်နေရဲ့။ မကြာခင်မှာတော့ ပျော်စရာကောင်းတဲ့ နေ့ရက်ကလေးတွေ ပျောက်ကွယ်တော့မှာပါလား။

'မရိုစီ နိုင်ငံခြားမသွားခင် လွှင့်လွှင့်ကို ရည်းစားတစ်ယောက်လောက် ရှာပေးပါလား၊ မင်းသမီးထဲက ဖြစ်ဖြစ်ပေါ့'

'အောင်မလေး ကဗျာဆရာရဲ့၊ ရှင့်ကဗျာတွေသာ မဝွစင်းစာမျက်နှာပေါ် ပါအောင်လုပ်လေ၊ လူသိများလာတဲ့အခါ ရှင့်ကို သဘောကျသူတွေ များလာမှာပေါ့၊ မဟုတ်ဘူးလား'

'ကဗျာကိုပဲချစ်ပြီး လူကိုမချစ်ရင် ဘယ်လိုလုပ်မလဲ'

ကျွန်တော်က ရိုစီဂျင်း မျက်နှာလေးကို တစ်ခါမှ မကြည့်စဖူးလေး ကြည့်ကာ ပြန်မေးသည်။ ရိုစီဂျင်းကလည်း အမှတ်မထင် ကျွန်တော့်ကို တစ်ချက်စူးစူးရှရှလေး ပြန်ကြည့်သည်။ အကြည့်ချင်းစကွန့်အနည်းငယ်ခန့် ကြာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သဘောတရား တစ်ယောက်နားငြည်နေပါပြီ။ ရိုစီကျွင်းက ကျွန်တော့်ကို ကြည့်ရတာ ကာသီးကာဆီးတော့ ဖြစ်နေမှား။

အတာယ်ကြောင့်ဆိုသော် မျက်မှန် ပါဝါထူထူက ဖိတ်ထားတာ တိုး။

'မရိုစီ ကျွန်တော့်ကို ဘာဖြစ်လို့ ယုံကြည်နေရတာလဲ'

'လွှင့်လွှင့်က သူများတွေထက် ခင်စရာကောင်းနေတာကိုး'

'ဒါလောက်ပဲလား၊ လွှင့်လွှင့်က ကြောင်နော်'

'လွှင့်လွှင့်က တခြားယောကျ်ားလေးတွေလို အခွင့်အရေးပေးရင် မယူတတ်ဘူး'

'ထင်လို့ပါ၊ နည်းရင်ရှောင်ပြီး များရင်တော့ မနိုင်မနင်း သယ်တတ်တယ်'

'နောက်ပြီး ရိုစီ လွှင့်လွှင့်ကို ခင်သွားတာ တစ်ချက်ရှိသေးတယ်'

ဘာများဖြစ်မလဲ။ ကျွန်တော် သိချင်စိတ်တွေ ရဲဗတောင်းခတ်သွားရဲ့။ ရိုစီကျွင်း ဖွင့်ဟလာမည့် နှုတ်ခမ်းလေးထဲက စကားတွေကို မျှော်လင့်ရတာ တော်တော်ကြာသွားသည်ဟု ထင်ရသည်။

'လွှင့်လွှင့်က သေသွားတဲ့ ရိုစီ့အစ်ကိုနဲ့တူနေလို့'

သေဟ။

မဆီမဆိုင် သွေးမတော်သားမစပ် ရုပ်ချင်းတူရသလား။

*

www.burmeseclassic.com

www.burmeseclassic.com



အခေါင်မှာ ထမင်းစုစားကြတော့ နေသူပျောက်နေသည်။ ဘယ်တွေအလည်လွန်နေသလဲ မသိ။ ကျွန်တော်နှင့် ရဲခေါင်လှိုင်သာ ထမင်းစားပြီးသွားသည်။ နှစ်ယောက်သား စားပြီးသောက်ပြီးလို့ အခန်းထဲမှာ စာအုပ်ကိုယ်စီ ဖတ်ရင်း နပ်နေကြသည်။ ထမင်းလုံးစီတော်မူနေကြတာပေါ့။

အဲဒီအချိန်မှာ နေသူ ပျာယီးပျာယာနဲ့ ရောက်လာသည်။ ကျွန်တော့်ကိုတွေ့တွေ့ချင်း...

'ဟောကောင်... ဧယျာ မင်းကို သတင်းတစ်ခုလာပေးတာ'

'ဘာလဲ၊ ထူးဆန်းသလား'

'မင်းရဲ့ ရိုစီမဂျင်းကို အပြတ်အသတ် အရှက်ခွဲမလို့ တိုင်ပင်နေတဲ့ အကြံအစည်တချို့ သိလာရလို့'

'ဘာ... ဘယ်လို... ငါနားလည်အောင် ရှင်းပြစမ်းပါဦး'

ကျွန်တော်က အသည်းအသန်မေးမိသည်။

'ဟိုတစ်ခါကွာ၊ ရိုစီဂျင်း ဒေါက်ဖြုတ်ပစ်ခဲ့တဲ့ ခိုင်သစင်နွယ်တို့ မင်းသိလား၊ ပထဝီမေဂျာကလေကွာ'

'သူ ဘာဖြစ်လဲ၊ လင်ယူသွားပြီလား'

'မဟုတ်ဘူး၊ သူက သူ့ဘော်ဒါတွေနဲ့တိုင်ပင်နေတာ ကြားလိုက်ရတာ၊ ခိုင်သစင်နွယ်တို့က ရိုစီဂျင်းကို ကလဲ့စားချေဖို့ ရိုစီဂျင်း ထုတ်ပြန်ထားတဲ့ စာတစ်စောင်လိုလိုနဲ့ ဝါးတားဂေါက်ကို သွားစိန်ခေါ်တယ်၊ နာမည်ကိုတော့ ရိုစီဂျင်း တပ်ထားတယ်၊ ရေနံ့ပတ်သက်ပြီး ရှုနေတာ ဘာညာဆိုပြီး သွားရန်စထားတာ'

'မင်းက ဘယ်လိုလုပ်သိတာလဲ'

'ငါ သူတို့တိုင်ပင်နေတာကို ကြားတာကွ၊ တိုင်ပင်နေတာက

www.burmeseclassic.com

www.burmeseclassic.com



တုဏ္ဍိုင်းဘက်က ရွှေတောင်ပို့တီးဆိုင်မှာ လွယ်တော့မလွယ်ဘူး၊ နိုင်သစင်နွယ်ဆိုတဲ့ ကောင်မကလည်း တော်တော်အညှိုးကြီးတာပဲ၊ မထင်ရဘူး'

'သူ အရှက်ကွဲခဲ့တာကိုး'

ကျွန်တော်လည်း ရိုစီဂျင်းကို အချိန်မီ သတိပေးရမည်။

'နေသူ မင်းသတင်းက သေချာလို့လား'

ရဲခေါင်လှိုင်က မယုံသလိုလို သံသယဝင်သလိုလိုနှင့် မေးသည်။

'သေချာပါတယ်ကွာ၊ အဲဒါ ဗေယျာ ရိုစီဂျင်းကို သတိပေးထားသင့်တယ်၊ ဝင်းမင်းထွန်းက အရှုးနော်၊ တော်ကြာမဖြစ်သင့်တာတွေ ဖြစ်ကုန်ရင် ရိုစီဂျင်း နာမည်ပျက်သွားမှာ၊ ဒီအချိန်မှာ သူ့ကို အရှက်ခွဲချင်နေတဲ့ သူတွေ အများကြီးပဲ၊ တော်ကြာ ကျောင်းပြီးခါနီးမှ ဓာတ်လမ်းတွေ ရှုပ်ကုန်မယ်၊ ဗေယျာ မင်း ပြောထားဦး'

'စိတ်ချပါ၊ ရိုစီဂျင်းက အခုအရင်လိုမဟုတ်တော့ဘူး၊ တော်တော်ကြီးကို ပြုပြင်ပြောင်းလဲသွားပြီကွ၊ ဘယ်ကောင့်ကိုမှ ရက်ရက်စက်စက် ပညာမပေးတော့ဘူး၊ သည်းခံစိတ်နဲ့ ဥပေက္ခာပြုထားနိုင်ပြီ'

'ကောင်းတာပေါ့ကွာ၊ နို့မို့ဆို အသည်းကွဲတဲ့ကောင်တွေ ထပ်နေဦးမယ်၊ အခု ဝါးတားဂေါက်နဲ့ ရိုစီဂျင်း တွေ့ရမှဲ့သဘောဖြစ်နေပြီ၊ ပွဲကြီးပွဲကောင်းပဲကွာ၊ ဘယ်သူသာမလဲတော် လောင်းချင်တာ၊ အဓိက စတာတော့ ရေကြောင့်ပဲ'

ကျွန်တော်လည်း သက်ပြင်းပေါက်စလေး ချထားမိရဲ့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၃)

ရှိစီကျင်းကို သတိပေးရမည်။ နိုင်သစင်နွယ်ဆိုတဲ့ မိန်းမက အငြိုးအတေး အတော်အတန်ကြီးမားပါသည်။ ယခုကျွန်မသည် ရှိစီကျင်းကို အချိန်မီ အကျိုးအကြောင်းပြောပြရတော့မည်။ ရှိစီကျင်းကို ရှာဖွေဖို့ အမှတ်ပြင်း စိုင်းပြင်းရတော့သည်။

ကျောင်းချိန်မှာ ကျွန်တော် ရှိစီကျင်းကို မှတ်တိုင်မှာ စောင့်ငိုင်းနေရသည်။ ရှိစီကျင်း ကားမှတ်တိုင်ကနေ လေးလံနှေးကွေးသော ခြေလှမ်းတွေနှင့် လျှောက်လာသည်။ မျက်နှာကလေးကလည်း ကြည်မသာနဲ့။

'မရှိစီ နေမကောင်းဘူးလား'

'ညည အိပ်မပျော်လို့ စိတ်တွေညစ်နေတာ'

'စိတ်မညစ်နဲ့၊ ကျောင်းစာတွေ ကမောက်ကမဖြစ်ကုန်မယ်၊ စာမေးပွဲက နီးနေပြီ၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲမှတ်ထားလိုက်'

ကျွန်တော်က တတ်သမျှ နှစ်သိမ့်ပေးသည်။ ရှိစီကျင်း မျက်နှာလေးက သုန်သုန်မှုန်မှုန်နဲ့ အလှလေးအချို့ သွေဖယ်နေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



'မရီစီ ကျွန်တော် တစ်ခုသတိပေးစရာရှိတယ်'

'ဘာလဲ၊ နင် မိန်းမယူတော့မလို့လား'

'ဟာ… ဟုတ်ပါဘူးဗျာ၊ မရီစီ ဟိုတစ်ခါ မရီစီနဲ့ အရေ အတင်ဖြစ်ကြတဲ့ နိုင်သစင်နွယ်ကို သိလား၊ ပထဝီမေဂျာက ကွင်း လေ'

'သိတာပေါ့၊ ငါ့ကိုတွေ့ရာသချိုင်း ခွားမဆိုင်း အငြိုးဖွဲ့ထား တာလေ၊ အခု သူ ဘာဖြစ်လို့လဲ၊ ကားတိုက်ခံရပြီး သေပြီလား'

'မဟုတ်ဘူး၊ မရီစီကို သူစောင့်ကြည့်ပြီး မရီစီကို ကျောတ် တွန်းဖို့ ကြံနေတယ်'

ကျွန်တော်က အလောသုံးဆယ် ပြောချလိုက်သည်။

'အောင်မာ ဒီကောင်မကများ တစ်ချိန်ကခံခဲ့ရတာကို မမှတ် သေးဘူးထင်တယ်၊ နေစမ်းပါဦး လွှင့်လွှင့်၊ နင်က ဘယ်ကနေ သိ လာရတာလဲ'

ကျွန်တော်က သူငယ်ချင်းတွေ ပြောပြချက်ကို ပြန်ရှင်းပြ သည်။

'ဒီကောင်မမှာ ငါ့ကိုယှဉ်နိုင်မဲ့ အရည်အချင်းမရှိဝါဘူး၊ နင် ပြောပုံအရဆို ငါပိုလို့တောင် မကြောက်သေး'

'မရီစီကလည်း မကြောက်တာတော့ မကြောက်တာပေါ့ ဒါပေမဲ့ သတိဆိုတာ ပိုတယ် မရှိပါဘူး၊ သူ ခုလိုကြံစည်နေတာတွေ ကို မရီစီသိထားတော့ ပိုကောင်းတာပေါ့'

'အဲဒီဝါးတားဂေါက်ဆိုတဲ့ကောင်က ဘာကောင်လဲ'

'ယဉ်ယဉ်လေးနဲ့ ရူးနေတဲ့ကောင်ပါ၊ ဒါပေမဲ့ အရေပါးဆော် ရေတွေနဲ့ပတ်သက်ပြီး ခရေဇီဂေါက်နေတာ၊ သူ့အဖေက အညာအရှေ

www.burmeseclassic.com



မြို့က၊ အမေကလည်း ရေတာရှည်ဘက်က၊ အခုနေတော့ ပုစွန်တောင်ရေကျော်မှာ'

'ငပေါပဲ၊ ရိစီဂျင်းနဲ့တွေ့ရင် ရေဝဲမိနစ်သွားမယ်'

ရိစီဂျင်းက ကြွေးကြော်လိုက်သေးသည်။

'အင်္ဂလိပ်ဘုရင်ခံကိုတောင် အရှူးတစ်ယောက်က ဓားနဲ့တက်ထိုးသွားသေးတယ်၊ သတိတော့ထားရမှာပဲ'

'ရိစီတော့ သူနဲ့တစ်ခါမှ မကြုံဖူးသေးဘူး'

'ကျွန်တော်တို့တော့ ခဏခဏကြုံဖူးတယ်၊ ဒီကောင်ဝေါက်နေတာက ယဉ်ယဉ်ကလေးနဲ့ ပါးပါးလေးဗျ၊ တွေးခေါ်မှုပိုင်းမှာ မဆိုစလောက်လေး ချို့တဲ့နေတာပဲရှိတယ်'

'ခိုင်သစင်နွယ်နဲ့ ဒီကောင်နဲ့ရော တွေ့ပြီးပြီလား'

'ဒါတော့ မသိဘူး၊ ခုချိန်လောက်ဆို သိပြီးပြီထင်တာပဲ'

'ဖြစ်နိုင်ချေရှိတယ် လွှင့်လွှင့်၊ ခိုင်သစင်နွယ်တို့က Group ထောင့်တယ်၊ မာယာပရိယာယ်တွေ နှစ်သွယ်ယှက်ပြီး ဝါးတားဝေါက်ကို မြှောက်ထိုးပင့်ကော်လုပ်ပေးလိုက်ရင် ရိစီဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာမှာပါ'

ရိစီဂျင်းက အချက်ကျကျ ကြိုတွက်နေသည်။

'ရိစီ... ရိစီဘက်မှာ ကျွန်တော် ရှိနေမယ်နော်'

'လွှင့်လွှင့်နဲ့ မဆိုင်ပါဘူး၊ သစင်မနဲ့ ရိစီကိစ္စတွေပါ၊ လွှင့်လွှင့်ဘားကနေ ပွဲကြည့်ပရိသတ်ပဲ လုပ်နေပါ'

'ပြိုင်ဘက်ကိုတော့ ပေါ့သေးသေး လျှော့မတွက်နဲ့'

'ရိစီဘဝမှာ ပြိုင်ဘက်ကို ခါချပစ်တာပဲရှိတယ်၊ ပြိုင်ဘက်ကလိုက်တွယ်ကပ်နေတာတွေ မရှိဘူး၊ သဘောပေါက်လား'

www.burmeseclassic.com

www.burmeseclassic.com



'နယ်ပိုလီယံတောင် ဝါတာလူးစစ်ပွဲမှာ ရှုံးနိမ့်ခဲ့ဖူးသေးတာပဲ၊ ခရိုစီလည်း အနိုင်မရရင်တောင် အရှုံးတော့ မဖြစ်စေချင်ဘူး'

'ဒါတော့ စိတ်ချပါ၊ ရိုစီ အပွဲပွဲ အနွဲ့နွဲ့ နွဲ့လာတာ ဒီတစ်ခါ လည်း ဘယ်တော့မှ နောက်ကောက်မကျစေရဘူး'

ရိုစီကျင်းသည် သူ့ကိုစိန်ခေါ်သော ပွဲအတွက် ကျေနပ်အားရ နေပုံရသည်။

နိုင်သစင်နွှ်ာ်နှင့်သူသည် ကမ္ဘာကြေသော်လည်း ဥဒါန်း ခေကြဖြစ်နေပုံပဲ။ ဘားရက်အိုဘားမားနှင့် အာမက်ဒီနီဂျက်၊ နဂါးနှင့် ဂျွန်လို ရန်ပြိုးရန်ဘက်တွေပင်။ ဒီပွဲမှာ သူတင်ကိုယ်တင် ယှဉ်ပြိုင်ရ ပေမည်။

'ဝါးတားဂေါက်ကို သတိတော့ထားနော်'

'စိတ်ချပါ၊ ဝါးတားဂိတ်စီမံအရေးတော်ပုံမှာ မြေပုံတွေနဲ့ ဂျင်းစတုန်းစစ်ဆင်ရေးစီမံကိန်းတွေ ရေးဆွဲထားတယ်၊ ရိုစီတို့လည်း ဝါးတားဂေါက်ကို စီမံကိန်းရေးဆွဲပြီး နှိပ်ကွပ်ပစ်ရမယ်'

'အဲဒီလောက်ထိ မလိုပါဘူးဗျာ'

ကျွန်တော်က လွှန်လွှန်ကျူးကျူးတွေဖြစ်မှာစိုးလို့ တားမြစ်ရ သည်။

'ရိုစီ ခုနက မျက်နှာမကောင်းတဲ့အကြောင်းလေး ပြောပြစမ်း ပါဦး'

'မျက်နှာမကောင်းတာက ဒီနေ့ ရိုစီ သနပ်ခါးမလိမ်းလာရ လို့'

'မဟုတ်သေးပါဘူး၊ ဟို… ကိုမင်းအောင်ဗိုလ် နိုင်ငံခြားက ပြန်လာလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး'

'အမေ ကျန်းမာရေးမကောင်းလို့လား'

'အဲဒါလည်း မဟုတ်သေးဘူး'

ရိုစီကျင်းက ဖြူးစေ့စေ့နှင့်ပြန်ဖြေနေသည်။

'အဲဒါဆိုဘာလဲဗျာ'

'ရိုစီ ဝမ်းချုပ်နေလို့၊ ဒါတောင် မှန်အောင်မဖြေနိုင်ဘူး'

'ဒီက အစိုးရိမ်လွန်နေတာကိုး'

ကျွန်တော်က ဖြေချင်ရာ ဖြေပြစ်လိုက်သည်။

*

ကနဦးထပ်ရသတ်

လက်ခုပ်ထဲက လွတ်ကျခါနီးတွေ့ဆုံမှု

မျက်ဝန်းဘုတ်အုပ်ထဲက သင်ခန်းစာ

ဝေါဟာရအနည်းအကျဉ်းနဲ့

သူမကိုတောက်ပစေခဲ့

ရင်ခုန်သံနဲ့ သံပတ်မပေးတတ်ဘူး

အုံ့ပုန်းဘာသာရပ်တွေ တိုးပွားလာပြီ

စံပယ်ရနံ့တစ်ဝက်တစ်ပျက်က

ဝိုးကိုနယ်ချဲ့ခဲ့သပေါ့

လွှင့်ပြိုင်ရာသီဥတုရဲ့ တားစားခံလား

အိပ်မက်တမျှော်တခေါ်က အလွမ်းနဲ့ စာရင်းပိတ်တယ်

သတိရခြင်းတွေ ပုံနှိပ်ထုတ်ဝေထားသော

အကြည့်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ညေးတစ်ဘက်မကျော့လွန်ခင်
ကဗျာတစ်ပုဒ်ကို
ထမ်းလာတက်က
ဆုပ်ဖမ်းလိုက်တယ်။

'ဒါ… ဒါ… ကျွန်တော့်ကဗျာပဲ'

'ဟုတ်ရဲ့လားကွ၊ မင်း ဒီကဗျာ ပါဖူးလို့လား'

ကဗျာဆရာပိုင်ချဉ်က အတင်းမေးတယ်။

'သေချာပါတယ်၊ ကျွန်တော် ဒီကဗျာကို မှတ်မိတယ်၊ ကာကော်ဝေ မဂ္ဂဇင်းကို ပြီးခဲ့တဲ့ နှစ်လလောက်ကတည်းက ကျွန်တော် ကိုယ်တိုင် ပို့ထားတာ၊ ဟိုဗျာ၊ လက်ထောက်အယ်ဒီတာ ဂျယ်လီထိန် ကိုယ်တိုင်_လက်ခံခဲ့တာ'

'အဲဒါ သွားတာပဲ၊ ဒီကောင် ဂျယ်လီထိန်က စာနယ်ဇင်း မဂ္ဂဇင်းလောကမှာ လူရှုပ်ကွ၊ မင်းသားမင်းသမီးတွေကို အင်တာဗျူး သလိုလိုနဲ့ ကပ်ဖားရပ်ဖား လုပ်နေတာ၊ မင်းသားမင်းသမီးတွေဆီ ကဗျာတွေတောင်းပြီး မဂ္ဂဇင်းတွေကိုပို့ စာမူခရရင် သူကဘုန်းပစ်နေ တာ'

စာရေးဆရာပေါက်စ လဝေးကြယ်က ဖော်ကောင်လုပ်သည်။

ကျွန်တော်ကတော့

'ကိုယ့်အနုပညာကို ဦးနှောက်ဖောက်စားတာကို လက်မခံနိုင် ဘူး၊ ကျွန်တော်တို့ ကဗျာဆရာတွေကို ဒီလောကသားတွေ ဝင်ရှုပ်နေ တာကြာပြီ၊ ဒီကိစ္စကို ဖွပစ်မယ်'

'ဟုတ်တယ်၊ ဟောကောင်… မဂ္ဂဇင်းစာမျက်နှာတွေမှာ ဒီ

www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေ ခြေသွက်လက်သွက်နဲ့ ဝင်နေရာယူတာ နည်းနည်းမှ ကြည့်မရဘူး'

ကျွန်တော်က မဂ္ဂဇင်းစာအုပ်ကိုလှန်၍ ကျွန်တော့်ကဗျာကို ပြန်ကြည့်ရာ ကလောင်နာမည်မှာ မင်းသားကောင်းဇော်ဟိန်း ဖြစ်နေသည်။

'ဪ… ငါ့ကဗျာကိုခိုးတဲ့ကောင်က ဒင်းဖြစ်နေတာကိုး၊ တွေ့မယ်'

ကဗျာဆရာပိုင်ချဉ်က သတိပေးသည်။

'ဟေ့ကောင်လေး စွတ်လည်းမလုပ်နဲ့ဦး၊ သိတဲ့တတ်တဲ့ ဝေဖန်ရေးဆရာတွေနဲ့ ငါတိုင်ပင်ပေးပါ့မယ်'

'မင်းသားတွေကလည်း လွန်ပါတယ်ကွာ၊ ကဗျာတစ်ပုဒ်ရေးတာ ဘယ်လောက်ရလို့လဲ၊ ရုပ်ရှင်ကားတစ်ကားစာတောင် မရှိဘူး'

'မင်းကလည်းကွာ၊ ဒါမျိုးကိစ္စတွေက မဂ္ဂဇင်းလောကမှာ မှိုလိုပေါက်နေပြီ၊ လျှင် မင်းလိုပဲခံရတဲ့ကောင်တွေ အများကြီး၊ တချို့ဆို စာတ်တူသားတွေ စားနေကြတာ'

လဝေးကြယ်က ယိုယွင်းနေသော အနုပညာလောကကြီးကို ပြစ်တင်သည်။ ကျွန်တော်လည်း တစ်ခါမှ ဒေါသမထွက်စဖူး ထွက်မိသည်။ ဒါမျိုးကိစ္စတွေက မဖြစ်သင့်ဘူး။ မင်းသားတစ်ယောက်က ကိုယ်တိုင်ကဗျာမရေးနိုင်တာ အပြစ်မဟုတ်။ သူများ ကဗျာကို ခိုးယူ ကူးချပြီး ပုံတူပွား သူ့နာမည်တပ်ပြီး နာမည်ကျော်အောင်လုပ်တာက တကယ့်ရာဇဝတ်မှုအပြစ်။

ဒီကိစ္စကို ရှိစီကျင်းကို ပြောပြီး အကူအညီတောင်းရမည်။ ဖြေသနာရှာရမည်။ ခွင့်လွှတ်လို့မရတဲ့ ကိစ္စတစ်ခုဖြစ်နေပြီ။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လေထန်ကုန်းက ပြန်ထွက်ခဲ့သည်။ ကဗျာဆရာဝိုင်ချည်နှင့် လဖေးကြယ်တ ဘုံဆိုင်သွားဖို့ ခေါ်တာတောင် မလိုက်သွားဖြစ်။

ရိုစီကျွင်းဆီ ချက်ချင်းဖုန်းခေါ်သည်။ ဖုန်းကဆက်သွယ်၍မရ။ ဧရိယာပြင်ပရောက်နေသည်။ တော်တော်လေးကြာမှ ဖုန်းခေါ်လို့ရသည်။

'မရိုစီ ဘာတွေလုပ်နေလဲ'

'ဝါးတားဂေါက်အတွက် စိန်ခေါ်စာ ရိုက်နေတယ်'

'ဝါးတားဂေါက်ဆီက စိန်ခေါ်စာရော ရောက်ပြီလား'

'ရောက်ပြီ၊ လက်နှိပ်စက်နဲ့ ရိုက်ထားတယ်၊ သဇင်မ လက်ချက်ဆိုတာ အရမ်းသိသာလွန်းတယ်'

'ထားပါတော့၊ ပြောစရာရှိတယ်'

'ဘာအကြောင်းလဲ၊ ခြေဆလက်ဆ မပြင်းဖို့ ပြောနေတာလား'

'မဟုတ်ဘူး၊ မရိုစီရဲ့ ငယ်ရည်းစားဟောင်းကြီး ကောင်းဆော်ဟိန်းလေ၊ ကျွန်တော့်ကဗျာတစ်ပုဒ်ကို သူ့ကဗျာလုပ်ပြီး မဂ္ဂဇင်းမှာ ပါလာတာ'

'ဟင်… ဒါ မတရားတာပဲ၊ သူ ကူးယူခိုးချထားတာပေါ့'

'ဟုတ်တယ်၊ အဲဒါ သူ့ကိုပညာပေးဖို့ မရိုစီ ကူညီပါ'

'သူနဲ့ ရိုစီနဲ့ မပတ်သက်တော့တာ ငါးနှစ်လောက်ရှိပြီ၊ ဘယ်လို ကူညီပေးရမှာလဲ၊ လွှင့်လွှင့်တို့ အသိုင်းအဝိုင်းထဲကပဲ လုပ်နေတာ အတိုင်းဖွပေါ့'

'ကျွန်တော်က ကိုယ်ထိလက်ရောက် ပညာပေးချင်တာ'

'ဝါးတားဂေါက်ကိစ္စပြီးရင် ရိုစီ စဉ်းစားပေးပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'တကယ်နော်၊ ဒါကြောင့် မရှိစ်က ခင်ဖို့ကောင်းတာ'

'ဒါပဲနော် တာ့တာ'

ရှိစ်ကျွင်းက ဖုန်းချသွားတော့ ကျွန်တော် စိတ်ထဲ လှိုင်းကလေးတွေ လှုးကာလှုန့်ကာနဲ့ပေါ့။

*

ကန်စပ်မှာ စောင့်နေသူက ရှိစ်ကျွင်း။ ရောက်လာမည့်သူက ဝါးတားဂေါက်။ စောင့်ကြည့်နေသူက ကျွန်တော်နှင့်နေသူ၊ ရဲခေါင်လှိုင်။ တစ်ဖက်က ခိုင်သစင်နွယ်နှင့် သူမ၏ သော်ဒါများ။ နေရာယူထားကာ အင်းလျားကန်ရေပြင်တစ်ခုလုံးကို မျက်စိတစ်ဆုံးကြည့်ရှုနိုင်သော ကန်ရေပြင်စပ်နား။ ရှိစ်ကျွင်းသည် ဘယ်သူ့ကိုမှ ဂရုမစိုက်သော မျက်နှာပေးဖြင့် အဝေးကို ငေးမောနေသည်။ ဝတ်ဆင်ထားသော ထန်းခရမ်းပြာရောင် ဝမ်းဆက်လေးက သူမ၏အသားအရောင်ကို လှပခွဲကြွားစွာ ထင်ဟပ်ဖော်ပြနေရဲ့။ ရှိစ်ကျွင်းမှာ လှပမှုအပေါင်း သရုပ်ဆောင်နေသော ဘုရင်မတစ်ပါးအနေနှင့် အရင်ကဖြစ်တည်ခဲ့ပေမဲ့ အခုတော့ လတ်ပျဉ်းတော်ကျနေတဲ့ အမယ်အိုကြီးတစ်ပါး၏ စိတ်ဓာတ်မျိုးတွေ ဖြစ်နေခဲ့ပြီ။

အရင်ဆို လက်ရဲဇက်ရဲစိတ်မျိုးတွေ မရှိတော့။ သိုင်းလောကမှ အများပဲ့လိုက်သော သိုင်းသမားဟောင်းကြီးကို မှန်ဂိုတွေအား နှိမ်နှင်းနိုင်သာခေါ်သကဲ့သို့ ရှိစ်ကျွင်း အတွင်းအားတွေ အပြည့်အဝ ထည့်ထားပေးသည်။ ခိုင်သစင်နွယ်က သူမကို ရိသဲ့သဲ့စကားမပြောဘဲ ဟန်ပါဝါ ဆန့်ချိုချိုနှင့်သာ တစေ့တစောင်း ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခိုင်သခင်နွယ်လည်း အရင်ကထက် အလှသွေးကြွယ်လှပနေသည်။

ဖြိုင်ဘက်ဖြစ်သော ဝါးတားဂေါက်က မင်းသားတစ်ယောက်လို ဝတ်စားပြီး ရောက်လာလေပြီ။ ဝင်ဝင်လာချင်း ပရိသတ်ကို ဂါရဝမပြုဘဲ တန်းထိုးသော လက်ဖွေ့သမားကဲ့သို့ ရိုစီဂျင်းကို စကားနှင့် လှမ်းတွယ်သည်။

'ရိုစီလေး ရေတွေဘာတွေကော ချိုးလာလား'

'ဟင့်အင်း… ရေမချိုးခဲ့ဘူး၊ မျက်နှာပဲ သစ်ခဲ့တယ်၊ ရေကတော့ ဂင်္ဂါမြစ်ရေပဲချိုးမယ်လို့ စိတ်ဆုံးဖြတ်ထားလို့ပါ'

သောလုံးပွဲကြည့်နေသော ပရိသတ်ကဲ့သို့ ကျွန်သူများ လှုပ်လှုပ်ရွရွဖြစ်လာပြီး

'ဖြောင်း… ဖြောင်း… ဖြောင်း'

ဝါးတားဂေါက် ဘာမှန်းမသိ လက်ခုပ်ထတီးသည်။

'ဒီနေ့ပွဲမှာ ရိုစီက ရေနဲ့ပတ်သက်ပြီး ဆိုးကျိုးတွေပြောမယ်၊ ရှင်ကတော့ ကောင်းကျိုးတွေပြောပေါ့'

'တစ်ယောက်တစ်ခွန်း ပြောကြေးလား'

'အဆင်ပြေသလို ပြောနိုင်ပါတယ်'

'ဟုတ်ပြီ၊ ကျုပ်ကစပြောမယ်၊ အမေရိကန်မှာ ရေသန့်ဗူးတွေ ထုတ်လုပ်နိုင်ရေးအတွက် ရေနံစိမ်းစည်ပေါင်း ၁.၅ သန်းသုံးစွဲခဲ့ရတယ်'

'အဲဒီ ၁.၅ သန်းဟာ ကားစီးရေ ၁ သိန်းအတွက် တစ်နှစ်စာ လောင်စာနဲ့ ညီမျှတယ်၊ ဒါကိုရော ရှင်သိရဲ့လား'

ပွဲဦးထွက် ဝါးတားဂေါက် ခွေသွားရဲ့။

www.burmeseclassic.com

www.burmeseclassic.com



'ရောမခေတ်က ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ခဲ့တယ်၊ ရာစုဝင်ထဲမှာ ပန်ထွာဘုရင်မက သူ့စည်တော်ကြီးကို တီးလိုက်ရင် ရန်ပယ်ချောင်းက ရေတွေဟာ မြင့်တက်လာပြီး ဒွတ္တဘောင်မင်းရဲ့ တပ်တွေကို သိမ်းနုတ်ယူသွားတယ်၊ အိုအေစစ်ဟာ ရေပါပဲ၊ ပင်လယ်သမုဒ္ဒရာကြီးတွေဟာ ကမ္ဘာ့မြေထုထက် ပိုများတယ်၊ ရေစီးရေလာ ကောင်းမွန်မှ မြစ်ချောင်းအင်းအိုင်တွေ ဖွံ့ဖြိုးတိုးတက်လာမယ်'

'ရှင်သိတာ ဒါ အကုန်ပဲလား'

ဝါးတားဂေါက် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

'၂၀ ရာစုမှာ ရေနံကြောင့် စစ်ပွဲဖြစ်ရင် ၂၁ ရာစုမှာ ရေကြောင့် စစ်ပွဲတွေဖြစ်နိုင်တယ်၊ အိန္ဒိယမှာ ယမုံနာ၊ ဂင်္ဂါ၊ နာမဒါ၊ မဟာနဒီ၊ ခရစ်ရှနား၊ ကဗ္ဗာစီမြစ်တွေရှိတယ်၊ ၁၉၉၁မှာ ရေလုပွဲတွေကြောင့် လူတစ်သိန်း အိုးပစ်အိမ်ပစ် ပြေးရဘာယ်၊ ဗုဒ္ဓရာစုဝင်ထဲမှာလည်း ရောဟဏီမြစ်ရေကြောင့် စစ်မက်ဖြစ်ခဲ့ရတာတွေ ရှိတယ်၊ အမေရိကန်နဲ့ မက္ကဆီကိုလည်း ကော်လိုရာဒို မြစ်ရေကြောင့် ပြဿနာဖြစ်ခဲ့ရသေးတယ်၊ ယူဖရိတ်နဲ့ တိုက်ဂရိတ် မြစ်နှစ်သွယ်ဟာ တူရကီနဲ့ အီရတ်တို့က ဦးသူ ယူစတမ်းဆိုပြီး ပြဿနာတက်ဖူးတယ်၊ ဂျော်ဒန်မြစ်ကြောင့် အစ္စရေးနဲ့ ပါလက်စတိုင်း ပဋိပက္ခဖြစ်ခဲ့ဖူးတယ်၊ နောက်ဆိုရင် ကမ္ဘာကြီးဟာ ရေမရှိတဲ့ ကမ္ဘာကြီးဖြစ်သွားမှာ၊ ရေမလုံလောက်တဲ့ ပြဿနာက နှစ်မျိုးရှိတယ်။ ပထမအမျိုးအစားက ရုပ်ပိုင်းဆိုင်ရာအရ ရေတွေဟာကယ်ခမ်းခြောက်ကုန်ခြင်းပဲ၊ အမေရိကန်၊ မက္ကဆီကို၊ မြောက်အာဖရိက၊ အရှေ့အလယ်ပိုင်း၊ ဗဟိုအာရှဒေသ၊ ဩစတြေးလျ အရှေ့တောင်နဲ့ တရုတ်နိုင်ငံမြောက်ပိုင်းတို့မှာ အဲဒီပြဿနာရဲ့ ရင်ဆိုင်

www.burmeseclassic.com



နေရတယ်၊ နောက်တစ်မျိုးကတော့ ရေတွေရှိပေမဲ့ ရင်းနှီးမြှုပ်နှံဖို့ ငွေမရှိလို့၊ စီမံခန့်ခွဲမှု ညံ့ဖျင်းလို့၊ ဒါတွေကတော့ အာဖရိကတိုက် ဆာဟာရတောင်ပိုင်းမှာဖြစ်နေတယ်'

ဝါးတားဂေါက်မှာ ပါးစပ်လေးအဟောင်းသားနှင့် ပြူးကြောင်ကြောင်လေး ဖြစ်နေသည်။

'ရေဘာကြောင့် ရှားလာရသလဲဆိုတဲ့အကြောင်းက လူဦးရေတိုးပွားလာမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ သန့်စင်တဲ့ရေအရင်းအမြစ်များ ရရှိရေး၊ စနစ်တကျ သုံးစွဲရေးအတွက် လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ပျက်ကွက်မှုတွေကြောင့်ပဲ၊ တရုတ်မှာရှိတဲ့ အဓိကဖြစ်ကြီးခုနစ်စင်းမှာ ၅၄ ရာနိုင်နှုန်းဟာ ညစ်ညမ်းနေပြီ၊ အချို့မိုးခေါင်ရေရှားဒေသတွေမှာ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်နိုင်ဖို့ မြစ်ရေကို ရယူသုံးစွဲရင်း တွက်ချက်မှုတွေ မှားကုန်ကြတယ်၊ ရာသီဥတု ပြောင်းလဲမှုတွေကလည်း ရေကိုခမ်းစေပါတယ်၊ ရေခဲမြစ်တွေပျောက်ဆုံးခြင်း၊ ကမ္ဘာ့မြောက်ဖျားဒေသကတောင်တန်းတွေကနှင်းခဲတွေ အရည်ပျော်ခြင်းကလည်း ရေချိုတွေကို ပိုနည်းလာစေတယ်၊ အဲဒီလောက်ဆို ဝတ်လောက်ပါပြီ၊ ရီစီ ဖတ်ထားတာတွေလည်း ကုန်လောက်ပါပြီ'

ရီစီကျွင်းက စကားပြောရတာ မောပန်းလာသဖြင့် စကားစကို ဖြတ်ပြစ်လိုက်သည်။ သူမရင်ဘတ်ကို ဖိကာ မောနေသဖြင့် ကျွန်တော် ရေသန့်ဗူးဖြင့် ရေသွားတိုက်သည်။ ဝါးတာဂေါက်ကတော့ အူကြောင်ကြောင်နှင့် ကောင်းကင်ကို မော့ကြည့်နေသည်။ ခိုင်သင်းနွယ်က တောက်တစ်ချက်ခေါက်ပြီး သူ့အဖွဲ့နှင့်အတူ ထွက်သွားသည်။ နေသူနဲ့ ရဲခေါင်လှိုင်ကလည်း ခေါင်းတွေခါယမ်းပြီး ထွက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရိုစီ ဘာဖြစ်တာလဲ'

'ရိုစီကို ဆေးခန်းပို့ပေးပါ လှှင့်လှှင့်'

ကျွန်တော်လည်း မောလျှနေသော ရိုစီကျင်းကို တွဲ၍ ဆေးခန်း ပို့ရသည်။ ဝါးတားဂေါက်တော့ ဒီအတိုင်း အူတူတူနှင့် ကျန်ရစ်ခဲ့ သည်။

*

'မရိုစီရယ် ဘာဖြစ်လို့ ခုလို ညမအိပ်ဘဲ စာတွေဖတ်နေရတာ လဲ၊ ဝါးတားဂေါက်ကို ယှဉ်ပြိုင်ဖို့ အဲဒီလောက်ထိ မလိုပါဘူး'

ခုတင်ပေါ်တွင် လှဲလျောင်းနေသော ရိုစီကျင်းကခပ်သဲ့သဲ့လေး ပြုံးသည်။ ကျွန်တော်က စိုးရိမ်စွာမေးသည်။

'လှှင့်လှှင့်ရယ် ရိုစီ အားနည်းသွားတာပါ၊ ဘာမှမဖြစ်ပါဘူး'

'နောက်ဆိုရင် ရိုစီ ဘယ်သူ့ကိုမှ မပြိုင်နဲ့တော့နော်'

'အင်း'

ရိုစီကျင်းက ခေါင်းညိတ်ပြသည်။

'ဘယ်ယောကျ်ားလေးကိုမှ ပညာမပေးတော့နဲ့နော်'

'ဒါလည်း ကတိပေးတယ်'

'မရိုစီဘေးမှာ ကျွန်တော် တစ်သက်လုံးရှိနေစေချင်တာပဲ'

'ဒါဆိုရင် ကနေဒါလိုက်ခဲ့လေ'

'မရိုစီတို့ဆီလိုက်ရင် ကျွန်တော်ချစ်တဲ့အနုပညာနဲ့ ဝေးသွား မှာပေါ့၊ ထားပါ၊ မဖြစ်နိုင်တာတွေ မပြောတော့ဘူး'

ကျွန်တော်က စကားစကို ဖြတ်လိုက်သည်။ တကယ်တော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ရှီစီက မကြာခင် ခွဲခွာရတော့မည်လေ။

'လွှင့်လွှင့်··· ဒီရက်ပိုင်းအတွင်းမှာ ရှီစီကို နည်းနည်းဂရုစိုက်နော်'

'ဘာဖြစ်လို့လဲ'

'သွားခါနီးမို့ ရှီစီ မပြုံးပြင်အောင် နေရမယ်နော်'

'ဒါတော့ စိတ်ချ'

ကျွန်တော် ကတိသာပေးလိုက်ရပေမဲ့ ရင်ထဲတော့ မချိဖြစ်သွားသည်။

'လောလောဆယ်တော့ ရှီစီ အနားကောင်းကောင်းယူရလိမ့်မယ်'

'ဝါးတားဂေါက်ကြီး သနားပါတယ်'

'သနားစရာမလိုပါဘူး၊ သူ့ဘာဝနဲ့သူပဲ၊ ဟိုကောင်မမြှောက်ပေးတိုင်း လျှောက်လုပ်နေတာ'

'ဒါတွေ မပြောပါနဲ့တော့၊ ကျန်းမာအောင်သာနေ၊ မရှီစီဘဝက မကြာခင် တိုးတက်ပြောင်းလဲတော့မှာ'

'ဒါတွေမပြောရင်ကောင်းမယ် လွှင့်လွှင့်၊ ရှီစီ ဒီကိုမင်းအောင်ဗိုလ်ကို လက်မထပ်ချင်ဘူး'

'မိဘတွေရဲ့ဆန္ဒကို မလွန်ဆန်ပါနဲ့ မရှီစီရယ်'

ရှီစီကျင်း နှုတ်ခမ်းလေးစူသွားရဲ့။

'ဟိုကဗျာသူခိုးကိစ္စလည်း မရှီစီ ကျန်းမာရေးကြောင့် မဖြေရှင်းနိုင်တော့ဘူး၊ ကိုယ့်ဘာသာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ခေတ်မယ်'

'ကောင်းခော်ဟိန်းဆိုတဲ့ကောင်က အရင်းကတည်းက အကျင့်သိပ်ကောင်းတာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ရှိစီဂျင်းက မျက်မှောင်ကြုတ်လိုက်သည်။

'အားနည်းနေတော့ အားရှိတဲ့အစားအစာ ဘာစားမလဲ မရှိစီ'

'မုန့်ဖက်ထုပ်'

'ဗျာ'

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

'ဟော့ကောင် ဓေယျာ အမြန်ထ၊ အမြန်ထစမ်း'

ကျွန်တော် ညက ကဗျာဖတ်တာ ညဉ့်နက်သွား၍ အိပ်ယာဝင်နောက်ကျရာမှ နေသူတို့လာနှိုး၍ အိပ်မှုန်စုံမွှားနဲ့ ထလာသည်။

'ဟော့ကောင် ဘာဖြစ်တာလဲ၊ နိုးပြီတော့မယ့်အတိုင်းပဲ'

'ထူးဆန်းတာတွေ ဖြစ်နေလို့'

'ဟော… ဘာဖြစ်လို့လဲ၊ အင်းလျားကန်ထဲက ရေတွေကို ရောဝတီမြစ်ထဲ ပို့မလို့လား'

'မဟုတ်ပါဘူးကွာ၊ မင်း… မင်းရှိစီဂျင်း'

'ဟော… ရှိစီဂျင်း ဘာဖြစ်သလဲ၊ ဘာဖြစ်သလဲ'

'ပြောရမှာတော့ စိတ်မကောင်းဘူးကွာ'

ရဲခေါင်လှိုင်က မပြောချင်သည့်ပုံစံနဲ့ ခေါင်းကုတ်၍ ပြောသည်။

'ပြောမှာသာ ပြောစမ်းပါကွာ'

*'ရှိစီဂျင်းလေ၊ ကျောင်းထဲမှာ မင်္ဂလာစိတ်စာတွေ ဝေ*[illegible]

*နေတယ်'*

www.burmeseclassic.com

www.burmeseclassic.com



'ဟေ… ဟာ… ဟုတ်လို့လားကွာ'

'မသိဘူး၊ ဇော်လင်းအောင်ကြီး ငါတို့ကို လာပြောတာပဲ'

'ဟာ… ရှိစီ ဘာတွေဖြစ်ကုန်ပြီလဲ'

'မင်း… မင်း လိုက်သွားသင့်တယ်'

ကျွန်တော်လည်း ချက်ချင်းအဝတ်အစားလဲကာ ဒုန်းစိုင်းသွားရတော့သည်။ ရှိစီဂျင်း ဘာတွေလုပ်နေပြီလဲ မသိ။ ကျွန်တော်တစ်ယောက်တည်း အပြေးသွားရသည်။

ကျောင်းထဲရဲ့တစ်နေရာဖြစ်သော အဓိပတိလမ်းမပေါ်တွင် ရှိစီဂျင်းနှင့်အတူ ဝါးတားဂေါက်ကိုပါတွေ့ရသည်။ ရှိစီဂျင်းက တွေ့သမျှကျောင်းသားတိုင်းကို စာအိတ်ကလေးတွေ လိုက်ဝေနေတာကို တွေ့ရသည်။ ကျွန်တော်လည်း အတင်းပြေးသွားသည်။ ဝါးတားဂေါက်က ရှိစီဘေးနားမှနေ၍ ဖိတ်စာရသူတိုင်းကို ရေသန့်ဗူးတွေ လိုက်ဝေနေရဲ့။

'ရှိစီ ဘာတွေလုပ်နေတာလဲ'

'ဩော်… လွင့်လွင့် အတော်ပဲဟာ၊ ဖိတ်စာလေးဘာလေး ကူကမ်းပေးပါဦး'

'ဘာဖိတ်စာလဲ'

'မင်္ဂလာဆောင် ဖိတ်စာလေ'

'ဗျာ… ကိုအောင်မင်းဗိုလ်နဲ့လား'

'သေချာတာပေါ့၊ လုပ်ပါ လွင့်လွင့်ရယ်'

ရှိစီဂျင်းက သူ့ဖိတ်စာတွေကို ကျွန်တော့်ဆီထိုးပေးသည်။ ကျွန်တော် ရင်ခွင်တစ်ခုလုံး ရှုံ့ကြွသလို ခံစားသွားရသည်။

'မပေးဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'လွှင့်လွှင့် ဘာယ်လိုဖြစ်တာလဲ'

'ကျွန်တော်... ကျွန်တော် မထူးတော့ဘူးဗျာ'

'ဘာဖြစ်လို့ မျက်နှာက ရှုံ့မွဲနေရတာလဲ၊ ဝမ်းမကောင်းလို့လား'

ရိုစီဂျင်းက မျက်လုံးကလေးပြူးပြီးမေးသည်။

'မဟုတ်ဘူး၊ ကျွန်တော် အမှန်အတိုင်းပဲ ပြောမယ်'

'ပြောလေ၊ ရိုစီ နားထောင်နေပါတယ်'

'ရိုစီ ကိုမင်းအောင်ဗိုလ်နဲ့ လက်မထပ်ရဘူး'

ကျွန်တော်က စိတ်ထဲရှိရာ အော်ဟစ်ပစ်လိုက်သည်။

'သူနဲ့လက်မထပ်လို့ မရတော့ဘူး၊ သူ အခုပြန်လာတော့မှာ၊ ရွှေအပတ်လေးယာဉ်နဲ့ သူရောက်လာလိမ့်မယ်'

'ရိုစီကို ကျွန်တော် မခွဲနိုင်ဘူး'

'ဟင်... ရိုစီကိုခွဲရအောင် ထင်းတုံးမှ မဟုတ်တာ'

အရေးထဲ ပြက်လုံးကလေးတွေက ရှုပ်နေသေး။

'ရိုစီကို ကျွန်တော် ချစ်တယ်ဗျာ'

ဝါးတားဂေါက်ပါ မျက်လုံးပြူးသွားသည်။

'ဘာ... ဘယ်လို... ရိုစီကို ချစ်တယ် ဟုတ်လား'

'ဟုတ်တယ် ရိုစီ၊ ဒါ ကျွန်တော် အမှန်အတိုင်းပြောတာပါ'

'နင် ဘာလို့ခုမှလာပြောရတာလဲ'

ရိုစီဂျင်းက ဒေါသည့်စွက်၍ ပြန်ပြောသည်။

'ထင်သားပဲ၊ ရိုစီကို လွှင့်လွှင့် အချိန်တန်ရင် ဒီစကားပြောမှာပဲဆိုတာ၊ ဘာဖြစ်လို့မြဲပြီး အုံပုန်းလုပ်နေရတာလဲ'

'ပြောခွင့်မကြုံတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'အောင်မလေး ရှင်နဲ့ ရိုစီ အမြဲတမ်းတွေ့နေတာပဲ'

'ပြောခွင့်မသာသေးလို့ပါ'

'ရှင် ပြောမထွက်တာ မဟုတ်လား၊ ခု ဘာလို့ပြောထွက်သလဲ၊ ရှင်တို့ယောကျ်ားလေးတွေဟာ အကျဉ်းထဲ အကြပ်ထဲဆိုရင် လျှို့ဝှက်တာတွေ ရိုက်စစ်စရာတောင်မလိုဘူး၊ ရှင်အလာကောင်းဆေမှဲ့ အခါနှောင်းသွားပြီ၊ အခုဖိတ်စာတွေတောင် ဝေပြီးနေပြီ'

'ဗျာ… မရိုစီ ကျွန်တော့်ကို ပြန်မချစ်နိုင်ဘူးလား'

'ကိုဝင်းမင်းထွန်းရေ… လွှင့်လွှင့်ကို ရေတစ်ဖူးလောက် ဒါနပြုလိုက်ပါဦး'

'ဟုတ်ကဲ့'

ဝါးတားဂေါက်က ရေတစ်ဖူးလာကမ်းပေးတော့ ကျွန်တော်စိတ်တွေပိုပေါက်ကွဲထွက်လာကာ ရေဖူးကို လွှင့်ပစ်လိုက်သည်။

'ရိုစီ ကျွန်တော့်ကို အရင်ကတည်းက မချစ်ခဲ့ဘူးမဟုတ်လား'

'ရှင်ကမှ ချစ်တယ် အရင်ကတည်းက မပြောခဲ့ဘဲ'

ရိုစီကျင်းက သူ့စကားကိုနှင်း၍ လိုက်ပြောသည်။

'ကျွန်တော် အခု ချစ်နေမိပြီ'

'ဒါပေမဲ့ ရှင် ရိုစီကို အခု ချစ်လို့မရတော့ဘူး'

'မရရင် ကျွန်တော့်ရင်ထဲက အချစ်ကို ရိုစီအသိအမှတ်ပြုပေးနိုင်လား၊ ဒါလေးတစ်ခုတော့ ပေးစေချင်တယ်'

'ဘယ်လိုလုပ် အသိအမှတ်ပြုပေးနိုင်မှာလဲ'

'ရပါတယ်၊ ရပါတယ်၊ ဒီပွဲမှာ ကျွန်တော် နုလန်ထွေနိုင်အောင် ခံလိုက်ရပါပြီ မရိုစီ၊ ခင်ဗျားလေးရဲ့ လှပတဲ့ပွဲသိမ်းကြိုက်ထွက်

www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်တော့်နှလုံးသားတွေ စုတ်ပြတ်သတ်ထွက်..ဉုံးပြီ၊ ခင်ဗျား ဘဝလေး သာယာပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်'

ကျွန်တော် ချာခနဲ လှည့်ထွက်ခဲ့သည်။ ရင်ထဲမှာတော့ အလို မကျသော ဆန္ဒတွေ ဘောင်ဘင်ခတ်လို့။ နှလုံးသားထဲက တဆစ် ဆစ်ကိုက်ခဲလာပြီး မျက်ဝန်းဆီမှ အခိုးအငွေ့တွေ လွင့်ဝဲလာကာ မျက်ရည်ဆည်တစ်ခုကို တည်ဆောက်မိသွားသည်။

ရှိစီဂျင်းကို ကျွန်တော် ခုမှ နမ္မးတွေ့ဒူးတွေ့ ဆွေးနွေးစရာ မလိုဘဲ သိပ်ချစ်မိသွားတာ။ ဒါပေမဲ့ ကံမကောင်းအကြောင်းမလှခဲ့ ပါဘူး။

✱

ကျွန်တော် ကန်ဘောင်ပေါ်တက်ခဲ့သည်။ တိုက်ခတ်နေသော လေတွေက လေပူတွေဖြစ်နေသလို တွေ့သမျှ မြင်ကွင်းတွေကလည်း မီးတောင်ချော်ရည်ပူတွေ စီးဆင်းနေတဲ့ မြင်ကွင်းတွေပါပဲ။ ကျွန်တော် ရင်ဘတ်တွေ တစ်စစီ ပြုတ်ထွက်မတတ်အောင့်နေပြီ။ မြက်ခင်းစိမ်း တွေက ဆူးညှောင့်တွေထောင်ထားသလား ထင်မိသည်။ ကျွန်တော် ခြေပစ်လက်ပစ် နှလုံးသားပစ်ထိုင်ချလိုက်သည်။

'ကျွီ... ကျွိ... ကွိကျွိ... ကွိကျွိ...'

'အောင်မလေး'

ကျွန်တော် ကလေးကစားစရာ ဘိရုပ်လေးတစ်ခုပေါ် သွား ထိုင်မိ၍ အလှမ်းတွေ လေဟာနယ်ထဲ လွင့်စင်ပြီး အချိုးပြ ကန်ရေ ပြင်ထဲ ငုပ်လျှိုးကုန်၏။ အတွဲလေးတွေကတော့ ထီးကိုယ်စီနှင့် ကြည်နူး

www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ အာကာသထဲက ဥက္ကာပျံအပိုင်းအစတွေ လွင့်ကျပြီး သူတို့ကို ထိပါစေ။ ဒါမှမဟုတ် နေရောင်ခြည်ထဲက ဗိုင်းရပ်စ်တွေ ခင်းတို့ကိုယ်ထဲ အလျှိုလျှို ဝင်ပါစေ။

'လွင့်လွင့် ဘာတွေ စဉ်းစားနေတာလဲ'

ကျွန်တော့်နောက်ကို လှည့်ကြည့်တော့ ရိုစီရှင်း ဖြစ်နေသည်။

'အားလုံးပြီးဆုံးသွားပြီ မရိုစီ'

'မပြီးသေးပါဘူး လွင့်လွင့်၊ ဇာတ်သိမ်းက ခုမှပျိုးတုန်း ရှိပါသေးတယ်၊ ဇာတ်ဦးအစနဲ့ ဇာတ်ကိုယ်ကအကြောင်းတွေ လွင့်လွင့် မသိသေးတာတွေ ရှိနေသေးတယ်၊ ဒါတွေကို ရိုစီ လာရှင်းပြတာ'

'ဘယ်လို'

'ဟုတ်ပါတယ်၊ လွင့်လွင့်ကို တစ်ခါခေါ်သွားတဲ့ ဆင်ခြေဖုံး ရပ်ကွက်ထဲကမိသားစုဟာ ရိုစီနဲ့ ဘာမှမပတ်သက်ပါဘူး၊ ရိုစီ့သူငယ် ချင်းကောင်မလေးက နယ်မှာကျောင်းဆရာမလုပ်နေလို့ ရိုစီက ရံဖန် ရံခါ သွားစောင့်ရှောက်နေတာပါ၊ သူတို့ကလည်း သမီးရင်းလေးတစ် ယောက်လို ဖြစ်နေပါပြီ'

'ဟာ… ဒါဆိုရင် မွေးစားမိဘတွေကရော'

'ဘာမွေးစားမိဘမှ မရှိဘူး၊ ရိုစီ့အဖေနဲ့အမေက နိုင်ငံခြားမှာ ဒီမှာစောင့်ရှောက်ထားတာက အဘွားပါ၊ ကိုမင်းအောင်ဗိုလ်နဲ့လက် ထပ်ရမယ်ဆိုတာ အဖေနဲ့အမေရဲ့ ဆန္ဒပါ'

'မိဘတွေက ဒါဆို ဒီမှာမရှိဘူးပေါ့'

'ဟုတ်ပါတယ်၊ ကိုမင်းအောင်ဗိုလ်နဲ့ သဘောတူထားပေမဲ့ တစ်ဦးတည်းသောသမီးကို မလွှန်ဆန်နိုင်ပါဘူး၊ ကိုမင်းအောင်ဗိုလ်က လည်း ကနေဒါမှာ တခြားမိန်းကလေးတစ်ဦးနဲ့ လက်ထပ်သွားပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါ… ဒါဆို ဒီမင်္ဂလာဆောင်က…'

'ဒါကလည်း ကိုမင်းအောင်ဗိုလ် ရန်ကုန်မှာ ဆွေပြမျိုးပြ မင်္ဂလာဆောင်မှာမို့ စီစဉ်ထားတာပါ၊ ဖေဖေနဲ့မေမေလည်း ပြန်လာမှာပေါ့၊ အဲဒီမင်္ဂလာဆောင်ကျရင် လွှင့်လွှင့် လာရမယ်နော်'

'ဒါဆို ဒီမင်္ဂလာဆောင်ဖိတ်စာ ဝေတာက'

'ကိုမင်းအောင်ဗိုလ်ရဲ့ဦးလေးက တက္ကသိုလ်က သမိုင်းမေဂျာ ပါမောက္ခဖြစ်နေပြီး နောက်ပြီး သမိုင်းမေဂျာတစ်ခုတည်း ဖိတ်စာဝေတာပါ၊ ဖိတ်စာတလည်း ဆရာ ဆရာမတွေကိုပဲ ဝေတာပါ၊ လွှင့်လွှင့် သူငယ်ချင်းတွေက ခလုတ်တိုက်တာကို ဖားပြုတ်ကိုက်တယ်၊ တရုတ် ရိုက်တယ်တွေ ဖြစ်ကုန်ကြတာပေါ့'

'ဩော်… ရှိစီက ကျွန်တော့်ကို ပညာပေးခဲ့တာပေါ့'

'ဒီလိုယူဆလည်း ရပါတယ်'

'နောက်ထပ် ဘာတွေများ လက်သျှောအောင် လုပ်ထားသေးသလဲ'

'အမေအသည်းအသန်ဖြစ်တာတို့၊ ကိုမင်းအောင်ဗိုလ်နဲ့ လက်ထပ်ရမှာတို့ နောက်ပြီး ကနေဒါကို လိုက်သွားရမှာတို့ကလည်း လက်သျှောအောင် လုပ်ထားတာပဲ'

'ဘာဖြစ်လို့ အဲဒီလိုတွေ လုပ်ရတာလဲ မရှိစီ'

'လွှင့်လွှင့်ကို တမင်လှည့်စားချင်လို့၊ နောက်ပြီး ရှိစီအပေါ် ထားတဲ့ လှိုင်လှိုင့်ရဲ့စိတ်ကို အကဲခတ်ချင်လို့၊ လွှင့်လွှင့်ရဲ့ ရိုးသားမှု အရည်အသွေးကို ရှိစီ အသိအမှတ်ပြုပါတယ်၊ ရှိစီ အချစ်တစ်ခုကို သတ်သတ်မှတ်မှတ် ရွေးချယ်ဖို့ ယောကျ်ားလေးတစ်ယောက်ကို မပုံ မရဲ မယုံမကြည်ဖြစ်တာတွေ အရင်ကရှိခဲ့ပါတယ်၊ အခု ရှိစီမှာ

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး၊ အဲဒါ ဘာဖြစ်လို့လဲ သိလား'

'မသိဘူး၊ ကဗျာဆရာကို လှည့်စားချင်တာလား'

ရိုစီကျင်းက လှပသော မျက်ဝန်းလေးနဲ့ ကျွန်တော့်ကို စိုက်ကြည့်ပြီး...

'အဲဒါ လွှင့်လွှင့်ကို ချစ်မိသလို ဖြစ်နေလို့ပဲ'

'ဗျာ'

ကျွန်တော့်ရင်ခွင်ယန္တရားကြီး ပြန်လည် လည်ပတ်ပါပြီ။ တိုက်ခတ်တဲ့ လေပြေတွေကလည်း အေးစိမ့်ကုန်ပြီ။ တွေ့သမျှ မြင်ကွင်းတွေကလည်း စိမ်းလန်းစိုပြေကုန်ပြီ။ ရပ်နေတဲ့ မြက်ခင်းစိမ်းကလည်း နူးညံ့နွေးထွေးလို့။ အလွမ်းတွေ လွှင့်စင်လက်စနဲ့ လွှင့်စင်ပါစေ။ ငုတ်လျှိုးတာတွေ ပြန်မပေါ်လာပါစေနဲ့တော့။ ချစ်သူတိုင်း ကော်ဇောပျံစီးပြီး စကြာဝဠာအထိ ရွက်လွှင့်နိုင်ကြပါစေ။

'တကယ်ပြောတာလားလို့ မမေးနဲ့'

ထိုစဉ် ကန်ဘောင်ပေါ်၌ ဆူညံဆူညံ အသံများကြားရသည်။ ကျွန်တော်တို့သေချာပြန်ကြည့်တော့ ကန်ဘောင်ပေါ်တွင် ရိုက်ကွင်း ပြင်ဆင်နေကြခြင်းပင်။ မင်းသား မင်းသမီး ဇာတ်ပို့ဇာတ်ရံတွေ အစုံ အလင်နှင့် ကန်ဘောင်ပေါ်တက်လာကြသည်။ ကျွန်တော်က မင်းသားကို လှမ်းကြည့်မိသည်။

'ဟာ... မရိုစီ ဟိုမင်းသားက ကောင်းဇော်ဟိန်း မဟုတ်လား'

'ဟာ... ဟုတ်တယ်'

'အတော်ပဲ၊ ကျွန်တော်တို့ကိစ္စ ခဏနေဦး၊ ဒီကောင့်ကို ကဗျာ ကိစ္စနဲ့ သွားရှင်းရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရှိစီ မလိုက်တော့ဘူးနော်'

'ဘာဖြစ်လို့လဲ၊ ရည်းစားဟောင်းနဲ့ ပြဿနာတက်မှာစိုးလို့လား'

'မဟုတ်ဘူး၊ ဟီး… ဟီး… ရှိစီ လိမ်ထားတာ တစ်ခုထပ်ပေါ်လာလို့'

'ဘာဖြစ်လို့လဲ'

ကျွန်တော်က အံ့ဩစွာမေးသည်။

'ဟို… အဲဒီကောင်းဇော်ဟိန်းက ရှိစီရဲ့ ငယ်ရည်းစားဟောင်း မဖြစ်ခဲ့ဘူး၊ ရှိစီ ပါးစပ်ရာဇဝင်တွေ လျှောက်ပြောထားတာ'

'ဟမ်း… ဒါဆို သွားရှင်းလို့ဘာယ်ရမလဲ'

'ဟီး… ဒီအတိုင်းပဲ ထားလိုက်ပါတော့'

BURMESE CLASSIC

ထိုစဉ် ရိုက်ကွင်းမှ ဆူညံသံများ ထပ်ကြားရသည်။ ရှုတင်အရ မင်းသားနှင့် မင်းသမီးရန်ဖြစ်စကားများနေတဲ့ အခန်း ရိုက်နေခြင်း ဖြစ်သည်။ အဲဒီမှာ မင်းသမီးက မင်းသားကို ဒေါသထွက်ပြီး တွန်းပစ်တဲ့အခန်းတွင် မင်းသားမှာ အရှိန်မထိန်းနိုင်ဘဲ ဟန်ချက်ပျက်ကာ ရေထဲပြုတ်ကျသွားသည်။

'ဗွမ်း'

ကျွန်တော်နှင့် ရှိစီကျင်း သဘောကျ၍ တဟားဟားနဲ့ ရယ်မောမိသည်။

ကျွန်တော်က တစ်ခုသတိရသွားပြီး…

'ရှိစီကို လိမ်ထားတာ တစ်ခုရှိတယ်'

'ဘာလဲ ပြော'

'ကျွန်တော် ပြောတဲ့ မေသူနိုင်ဆိုတာလည်း တကယ်မရှိဘူး

www.burmeseclassic.com

www.burmeseclassic.com



မရှိစီကို တမင်လိမ်လိုက်တာပါ၊ ဒါဆို နှစ်ဦးနှစ်ဖက် ကျေသွားပြီ နော်'

'ကြည့်စမ်းပါဦး၊ လောကကြီး ဘယ်လောက်သာယာသလဲ'

ရှိစီကျင်းက ကျွန်တော့်ကို မိုးကောင်းကင်ကြီးထဲ လက်ညှိုးထိုး ပြသည်။ တိမ်စိုင်တိမ်ခဲတွေက ကိုယ့်နည်းကိုယ့်ဟန်နှင့် အရုပ်ကလေး တွေ ဖြစ်အောင် ရေးဆွဲနေကြသည်။

'မရှိစီ ကျွန်တော့်ကို တကယ်ရိုးသားတယ် ထင်သလား'

'မထင်ပါဘူး၊ လူတိုင်းက မရိုးသားကြဘူး၊ ရှိစီကိုယ်တိုင် မုသားတွေ အများကြီးနဲ့ ဘဝမှာကျင်လည်ခဲ့တာပဲ'

'မရှိစီကို ချစ်တဲ့စိတ်နဲ့ ကျွန်တော့်ဘဝမှာ မရိုးသားခဲ့ဘူး၊ ဒါကိုတော့ မရှိစီ လက်ခံပါ'

'ရှိစီကလည်း ရှိစီကိုချစ်တဲ့သူတိုင်းကို အကဲဖြတ်နေတာ၊ အလုံးစုံရဲ့စစ်မြစ်က ရိုးသားမှုပဲ၊ ယောကျ်ားလေးတိုင်းဟာ လိုချင် တပ်မက်မှုတစ်ခုပဲ သိကြတာ၊ ကျန်တာတွေလည်း ဘာမှမရှိဘူး'

ရှိစီကျင်းက လှပစွာ ဖူးပွင့်ပြုံးရွှင်း ပြောသည်။ ကျွန်တော် အမှန်အတိုင်း ပြောရလျှင် ရှိစီကျင်းကို စိတ်လွတ်ကိုယ်လွတ် မချစ်ရဲ သေးပါ။

အခုလည်း ရှိစီကျင်းနှင့် အရင်လို တိုင်ပင်ဖော်တွေပဲ။

'ရှိစီ တစ်ခါတလေ ပေါက်ပေါက်ရှာရှာတွေ တွေးချင်တယ်'

'ဘာလဲ၊ ဘာတွေးမှာလဲ'

'နှင်းဆီပန်းတွေထဲမှာ ဂျင်းမြုပ်ထားရင် ဘာဖြစ်မလဲလို့'

'အသည်းကွဲကျန်ခဲ့တဲ့ မြေစာမြေစိုင်လေးတွေ မှစာကျွဲဟန် မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကဗျာဆရာ ဒါမျိုးကျ ပြောတတ်တယ်'

ကျွန်တော်သည် ရှိစီကျင်းအတွက် သာယာမှုများပေးနိုင်သူ၊ ဆေးဖက်လည်း ဝင်နိုင်သူဖြစ်အောင် အတော်ကြိုးစားရပေမည်။

တော်ပါသေးရဲ့။ နှလုံးသားထဲ ဂျင်းအထည့်ခံရမည့် စာရင်းမှ ပွတ်ကာသီကာလေး ပြုတ်ကျကျန်ရစ်ခဲ့လို့။

ရှိစီကျင်းကို အမြဲတမ်း ချစ်နိုင်ပါစေ။

ချစ်မျှားရှင်

www.burmeseclassic.com